
ILLUSTRATED BY KO SAN

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★ ★

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အိုင်အိုဒင်းကိုကိုကြီးနှင့်...

# အကြည်တော်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၇၇)၊ ၃၈- လမ်း၊ ကျောက်တံတား။
ဖုန်း - ၃၇၉၅၇၃

# ပုံနှိပ်မှတ်တမ်း


အကြည့်တော်စာအုပ်အမှတ်စဉ် (၁၃)
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၉၀၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၃၀၅၀၄

အဖုံးဒီဇိုင်း - ကိုဆန်း
- ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀)
အမှတ်(၇၇)၊ (၃၈)လမ်း၊
ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်း
ပုံနှိပ်သူ - ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်)
အမှတ်(၁၄၀)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်။
အတွင်းဖလင် - ကိုဦးနှင့်ညီများ
စာအုပ်ချုပ် - ကြူကြူမွှေး
ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၀၅ခုနှစ်၊ မေလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၀၀၀ ကျပ်

ရှေးဆရာကြီးများက
လောကဓံ တရားကို ဒိုင်းနှစ်ဖက်နဲ့
ကာကွယ်ရတယ်လို့ ဆိုကြပါတယ်။
ဒိုင်းတစ်မျိုးက ကိုးကွယ်ရာ
ဘာသာတရားဖြစ်ပြီး နောက်ဒိုင်း
တစ်မျိုး ကတော့ ဟာသဖြစ်
ပါသတဲ့။ ကျွန်တော်ကတော့
ဒုတိယ ဒိုင်းဖြစ်တဲ့ ဟာသဉာဉ်နဲ့
ဝတ္ထုတွေကို ပုံစံစုံအောင် ရေးသွား
ချင်တာပါပဲ . . .။

ဒီဝတ္ထုကို ရေးရချင်းအကြောင်း
အရင်းကလည်း စာဖတ်ပရိသတ်
တွေကို ပုံစံ တစ်မျိုးနဲ့ရယ်စေချင်ရုံ
သက်သက်ပါ . . .။တစ်ခြားဘာ
ပယောဂမှ မပါပါဘူး . . .။



# အိုင်အိုဒင်းကိုကိုကြီး နှင့် ဖရဲသီးသုံးလုံး အိမ်မြှောင်သုံးကောင်



ကိုင်းကိုင်း . . .မင်းတို့ကိုပြောလိုက
တော့ ဘာကိုမှယုံကြည်ကြမှာမဟုတ်
ပေဘူး။ တရားခံမိမှပဲ ဖရဲသီးသုံးလုံးနဲ့
အိမ်မြှောင်သုံးကောင်အကြောင်းကို
မြိန်ရေရှက်ရေမေးပြီး အမှုအကြောင်း
စားမြုံ့ ပြန်ကြပေရော့ . . .



**တစ်**နေ့သ၌ ကျွန်ုပ်သည်( နောင်တစ်ချိန် နာမည်ကျော်ဆားပုလင်း တစ်ဦးဖြစ်လာမည့် ) မောင်နှင်းကလေးအား စုံထောက်ခြင်းအတတ် ပညာများကို စာတွေ့ကိုယ်တွေ့များရောယှက်၍ သင်ကြား ပို့ချပေးနေစဉ်ဂါတ်တဲမှ ပြာတာမောင်ပွေး ရေးကြီးသုတ်ပျာနှင့် ရောက်ရှိလာပြီး. . .

“ဒုက္ခတော့များပြီ အဘရေ”

“ဟဲ့. . . ဘယ့်နှယ်ကြောင့်ဒုက္ခများရမှာတုံး”

မောင်ပွေးမှာ စကားကိုဆက်မပြောနိုင်သေးဘဲ အိမ်ခန်းထဲရှိ သောက်ရေအိုးစင်မှရေတစ်ခွက်အား ကမန်းကတန်း ခပ်သောက်လိုက်ပြီး . . .

“အင်းစိန် အနောက်ဘက်ခြမ်းက သူဌေးကြီးဦးရွှေတောအ

သတ်ခံရလို့”

“ဟေ”

“အဲဒါ မင်းကြီးက အဘကိုခေါ်ခိုင်းလို့”

ကျွန်ုပ်လည်းအချိန်ဆွဲမနေတော့ဘဲ အခင်းဖြစ် ပွားရာအင်းစိန် အနောက်ဘက်ခြမ်း သူဌေးကြီးဦးရွှေတောနေအိမ်သို့ တပည့်မောင်နှင်းကိုပါအတွေ့အကြုံရစေရန်အလို့ငှာ ခေါ်ဆောင်ခဲ့ပြီး အလျင်အမြန် ထွက်ခဲ့လေတော့သည်။

( မှတ်ချက်။ ။ ကျွန်ုပ်၏တပည့်ကျော်မောင်နှင်းသည် ကျွန်ုပ်ဖော်ထုတ်ခဲ့သည့်နည်းအတိုင်း နောင်တစ်ချိန်တွင် ကြက်မောက်သီးသုံးလုံးဟူသော အမှုဆန်းကြီးကို ဖော်ထုတ်နိုင်ခဲ့သည် ။)

ကြီးမားကျယ်ဝန်းသောခြံကျယ်ကြီးနှင့်အတူ ဟောင်းနွမ်းခန့်ထည်သော ရဲတိုက်ကြီးသဖွယ် နှစ်ထပ်တိုက်ကြီး။

ကျွန်ုပ်ကိုမြင်သည်နှင့် အိုင်ပီပြောင်ငြင်း ( အမည်အရင်းမှာ အောင်မင်းဖြစ်သော်လည်း ပြဿနာတစ်စုံတစ်ခုဖြစ်လျှင် အမြဲတစေ ပြောင်ငြင်းတတ်သော အကျင့်ရှိသောကြောင့် အိုင်ပီအောင်မင်းအစား အိုင်ပီပြောင်ငြင်းဟုသာတွင်လေသည်)ဟုဆလုဒ်ရိုက်ပြီး. . .

“ပြဿနာကတော့အကြီးအကျယ်ပဲအဘရေ။ကျွန်တော်က တော့ခေါင်းခြောက်နေပြီ။အင်စပက်တော်ကလည်းသေသူဟာမြို့မျက်နှာဖုံးဖြစ်လို့ အမြန်ဆုံးအမှုမှန်ဖော်ထုတ်ပေးရမတဲ့။ မဖော်ထုတ်နိုင်ရင် နားရင်းအုပ်၊ ထုံးသုတ်နေလှန်းပြီး ပတ်ကြမ်းတိုက်မတဲ့ဗျ။ကူညီပါဦး အဘရဲ့”

“အိမ်း. . . ကောင်းပေလေ့။ ပင်ကိုအစွမ်းအစလည်းမရှိ၊ ပြဿနာဖြစ်လျှင် ပြောင်ငြင်းခေါင်းရှောင်နေတတ်ပြီး အမှုမှန်ပေါ်မှနာမည်ကောင်းယူတတ်သော ဤလိုလူမျိုးအားနားရင်းအုပ်၊ ထုံးသုတ်နေလှန်းပတ်ကြမ်းတိုက်တာထက် ခေါင်းကိုလေးကွက်တုံး နန္ဒင်းလုံး နှင့်နယ်ပြီးဈေးအလယ်မှာငါးပုဇွန်ကြားဟုဆိုကာချရောင်းလိုက်သင့်ပေ၏”

ကျွန်ုပ်လည်း သူ၏စကားကိုအရေးမစိုက်ဘဲ. . .

"အခင်းဖြစ်တာဘယ်နေရာမှာလဲ"

အိုင်ပီပြောင်ငြင်းမှာ အံ့ဩဟန်ဖြင့် ကျွန်ုပ်ကိုကြည့်ပြီး. . .

"ဩော်အဘရယ်။အောက်လည်းငုံ့ကြည့်ပါဦး။သေသူရဲ့ လည်ပင်းကိုတောင်တက်နင်းမိတော့မယ်"

ဟုဆိုလိုက်မှ ကျွန်ုပ်လည်း အလန့်တကြားငုံ့ကြည့်ရာ. . .

"ဟဲ့. . . သောက်ပလုတ်တုတ်"

နောက်တစ်လှမ်းထပ်လှမ်းသည်နှင့် လည်စေ့တက်နင်းမိလောက်သည့် သေဆုံးသူ သူဌေးကြီးဦးရွှေတော၏အလောင်း။ ထိုအလောင်းခြေရင်းတွင် တရှုံ့ရှုံ့ငိုကြွေးနေသည့် ဦးရွှေတော၏ ဇနီးနှစ်ဦး။ နောက်သေဆုံးသူ၏လက္ခဏာကြည့်သူကြည့်၊ကွေ့ဗေဒင်တွက်သူတွက်နှင့် သူဌေးကြီးမည်သို့သေဆုံးသည်ကို ခန့်မှန်းတွက်ချက်နေကြသော စီအိုင်ဒီမှနာမည်ကျော်စုံထောက်နှစ်ဦးဖြစ်သူ ခြေဖဝါးမောင်မောင်ကြီးနှင့် သံပြာအောင်မြင့်. . .။

( မှတ်ချက်။ ။ ခြေဖဝါးမောင်မောင်ကြီးဆိုသူသည် ရန်သူနှင့်ရင်ဆိုင်တွေ့သည့်အခါ သူ၏ခြေဖဝါးကို အသုံးပြုတိုက်ခိုက်၍ ရခဲ့သည်မဟုတ်ဘဲ အန္တရာယ်နှင့်ကြုံလာလျှင် သူ၏ကြီးမားကျယ်ပြန့်သောခြေဖဝါးကြီးကိုအသုံးပြု၍ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ထွက်ပြေးတတ်၍ဖြစ်သည်။ သံပြာအောင်မြင့်ဆိုသည်မှာလည်းအကောင်သေးသလောက် စကားပြောလျှင် ယခုခေတ်ဟဲဗီးမက်တယ်အဆိုတော်များဝမ်းချုပ်နေလျှင်၊ အိမ်သာတက်သလိုသွပ်ကိုသံနှင့်ခြစ်နေသကဲ့သို့ လွန်စွာစိတ်ပျက်ဖွယ်အသံမျိုးပိုင်ဆိုင်ထား၍ ဖြစ်ချေ၏။ နောင်တစ်ချိန်ကျွန်ုပ်၏တပည့်ငယ်လေး မောင်နှင်းလေး၏ခေတ်တွင်လည်း ဤကဲ့သို့အလားတူလူမျိုးများနှင့် ခေတ်ပြိုင်ဖြစ်ခဲ့ဖူးလေ၏၊)

ကျွန်ုပ်၏အဖြစ်အပျက်ကိုမြင်သော် ယခင်ကတည်းက ကျွန်ုပ်

၏ကျော်စောတိက္ကမကြီးမားပုံကို မနာလိုမရှုဆိတ်ဖြစ်နေသောခြေဖဝါး မောင်မောင်ကြီးမှ အထပ်တစ်ရာပလာတာရှုံးလောက်အောင် တစ်ရာ့နှစ် ခေါက်ချိုးမျက်နှာနှင့်. . .

“အသက်ကြီးမှဘာတွေဘဝင်မြင့်နေတယ်တော့မပြော တတ်ဘူး။ မိုးမမြင်လေမမြင်ကိုဖြစ်လို့၊ ဒါနဲ့များ နာမည်ကျော်အလွတ်စုံ ထောက်တဲ့။ရယ်ရတယ်ဗျာ။ဟား. . . ဟား. . .”

ဟူသောအပြောကို သံပြာအောင်မြင့်မှ. . .

“ဟုတ်ပ့ါဗျာ။ဒီလိုသက်ကြားအိုမျိုးဘိုးဘွားရိပ်သာမှာသာနေ သင့်တော့တယ်”

ခြေဖဝါးမောင်မောင်ကြီးမှာ ပို၍သဘောကျသွားသလိုတ ဟားဟားရယ်ရင်း. . .

“ဟား. . . ဟား. . . ဟုတ်ပ့ါဗျာ။သက်ကြီးပီပီနှေးကလည်း နှေးကွေးသေး။ဒီမှာကတရားခံတောင်မိတော့မယ်။ဟောဒီမှာကြည့် စမ်းကျုပ်ရဲ့ကြွေဇေဒင်။ပထမအကြိမ်မှာလေးကျတယ်။လေးဆိုတော့ ဗုဒ္ဓဟူး၊နောက်တစ်ကြိမ်ကနှစ်။နှစ်ကတော့တနင်္လာ။ ဗုဒ္ဓဟူးနဲ့တနင်္လာ နံပါတဲ့လူဟာတရားခံအစစ်ပဲ”

ဟုဆိုလိုက်ရာ သံပြာအောင်မြင့်မှအားရဝမ်းသာဖြင့်. . .

“ဟုတ်လိုက်လေကိုမောင်ကြီးရာ။ ကျုပ်သေသူလက္ခဏာကို ကြည့်လိုက်တာ သောကြာဂြိုဟ်ခံ့အားနည်းနေပြီး စနေဂြိုဟ်အား ကောင်းနေတယ်။ဇေဒင်အနေနဲ့ဆိုလည်းကာလကတ္တားဂြိုဟ်ခံ့”

ကျွန်ုပ်လည်းမနေနိုင်တော့။

“ကရကဋ္ဌဂြိုဟ်ခံ့လုပ်ပါမောင်ရာ”

ဟုဆိုလိုက်ရာ သံပြာအောင်မြင့်က ကျွန်ုပ်ကိုမကျေနပ်သလို ကြည့်၍. . .

“ဒါရေးအိန္ဒိယ ဆာဒူးနည်းဗျ။ ဘာမှလည်းမသိဘဲနဲ့ဝင်မ ပြောပါနဲ့”

ဟုဆိုလိုက်ပြီး. . .

"အဲ. . . ဘယ်ရောက်သွားပြီလဲ။ ဩော်. . . ဟုတ်ပြီ။ ကာလကတ္တား ဂြိုဟ်ခုံကနေ မြောက်ဘက်ကိုဦးတည်သွားပြီး မစ္စစပီ လမ်းကြောင်းမှာ ဘုံဘေဘားမားဂြိုဟ်နဲ့သွားဆုံနေတယ်။ အဲဒါကြောင့် ဇာတာအလိုအရ ဒီလူဟာရာဟုဖွားပဲဖြစ်ရမယ်။ ရာဟုဖွားကိုနိုင်တာ ဘာရှိမလဲ"

သံပြာအောင်မြင့်အမေးကို ခြေဖဝါးမောင်မောင်ကြီးမှ အားရဝမ်းသာဖြင့်ရှေ့မှ စားပွဲဖြန်းခနဲပုတ်လိုက်ပြီး. . .

"ရာကွတ်ပေါ့ဗျ။ ရာဟုကိုနိုင်တာ ရာကွတ်ပေါ့။ အရပ်ထဲမှာ ရာဟုထိုးရင် အမြဲအိုးရွက်နေကျဗျ။ ကျုပ်ရဲ့ကြွေဗေဒင်မှာလည်း ဗုဒ္ဓဟူးနဲ့တနင်္လာဆိုတာ ရာကွတ်ဖြစ်လိမ့်မယ်။ ဗုဒ္ဓဟူး က"ရာ"၊ တနင်္လာက "ကွတ်" မဟုတ်ပေဘူးလား"

"ဟုတ်ပါ့ဗျာ။ ဒီတော့. . . ဒီရပ်ကွက်ထဲမှာရာကွတ်ဆိုတာ ဘယ်သူရှိလဲ"

"နွားနို့ပို့တဲ့ရာကွတ် ရှိတယ်လေဗျာ။ ဟုတ်ပါပြီ။ ဒီကောင်ဒီ သူဌေးအိမ်ကိုနွားနို့ပို့နေကျပဲ။ သူဌေးကနွားနို့ပို့မပေးလို့ စိတ်ဆိုးပြီး သတ်လိုက်တာဖြစ်မယ်။ ကဲ. . . အဲဒီတော့ ရာကွတ်ကိုဖမ်းပြီး ရိုက်စစ်လိုက်ရုံနဲ့ ကွိဆိုမိပေါ့"

"ဟုတ်ပါ့ဗျာ။ ကဲ. . . ပြောနေကြာ

**"ကျွန်ုပ်လည်း ဤမျှတုံး 'အ' လှသော တပည့်မောင်နှင်း၏တင်ပါးဆုံကို ဒေါသတကြီး နှစ်ချက်ခန့် ဆင့်ကန်ထည့်လိုက်မိ၏။ 'ဒီလောက်တုံးတဲ့ကောင်။ငါ ... တယ်လေ'"**



တယ်။ အခုပဲသွားဖမ်းပြီး အမြန်ဆုံးရိုက်စစ်လိုက်ရအောင်။ တော်ကြာ ကျုပ်တို့ဖော်ထားတဲ့တရားခံကို တခြားလူတွေ နာမည်ကောင်းယူပြီး ဝင်ဖမ်းသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်”

ဟုကျွန်ုပ်ကိုပါ ဘာမဆိုင်ညာမဆိုင် စောင်းမြောင်းပြောဆိုပြီး သုတ်သီးသုပျာနှင့်နွားနို့ပို့သည့်ကုလားကိုဖမ်းရန်ထွက်ခွာသွားကြလေသည်။ သူတို့ထွက်သွားမှ တပည့်မောင်နှင်းလေးက မကျေမနပ်ဖြင့်. . .

“ဘာလို့သည်လောက်သည်းခံနေတာလဲ အဘဆရာရယ်။ ကျွန်တော်သာဆို လက်သီးနှစ်လုံးလောက်တော့ လက်ဆောင်ပေးလိုက်မိမှာပဲ”

မောင်နှင်းလေး၏စကားကြောင့် ကျွန်ုပ်ပြုံးမိ၏။

“မလိုပါဘူးတပည့်ရာ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်သွားတာပါ။ကိုင်း. . . သေသူကိုကြည့်ရအောင်”

ဟုဆို၍သေသူ သူဌေးကြီး ဦးရွှေတောကိုကြည့်လိုက်ရာလည်ပင်းတွင် ညိုမည်းနေသောဒဏ်ရာနှင့် မျက်လုံးပြူးထွက်နေပြီး လျှာလည်းထွက်နေသည်။ မသေဆုံးမီမချိမဆံ့ခံစားသွားရပုံမျိုး။ ကျွန်ုပ်လည်းသေဆုံးသူကိုကြည့်ပြီး တပည့်မောင်နှင်းလေး၏စုံထောက်တို့ တတ်အပ်သောစူးစမ်းမှု အစွမ်းကိုသိလိုသဖြင့်. . .

“ကိုင်း. . မောင်နှင်း. . သေသူကိုကြည့်ပြီးမင်း. . ဘယ်လိုဘယ်လိုကောက်ချက်ဆွဲမလဲ. . .”

မောင်နှင်းလေးမှာ တပည့်ကောင်းပီပီ မဆိုင်းမတွပင်. . .

“လည်ပင်းမှာညိုမည်းနေတာဆိုတော့ ဓားနဲ့ထိုးတာတော့မဟုတ်နိုင်ဘူး”

“နင့်မေကလိန်း။ လည်ပင်းမှာညိုမည်းနေမှတော့ ဓားနဲ့ထိုးတာဖြစ်ပါ့မလား ငါဖင်ပိတ်ကန်လိုက်ရ. . .”

ကျွန်ုပ်ငေါက်ငမ်းလိုက်သဖြင့် မောင်နှင်းမှာမျက်လုံးကလေး

ကလယ်လယ်နှင့်ဖြစ်သွား၏။

"ကဲ. . . နောက်သေချာတဲ့ထင်မြင်ချက်ကို ထပ်ပြော"

ဤတစ်ကြိမ်တွင် မောင်နှင်းသည် မှားသွားမည်စိုးရိမ်၍လား မသိ။ ဖင်ကို လက်ဖဝါးနှစ်ဖက်နှင့်ကာပြီး. . .

"သူဌေးကြီးက မိန်းမနှစ်ယောက်ယူထားတာဆိုတော့ တစ်ယောက်ကမယားငယ်ပေါ့"

မောင်နှင်းအဖြေကြောင့် ကျွန်ုပ်မှာပို၍ဒေါသဖြစ်သွားပြီး

"တယ်လေ. . . ငါပိတ်ကန်ထည့်လိုက်ရ။ မိန်းမနှစ်ယောက်ယူထားမှတော့ တစ်ယောက်ကမယားငယ်ပေါ့ကွ။ ငါပြောတာအမှုနဲ့ပတ်သက်တာကိုပြောခိုင်းတာ"

မောင်နှင်း၏မျက်နှာမှာ ဆီးရွက်လောက်သာကျန်တော့၏။ ကျွန်ုပ်လည်းသူ့ကိုကြည့်ပြီး ပို၍အားမလိုအားမရဖြစ်လာကာ. . .

"ဆက်ပြော သေသူနဲ့ပတ်သက်ပြီး မင်းရဲ့ထင်မြင်ချက်"

ကျွန်တော်ဒေါသထွက်နေပြီကိုသိသောမောင်နှင်းမှာ အထစ်ထစ်အငေါ့ငေါ့ဖြင့်. . .

"ဟုတ်. . ဟုတ်ကဲ့။ သေဆုံးသူသူဌေးကြီးဟာ အင်မတန်သတ္တိကောင်းပုံရတယ်"

ကျွန်ုပ်စိတ်ဝင်စားသွား၏။ဒီကောင်မဆိုး။

"ဘာဖြစ်လို့လဲ"

ကျွန်ုပ်အနည်းငယ်စိတ်ပြေသွားပြီကိုသိသော မောင်နှင်းမှာ အနည်းငယ်အားတက်လာပြီး. . .

"အဘဆရာကြည့်လေ။ သူသေတဲ့အထိ သူ့ကိုလည်ပင်း ညှစ်သတ်တဲ့လူကို မျက်လုံးပြူးပြီး လျှာထုတ်ပြသွားသေးတယ်"

ကျွန်ုပ်လည်း အလွန့်အလွန်ဒေါသထွက်သွားသဖြင့်. . .

"ဟေ့ကောင်. . မင်းဘာစကားပြောတာလဲ"

မောင်နှင်းမှာကြောက်ကြောက်လန့်လန့်ဖြင့်. . .

"ခင်ဗျာ"

"ကျွန်. . . ကျွန်တော်. . သူ. . သတ်. . သတ်. . . "

"တိတ်"

"ဟုတ်. . . ဟုတ်ကဲ့"

မောင်နှင်းမှာ ကြောက်လွန်း၍ ဒူးများပင်တဆတ်ဆတ်တုန်သွား၏။

"မင်းမှတ်ထား၊ မျက်လုံးပြူးပြီးလျှာထွက်တာ လည်ပင်းညှစ်ရင်ခံမှုတာကွ. . . "

"ခင်ဗျာ. . သူဌေးကြီးဦးရွှေတောကို မျက်လုံးပြူး၊ လျှာထွက်လောက်အောင်လည်ပင်းညှစ်သတ်တာ ဦးခံမှုတာ ဟုတ်လား"

"အား. . . ဒီကောင်ကွာ. . . ကိုင်း"

"ဖုန်း. . ဖုန်း. . . "

"အောင်မလေး ကြောက်ပါပြီအဘဆရာရဲ့"

ကျွန်ုပ်လည်း ဤမျှတုံး'အ'လှသော တပည့်မောင်နှင်း၏တင်ပါးဆုံကို ဒေါသတကြီး နှစ်ချက်ခန့် ဆင့်ကန်ထည့်လိုက်မိ၏။

"ဒီလောက်တုံးတဲ့ကောင်။ ငါ. . . တယ်လေ"

ဟုဆိုပြီး မောင်နှင်း၏နားရွက်ကို ဆွဲပြီး. . .

"လာ. . . ဒီမှာကြည့်၊ သေသူရဲ့ဘယ်ဘက်နံကြားမှာခြေရာတစ်ခုတွေ့လား"

"ဟုတ်. . . ဟုတ်. . . တွေ့ပါတယ်"

"အဲဒီခြေရာကို ကြည့်ခြင်းအားဖြင့် သေဆုံးသူနဲ့လူသတ်တရားခံဟာ မသေခင်သတ်ပုတ်ခဲ့ပုံရတယ်။ မဟုတ်ဘူးလား"

ကျွန်ုပ်၏စကားကို မောင်နှင်းအဖြေမပေးမီ အိုင်ပီပြောင်ငြင်းမှ. . .

"မဟုတ်ဘူးအဘ၊ အဲဒီခြေရာဟာ ခုနတုန်းကခြေဖဝါးမောင်မောင်ကြီး အဘလိုပဲ မော့တော့မော့တော့နဲ့ဝင်လာပြီး ချော်နင်းသွား

တာ. . .”

အိုင်ပီပြောင်ငြင်း၏အဖြေစကားကြောင့် ကျွန်ုပ်လည်းရှက်ကိုးရှက်ကန်းဖြင့်. . .

“အဲဒီလိုဆိုလည်းပြီးရော မင်းတို့အဲဒီလိုနမော်နမဲ့ မလုပ်နဲ့လေကွာ. . .”

အိုင်ပီပြောင်ငြင်းကိုငေါက်ငမ်းလိုက်ပြီး အခန်းတွင်းဝေ့ကြည့်ကာ. . .

“ဟောဟိုမှာတွေ့လား။ ဖရဲသီးအခွံတွေ။ အဲဒီဖရဲသီးအခွံတွေကြည့်ခြင်းအားဖြင့် သေသူနဲ့တရားခံဟာ ယခင်ကသိဟောင်းကျွမ်းဟောင်းတွေဆိုတာ သိသာတယ်။ ဘာ့ကြောင့်လဲဆိုတော့ မကြာသေးတဲ့အချိန်က သူတို့နှစ်ဦး ကြည်ကြည်နူးနူးနဲ့ ဖရဲသီးအတူထိုင်စားခဲ့ကြတာဖြစ်မယ်. . .”

ကျွန်ုပ်၏စကားကို အိုင်ပီပြောင်ငြင်းမှပင်. . .

“အဲဒါလည်းမဟုတ်သေးဘူးအဘ။ အဘတို့မရောက်ခင်လေး သံပြာအောင်မြင့်ကအသံဝင်နေလို့ဆိုပြီး ဖရဲသီးသုံးလုံးတရှမ်းရှမ်းနဲ့ဟောလိုခွဲပြီးတော့ထိုင်စားသွားတာ. . .”

အိုင်ပီပြောင်ငြင်းစကားကြောင့် အရှက်ကြီးသောကျွန်ုပ်အဖို့ပို၍အရှက်ရစေလေသည်။ သို့သော် သက်ရင့်ဆရာပီပီ အလျှော့မပေးသေးဘဲ. . .

“ဒါတွေသက်သေခံပစ္စည်း ဖြစ်ချင်ဖြစ်မှာပေါ့။ပစ္စလက်ခတ်မလုပ်ပါနဲ့။ ကိုင်း. . မောင်နှင်းဟောဒီမှာဆက်ကြည့်။ သေသူဟာအင်္ကျီအဝတ်အစား ဘာမှမဝတ်ထားပုံထောက်ရင် သူဟာရန်သူလာမှာကို ကြိုသိလို့ခုခံကာကွယ်ဖို့ အသင့်စောင့်နေတာဖြစ်ကိုဖြစ်ရမယ် . . .”

ဤတွင်သေသူ၏ခြေရင်းတွင် ထိုင်နေသောမိန်းမနှစ်ဦးအနက် တစ်ဦးမှငိုနေရင်း. . .

"မဟုတ်ပါဘူးရှင်။ သူခုနလေးမှအပြင်ကနေ အရက်မူး ရောက်လာပြီးဒီမှာလဲကျ။ ပြီးတော့ ကျွန်မကိုအကျီချွတ်ပေးပူတယ် ဆိုလို့ ကျွန်မပဲပေါဟာဒီလက်နဲ့ချွတ်ပေးခဲ့တာပါ. . ."

ဟုဆိုပြီး ငိုသံဖြင့်ဆက်၍. . .

"ဟီး. . . အစ်ကိုကြီးရယ် အဖြစ်ဆိုးလှချေလား။ သေတာ တောင်ကြွေဗေဒင်တွက်သူကတွက်၊ လက္ခဏာကြည့်သူကကြည့်၊ တလွဲ တွေလာပြောသူကပြောနဲ့။ အစ်ကိုကြီးကိုသတ်သွားတဲ့လူကတော့ ဖင်ခါ ပြီးလျှောက်ကနေရင်တောင် ဒီလိုစုံထောက်စုတ်တွေ၊ သက်ကြား အိုအဘိုးကြီးတွေက ဒီတစ်သက် ဖမ်းမိတော့မှာမဟုတ်ပါဘူး။ အောင် မလေး။ အဖြစ်ဆိုးလှချည့်လား အစ်ကိုကြီးရ"

ဟုပြောလည်းပြော ငိုလည်းငို ကျွန်ုပ်တို့ကိုလည်းသိက္ခာချနေ ပြန်သဖြင့် များစွာအရှက်ရလေသည်။ ကျွန်ုပ်လည်းမည်သို့မည်ပုံလုပ် ရမည်မသိဘဲ ဘေးဘီဝဲ့ကြည့်လိုက်ရာ အိမ်နံရံတွင်မီးသွေးခဲနှင့်ရေး ထားသောစာကြောင်းတစ်ကြောင်း။

ထိုစာကြောင်းကိုမြင်သော် ကျွန်ုပ်၏ဦးခေါင်းထဲတွင် ပဟေဠိ များမြောက်မြားစွာတိုးဝင်လာလေသည်။ ကျွန်ုပ် ရုတ်ခြည်းတည်ကြည် သွားပုံကိုကြည့်ပြီး တပည့်ကလေးမောင်နှင်းမှာ ဇဝေဇဝါဖြင့်နံရံမှစာ တန်းကိုဖတ်ကြည့်လိုက်သည်။

"ဖရဲသီးသုံးလုံး အိမ်မြှောင်သုံးကောင်"

"ဖရဲသီးသုံးလုံး အိမ်မြှောင်သုံးကောင်တဲ့ ဘာအဓိပ္ပာယ်လဲ အဘ"

ကျွန်ုပ်လည်းသက်ပြင်းကိုလေးတွဲ့ချပြီး လွန်စွာတည်ကြည် သောလေသံဖြင့်. . .

"မောင်နှင်း. . . သေသူရဲ့ညာဘက်လက်မောင်းကိုကြည့် စမ်းအိမ်မြှောင်သုံးကောင် ခေါင်းချင်းဆိုင်ပုံရှိရဲ့လားလို့"

မောင်နှင်းသည်ကျွန်ုပ်၏စကားကို မယုံတစ်ဝက်ယုံတစ်ဝက်

နှင့်သေသူ၏လက်မောင်းကိုကြည့်လိုက်ရာ. . .

"ဟာ. . . ဟုတ်ပါ့အဘရေ။ အိမ်မြှောင်သုံးကောင်ခေါင်းချင်းဆိုင်နေတဲ့ပုံရှိတယ်ဗျ"

"အဲဒီအိမ်မြှောင်သုံးကောင်မှာဘာထူးခြားလဲ"

မောင်နှင်းကလေးမှာ အိမ်မြှောင်သုံးကောင်ကို အသေအချာကြည့်ပြီး. . .

"နှစ်ကောင်ကအစ်မဖြစ်လောက်တယ် ဘာဖြစ်လို့လဲဆိုတော့ အဲဒီအိမ်မြှောင်နှစ်ကောင်က တင်ပါးနည်းနည်းကြီးနေတယ်။ ဟုတ်ပါပြီ။ ဒါကြောင့်သူဌေးကြီးဦးရွှေတောဟာ မိန်းမနှစ်ယောက် ယူထားတာဖြစ်မယ်"

မောင်နှင်း၏စကားကြောင့် ကျွန်ုပ်မှာဒေါသထွက်ပြီးလျှင်. .

"တယ်လေ. . . ဒီကောင်. . . ငါ. . ဖင်ပိတ်ကန်ရမကောင်းရှိရော့မယ်။ အိမ်မြှောင်သုံးကောင်ဘာအရောင်လဲမေးနေတာ"

မောင်နှင်းမှာ ကြောက်ကြောက်လန့်လန့်ဖြင့်. . .

"အနီတစ်ကောင်၊ အစိမ်းတစ်ကောင်၊ အနက်ကတစ်ကောင်ပါ. . ."

ကျွန်ုပ်လည်းလေးလေးနက်နက်စဉ်းစားပြီးမှ ရင်ခေါင်းသံနှင့်ညည်းတွားရင်း. . .

"အင်းသေချာပါပြီ"

ဤတွင် လွန်စွာစပ်စုတတ်သောတပည့်မောင်နှင်းသည် ကျွန်ုပ်အနားရောက်လာပြီး. . .

"ဘာတွေသေချာနေတာလဲ အဘ"

ကျွန်ုပ်လည်းချက်ချင်းအဖြေမပေးသေးဘဲ သက်ပြင်းကို လေးတွဲ့တွဲ့ ဟန်ပါပါသမာဓိချ ချရင်း. . .

"ပြောရရင်တော့ အရှည်ကြီးပေါ့ကွာ"

မောင်နှင်းမှာသိလိုဇောဖြင့်

"လမ်းထိပ်ကကွမ်းယာရောင်းတဲ့အရှည်ကြီးလား"

ကျွန်ုပ်လည်း ဒေါသထွက်သွားပြီး. . .

"တယ်လေ. . ဒီကောင်တော့ ငါလုပ်လိုက်ရမကောင်းရှိရော့မယ်။ ငါပြောတာကိုတိတ်တိတ်ကလေး နားထောင်"

မောင်နှင်းမှာ ကြောက်ကြောက်လန့်လန့်ဖြင့်. . .

"ဟုတ်. . . ဟုတ်ကဲ့"

သူငြိမ်သွားတော့မှ ကျွန်ုပ်လည်းစကားကို ထပ်ဆက်ရလေတော့သည်။

"အိမ်း. . . သူဌေးကြီးဦးရွှေတောဟာ အမှန်တော့အိမ်မြှောင်သုံးကောင်ဂိုဏ်းကပေပဲ"

"ဗျာ. . . အိမ်မြှောင်သုံးကောင်ဂိုဏ်း ဟုတ်လား"

"အိမ်း. . ဟုတ်တယ်ကွ။ သူ့လက်မောင်းကအရုပ်ဟာ အိမ်မြှောင်သုံးကောင်ဂိုဏ်းရဲ့တံဆိပ်ပေပဲ။ အိမ်မြှောင်သုံးကောင်ဂိုဏ်းသားတွေဟာ အဆင့်သုံးဆင့်ခွဲထားတယ်ကွယ့်။ ပထမအဆင့်အနေနဲ့ ကိုယ်ခံပညာကုံလုံအောင်တတ်ရင် အိမ်မြှောင်အနက်၊ ဒုတိယအဆင့် သူတို့အခေါ်အဝေါ်အရ စိတ္တဒုက္ခလို့ခေါ်တဲ့ အတွင်းစိတ်နှင့်လှည့်ဖြားနည်းကိုတတ်ရင်အိမ်မြှောင်အနီ၊ တတိယအဆင့် လက်စားချေကျွမ်းကျင်အဆင့်အနေနဲ့ အိမ်မြှောင်အစိမ်းဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့်ထိုးခဲ့ရတာပေါ့ကွယ်"

"ဟင်း. . . ဒါဆိုဒီသူဌေးကြီးဦးရွှေတောဟာ အဆင့်မြင့်အိမ်မြှောင်သုံးကောင်ဂိုဏ်းသားပေါ့နော်. . . "

အိုင်ပီပြောင်ငြင်း၏ ကြားဖြတ်အမေးကို ကျွန်ုပ်ကဖြေရန်ကြံရွယ်ကြည့်ကြည့်နေချိန် ငိုနေသောအမျိုးသမီးတစ်ဦးက. . .

"ဘယ့်နှယ်အိမ်မြှောင်သုံးကောင်ဂိုဏ်းသားရမှာတုံး။ တမြန်နှစ်ကတင်ပွဲဈေးမှာ အရက်မူးပြီး ကျွန်မကိုဘာအရုပ်ထိုးရင် ကောင်းမလဲဆိုပြီးမေးလို့ ကျွန်မကပဲ အိမ်မြှောင်ပုံထိုးချင်ထိုးလို့ပြောလိုက်လို့

မူးမူးရူးရူးနဲ့ အိမ်မြှောင်သုံးကောင်အရောင်စုံထိုးခဲ့တာပါတော်။ သူတို့နဲ့တွေ့မှပဲ အိမ်မြှောင်ဂိုဏ်းသားဖြစ်ရတော့တယ်”

ဟုဆိုလိုက်လျှင် ကျန်တစ်ယောက်မှာလည်း အားကျမခံ. . .

“ဟုတ်ပတော်ကျုပ်နဲ့ကိုရွှေတောဟာငယ်လင်ငယ်မယားပါ ဂိုဏ်းဆိုလို့ သစ်ကိုင်းတောင် အိမ်ထဲအဝင်ခံတဲ့လူမျိုးမဟုတ်ပါဘူးတော်။ ရှင်တို့စုံထောက်ချော်ကြီးတွေနဲ့တွေ့မှပဲ ဘာမဆိုင်ညာမ ဆိုင် ပွဲဈေးမှာ မူးမူးနဲ့ထိုးထားတဲ့အိမ်မြှောင်တောင်ဂိုဏ်းဖြစ်ရတယ် လို့တော် လူနောက်ကြီး. . သိပ်နောက်တဲ့လူ. . .”

ဟု ထပ်မံဆိုလိုက်သော်ကျွန်ုပ်လည်း အနှိုအမျိုးသမီးနှစ်ဦးကို လွန်စွာ ကရုဏာသက်သောမျက်လုံးမျိုးနှင့် ကြည့်ပြီး. . .

“ဩော်အသိမကြွယ်သေးတဲ့ မိန်းမသားတွေကိုး။ အိမ်းလေ ဘယ်သိပါ့မလဲ။ ဗဟုသုတဖြစ်အောင်မှတ်ကြကွဲ့. . .

အမှန်တော့ အိမ်မြှောင်သုံးကောင်ဂိုဏ်းသားတွေဟာ စုတ်ထိုးဆရာဟန်ဆောင်ပြီး အရပ်တကာလှည့် သိဒ္ဓိတင်ပေးကြတာကိုးကွဲ့”

အိုင်ပီပြောင်ငြင်းမှာ ကျွန်ုပ်၏စကားကိုစိတ်ဝင်စားသွားပြီး. .

“ဟုတ်လားအဘ။ ဒါနဲ့ဆက်ပါဦးအိမ်မြှောင်သုံးကောင်ရဲ့ အဓိပ္ပာယ်က”

သူကစိတ်ဝင်တစားမေးလာတော့လည်း ကျွန်ုပ်လည်းကျွန်ုပ် သိထားသောမာမူကြီးပိဿချိန်စာပေမှမှတ်သားဖတ်ရှုခဲ့သော ဗဟုသုတများဖြင့် ရှင်းပြရလေတော့သည်။

“ဒီလိုကွယ့်။ အိမ်မြှောင်သုံးကောင်ဆိုတဲ့အဓိပ္ပာယ်က သူတို့ ဂိုဏ်းသားတွေဟာ တစ်နေရာကိုရောက်ပြီဆိုရင် အိမ်မြှောင်လိုပဲမလှုပ် မယှက်နဲ့ သားကောင်ကိုစောင့်နေတတ်ကြတယ်. . .”

ဤတွင်အမျိုးသမီးများက

“အောင်မလေး. . . တစ်နေရာမှာပဲ မလှုပ်မယှက်နေသတဲ့။ ဒီလောက်အိမ်မကပ်ဘဲလမ်းများ၊ လမ်းသလားနေတတ်တဲ့မျောက်ကိုမှ

တစ်နေရာတည်းငြိမ်နေသတဲ့. . . အခုပဲ ယောက်ျားလတ်လတ်ဆတ်ဆတ်ကြီး သေတာမိုလို့နော်. . . နောက်မဟုတ်ရင် မပန်းကျင်တို့က ပြဲခနဲရယ်ပြီးသားပဲ. . . လူနောက်ကြီး မျက်နှာတည်နဲ့လာနောက်နေတယ်. . ”

အိုင်ပီပြောင်ငြင်းမှလည်း ဝင်ရောက်ထောက်ခံသည်။

“အေးလေ. . . ဟုတ်ပါ့။ ဒီသူဌေးဦးရွှေတောဟာ တစ်ချိန်လုံးမူးရူးပြီးလျှောက်သွားနေတာ။ တစ်ခါမှ အငြိမ်နေတယ်လို့ကိုမတွေ့ဖူးပါဘူး”

သူတို့၏ဆန့်ကျင်ဘက်စကားများကြောင့် ကျွန်ုပ်လည်းပြန်ဖြေရှင်းရလေ၏။ မှတ်ကရော့. . .။

“အိုကွယ်. . . ဒါကတော့ အိမ်မြှောင်ထဲမှာ အဆော့သန်တဲ့အိမ်မြှောင်မို့ဖြစ်မှာပေါ့။ ဘယ်သတ္တဝါမှာမဆို ဒီလိုဆော့တတ်တဲ့ကောင်မျိုးတွေ ရှိတတ်တာပဲ”

ဤတွင်လွှန်စွာစပ်စုတတ်သောမောင်နှင်းမှ. . .

“ဒါနဲ့. . . အဘသူ့ကိုသတ်တာက”

ကျွန်ုပ်လည်း သက်ပြင်းရှည်ချ၍

“ဖရဲသီးသုံးလုံးဂိုဏ်းကပေါ့ကွယ်”

“ဖရဲသီးသုံးလုံးဂိုဏ်း”

“ဟုတ်တယ်ကွယ့်။ သူတို့တစ်တွေဟာ ယခုဘဝမှာသာလျှင်ရန်ငြိုးရန်စရှိကြတာမဟုတ်ဘဲ ဟိုး. . . ဖြုတ်ဘဝထဲက”

“ဟို. . ယခင်လုပ်ပါ အဘ”

ကျွန်ုပ်လည်း စကားမဆုံးမီဖြတ်ပြောလိုက်သော မောင်နှင်းကို

“မင်းဘာသိလို့လဲ။ သူတို့ဂိုဏ်းတွေက ဟိုး. . . ရခိုင်လူမျိုးကဆင်းသက်လာတာ”

ကျွန်ုပ်၏စကားကို မိန်းမကြီးမှ. . .

“အမယ်လေးတော်. . . ကျုပ်ယောက်ျားက အညာသားစစ်

စစ်ပါတော်။ သူ့လက်ထက်ကျမှ ဖြုတ်ဖြစ်လိုဖြစ်၊ ရခိုင်ဖြစ်လိုဖြစ်နဲ့ကြား ကြားဖူးပေါင်တော်။ မယုံရင်လူဝင်မှုကြီးကြပ်ရေးမှာသွားကြည့်။ ကျွန်မ ယောက်ျားကိုရှေ့တောရော၊ သူ့အဖေဦးကြက်တောရော၊ သူ့အဘိုးဦး တောကျော်ရော အကုန်အညာသားတွေချည်းပါပဲတော်။ တကတည်း”

ကျွန်ုပ်လည်းဤမိန်းမများရှေ့တွင် မည်သို့မှ စကားကောင်း ပြော၍ရတော့မည်မဟုတ်သည်ကို သိရှိ၍အမှုအကြောင်းဘာမှဆက် မဆွေးနွေးတော့ဘဲ. . .

“ကိုင်းကိုင်း. . . မင်းတို့ကိုပြောလို့ကတော့ ဘာကိုမှယုံကြည် ကြမှာမဟုတ်ပေဘူး။ တရားခံမိမှပဲဖရဲသီးသုံးလုံးနဲ့ အိမ်မြှောင်သုံး ကောင်အကြောင်းကိုမြန်ရေရှက်ရေမေးပြီး အမှုအကြောင်း စားမြုံ့ပြန် ကြပေရော့. . .”

ဤသည်ထိ မိန်းမများမှာအလျှော့မပေးသေးဘဲ. . .

“အောင်မလေးတော်။ ဒီတစ်သက်တရားခံမိအောင် ဖမ်းပေး ပါဦး။ တရားခံပေါ်လို့ကတော့ ရှင်တို့လို တစ်သက်လုံးမစွံခဲ့တဲ့လူမြို့ အိုကြီးတွေကို စွံသွားအောင်တစ်ရွာဝင်တစ်ရွာထွက်ခေါင်းပေါ်ရွက်ပြီး ချဉ်ပါဒစ်စကောင့်ပေးပြီးလည်ရောင်းပေးပါ့မယ်တော်. . . ဘုရား စူးစေ့. . .”

ဤမျှလောက် ကျွန်ုပ်၏အစွမ်းအစကို အထင်သေးလှသော အနီမိန်းမများကို ကျွန်ုပ်ဒေါသထွက်မိသော်လည်း ပညာရှိအမျက် အပြင်မထွက်ဆိုသကဲ့သို့ ဆက်ပြောနေလျှင်လည်းမည်သို့မှအကျိုး မထူးနိုင်သည်ကို တွေးမိပြီးအနီးအနားကိုဝေ့ ကြည့်လိုက်ရာ ဗွက်များ နှင့်ပေကျံနေသောခြေရာတချို့၊ သေဆုံးသူသူဌေးကြီး ဦးရွှေတော၏ ခြေထောက်ကိုကြည့်လိုက်သော်လည်း ရွှံ့ဗွက်များ ပေကျံနေသည် ကိုမတွေ့ရ။ သေချာပြီ။ ဒါလူသတ်ကောင်ရဲ့ ခြေရာပဲဖြစ်ရမယ်. . မှန်း. . .

ကျွန်ုပ်လည်းခြေရာကိုသေချာစေရန်အတွက်အိတ်ထဲမှမှန်

ဘီလူးကိုထုတ်၍အနီးကပ်ကြည့်လိုက်ရာ. . .

"အောင်မလေးတော် သေတဲ့သူကသေပြီးမှ လက္ခဏာကြည့်တဲ့လူကကြည့်၊ ကြွေပေဒင်တွက်တဲ့လူကတွက်နဲ့ အားမရနိုင်သေးဘူး။ ခြေခဏာပါလာကြည့်နေပြန်ပြီတော်။ တကတည်း ကိုရွှေတောရေထကြည့်ပါဦး။ ရှင့်ခြေခဏာကြည့်ပြီးဝိညာဉ်လမ်းဖြောင့်တန်းအောင် ယတြာချေခိုင်းဦးမလို့လား မသိပါဘူးတော်"

ဟူသောအသံဆိုးတစ်ခု။ ကျွန်ုပ်လည်း အနှီအသံများကို ဂရုမစိုက်တော့ဘဲ တပည့်ကျော်မောင်နှင်းကလေးကို လက်ယပ်ခေါ်ပြီးခြေရာနောက်လိုက်သွားရာ. . . လွန်စွာမှရှေးကျသော ကျွန်းတံခါးအိုကြီးတစ်ခုတွင် ခြေရာများကလမ်းဆုံးနေသည်။ ကျွန်ုပ်တို့လည်း ကျွန်းတံခါးကြီးအနီးမှ ပင့်ကူအိမ်များကိုရှင်းလင်းလေ့လာရာ အိမ် မြှောင်သုံးကောင်ခေါင်းချင်းဆိုင်ထုထားသော လွန်စွာလက်ရာမြောက်သည့် တံခါးလက်ကိုင်တစ်ခု ကိုတွေ့ရလေသည်။ (မှတ်ချက်-နောင်လာနောင်သားများလေ့လာနိုင်ရန်အတွက် ထိုအိမ်မြှောင်သုံးကောင်တံခါးလက်ကိုင်ကို ကျွန်ုပ်မှတ်မိသလောက် ရေးဆွဲပြပါမည်။) ထိုတံခါးလက်



ကိုင်ဘုကိုလှည့်လိုက်ရာ ကျွဲခနဲပွင့်၍ မှောင်မည်းနေသော မြေတိုက်ခန်းတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။ ကျွန်ုပ်လည်းတပည့်ကျော်၏ ရှေ့တွင် မပြေးသော်ငြားလည်းကံရာရှိ ဆိုသကဲ့သို့ ဟန်လုပ်၍မကြောက်ဟန်ဆောင်ကာ မြေတိုက်ခန်းထဲသို့ ဝင်လိုက်ရ၏. . .။

"ခမ်းမင်. . . မောင်နှင်း. . ."

"ကျွိ. . ."

"ဟာ. . ."

ကျွန်ုပ်တို့အောက်ကိုရောက်သည်နှင့် မြေအောက်တံခါးကြီးမှာသူ့အလိုလိုပြန်ပိတ်သွားလေတော့၏။ မှောင်နှင့်မည်းမည်းထဲတွင် တစ်ယောက်ကိုတစ်ယောက်ပင် သဲသဲကွဲကွဲမမြင်ရ။မောင်နှင်းကြောက်ရွံ့နေသော ဒူးရိုက်သံအတိုင်းသားကြားနေရ၏။

ကျွန်ုပ်လည်းဤမျှအဖြစ်သည်းနေလှသော တပည့်ကျော်ကိုမကျေမနပ်ဖြင့်

"ဟေ့ကောင် မောင်နှင်း"

"ခ. . . ခ. . . ခမျာ. . . အ. . . အ. . ဘ"

ကြောက်ရွံ့လွန်း၍ထင့် စကားသံပင်အထစ်ထစ်အငေါ့ငေါ့ ကျွန်ုပ်လည်း ပို၍ဒေါသဖြစ်သွားပြီး

"မင်းဒီလောက်ကြောက်တတ်နေရင် အမှောင်ထဲမှာမင်းရန်သူရှိရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်. . . ထွက်. . . ထွက်. . ပြေးမယ်. . အ. .
အဘ. . ."

အနှီတပည့်ငယ်၏ စကားကြောင့် ကျွန်ုပ်မှာပို၍ဒေါသထွက်သွားပြီး. . .

"တယ်လေ. . ငါဖင်ပိတ်ကန်လိုက်ရ မကောင်းရှိရော့မယ်။ ကိုင်း. . . အမှောင်ထဲမှာမင်းရန်သူ လူသတ်တရားခံရှိနေပြီ။ မင်းခေါ်ထုတ်ရမယ်ဆို ဘယ်လိုခေါ်ထုတ်မလဲ"

"ခင်. . . ခင်. . ခင်ဗျာ. . ."

"တယ်လေ. . . ငါ. . ."

ကျွန်ုပ်လည်း လွန်စွာဒေါသဖြစ်နေသည့်အပြင် ကျွန်ုပ်၏ တပည့်ငယ်လေးအားလည်း နောင်တွင်အတွေ့အကြုံရစေရန် အတွက် သင်ကြားပို့ချလိုသဖြင့်. . .

"အမှောင်ထဲမှာမင်းရန်သူရှိနေပြီ။ သူ့ကိုခေါ်ထုတ်လိုက်စမ်း"

အသံမကြား။

"ခေါ်လေကွာ. ."

ကျွန်ုပ် ထပ်မံငေါက်ငမ်းလိုက်မှ တုန်ရင်သောလေသံဖြင့်. .

"အ. . မှောင်ထဲက ဘုရားဒကာအစ်ကိုကြီး အပြင်ကို ခဏလောက်ထွက်ခဲ့. . . သူ့ကိုတို့ဘာမှမလုပ်ရင် တို့ကိုလည်းမလုပ် ရဘူးနော် . . . နော်"

"တယ်လေ. . ဒီကောင်ငါလုပ်ရ သေရော့မယ်။ တရားခံကို ခေါ်ပါဆိုမှ မင့်ကြီးတော်ယောကျ်ားတစ်ယောက်ခေါ်သလို ခေါ်လို့ ရသလား။ ဒီမှာကြည့် ငါခေါ်ပြမယ်"

ဟုဆိုပြီး အောင်မြင်ခန့်ညားသောအသံဖြင့်. . .

"ဟေ့ကောင်. . . ထွက်ခဲ့စမ်း၊ မင်းဘယ်မှ ပြေးမလွတ်တော့ ဘူးကွ. . . ဟား ဟား ပြောနေတာမကြားဘူးလား။ ထွက်ခဲ့စမ်း"

ကျွန်ုပ်၏ အသံနှင့်အတူ အမှောင်ထဲမှ ရိပ်ခနဲလှုပ်ရှားသွား သည့်အရိပ်တစ်ခု။

"ဟိုက်. . ."

"ဟင်. . ."

သေချာပြီ။ အမှောင်ထဲမှာ လူတစ်ယောက်။ ရုတ်တရက်မို့ ကျွန်ုပ်လည်းကြောင်သွားသည်။ အမှောင်ထဲမှလူလည်း ကျွန်ုပ်တို့၏ လှုပ်ရှားမှုကို စောင့်ဆိုင်းနေပုံရ၏။ အတန်ကြာတော့မှကျွန်ုပ်လည်း သတိဝင်ပြီး. . .

"ဟေ့ကောင်. . မင်းဘယ်သူလဲ"

မောင်နှင်း၏မေးရိုက်သံက တဂတ်ဂတ်။ အမှောင်ထဲမှာလူ ရိပ်ခနဲလှုပ်ရှားသွားသည်နှင့် ကျွန်ုပ်လည်း ရှိသမျှအစွမ်းကိုသုံးပြီး. . .

"ဟေ့ကောင်မောင်နှင်း. . . ဆုတ်ချည်ဖြန့်ချည်ဗျူဟာကို အသုံးပြုပြီး ငါညာဘက်ကထွက်ပြေးမယ်။ မင်းဘယ်ဘက်ကလိုက်"

ဤတွင် အသုံးမကျလှသောတပည့်မှ. . .

"အဘ. . . ဆုပ်ချည်ဖြန့်ချည်အစား ဖြန့်ချည်ဆုတ်ချည်ဗျူဟာကိုသုံးပြီး ကျွန်တော်ဘယ်ဘက်က အရင်စပြေးမယ်။ အဘညာဘက်ကစလိုက်"

ကျွန်ုပ်လည်း လွန်စွာဒေါသထွက်သွားပြီး. . .

"ကိုင်း. . . ကြာတယ်ကွာ။ ဆုတ်ဖြန့်ဖြန့်ဆုတ်ဗျူဟာနဲ့ နှစ်ယောက်လုံးပြေးမယ်"

ဟုဆိုပြီးနှစ်ယောက်စလုံးသုတ်ခြေအတင် အမှောင်အတွင်းမှလူလည်း မည်သို့စိတ်ကူးပေါက်သည်မသိ။ ကျွန်ုပ်တို့လိုက်အပြေးအသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ နှေးကွေးသောကျွန်ုပ်နှင့်ထိုသူအမှောင်ထဲတွင် ဝင်တိုးမိသောအခါ. . .

"ပြောင်း. . . "

"အောင်မလေးဗျ. . . သေပါပြီ"

"ပြောင်း" ဟူသောအသံမှာ အနောက်သို့လှည့်ပြေးသော ကျွန်ုပ်၏တံတောင်နှင့် အမှောင်ထဲမှလူမျက်ခွက်ကို ထိသောအသံဖြစ်ပြီး အောင်မလေးဟူသောအသံမှာမူ ကျွန်ုပ်လက်မှာ ထိုသူ၏မေးရိုးနှင့်ထိပြီး အသည်းခိုက်အောင်နာကျင်သွားသော ကျွန်ုပ်၏အော်သံပင် ဖြစ်ချေတော့၏။

သိုသော် ကံကြမ္မာကောင်းချင်သောအခါ ထိုသူမှာ ကျွန်ုပ်၏တံတောင်ချက်နှင့် နေရာတွင်ပင် ပက်လက်လန်ကျသွားပြီး တော်ရုံနှင့်ပြန်မထနိုင်တော့ပေ။ ဤသည်ကိုအခွင့်ကောင်းယူ၍ ကျွန်ုပ်လည်း

အပေါက်တွေလို့တွေပြား အခန်းထဲ ကမူးရှူးထိုးလျှောက် ပြေးနေသော မောင်နှင်းကို. . .

"ဟော့ကောင် တရားခံက လဲနေပြီကွ။ မင်းဝင်ဖမ်းလိုက်စမ်း"

ဟု ဆိုလိုက်ရာ

"ကျွန်တော် ကျွန်တော်ဖမ်းလို့မဖြစ်ဘူးအဘ။ ဒီလထဲ ဘယ်သတ္တဝါကိုမှ မဖမ်းရဘူးလို အဓိဋ္ဌာန်ဝင်ထားလို့ အဘပဲဝင်ဖမ်း လိုက်. . ."

မောင်နှင်းကလေး၏ စကားသည်ကျွန်ုပ်၏စိတ်ကိုဆွပေးသ လိုသာဖြစ်နေတော့၏။

"တယ်လေ. . . ငါလက်နာနေလို့ပေါ့ကွ. . . ဝင်ဖမ်းကွာ"

ဟု ဆိုလိုက်မှကျွန်ုပ်ကိုကြောက်ရွံ့လေးစားသော မောင်နှင်း က လေးမှာ မှောက်လဲနေသောတရားခံပေါ် ခွထိုင်ပြီးမည်သို့လုပ် လိုက်သည်မသိ။

"အား. . . အောင်မလေး. . . ဟော့လူ. . . မလုပ်နဲ့လေ အား. . ."

နာကျင်စွာ အော်ဟစ်နေသောတရားခံ၏အသံ။ မောင်နှင်း မည်သို့လုပ်လိုက်သည်မသိ။ ကျွန်ုပ်လည်း သိလိုလှသဖြင့်. . .

"ဟော့ကောင် မောင်နှင်း. . ဘယ်လိုပညာရပ်တွေသုံးနေတာ လဲကွ. . ."

မောင်နှင်းမှာ အားတက်သရောဖြင့်. . .

"ရှေးခေတ်ရောမသင်္ဂဟဗျူဟာပေါ့အဘ။ ချက်စ်ဖိုက်တာ ဆိုတဲ့ ဗိုက်ခေါက်ဆွဲလိမ်နည်းပေါ့ဗျာ. . ."

အနီးသူငယ်၏ အဖြေစကားကြောင့် ကျွန်ုပ်လည်း လွန်စွာ ဒေါသထွက်သွားပြီး. . .

"မင်းကြီးတော်တရားခံဖမ်းပါဆို ဗိုက်ခေါက်ဆွဲလိမ်ထားရ သလား။ တခြားတစ်နည်းပြောင်း. . ."

ဟု ဆိုလိုက်ရာ မောင်နှင်းမှာ ကြောက်ကြောက်လန့်လန့်နှင့် ဟုတ်ကဲ့အဘဟုဆိုပြီး နည်းစနစ်အသစ်ပြောင်းလိုက်ရာ. . .

"ဟာ. . . ဟေ့လူ. . . ဘာလုပ်တာလဲ။ ယားတယ်ဗျ။ ဟား. . . ဟား. . . မလုပ်နဲ့လေဗျာ ယားပါတယ်ဆိုနေမှ ဟာမလုပ်ပါနဲ့ဆို. . ဟား. . . ဟား. . ဟာ. . မတ်တတ်ရပ်နေတဲ့အဘကြီးခင်ဗျား ကူပြောပါဦး။ ဒီမှာကလိလာထိုးနေလို့ဗျ"

ကျွန်ုပ်ထိုတော့မှသိလိုက်ပြီ။ နည်းစနစ်ပြောင်းခိုင်းလိုက်မှ မောင်နှင်းမှာ ရန်သူကိုကလိထိုးနေခြင်းဖြစ်ပေသည်။ကျွန်ုပ်လည်းကြာလျှင်မိနေပြီးသား ရန်သူပင်ပြန်လွတ်သွားမည်စိုး၍. . .

"ဟေ့ကောင်မောင်နှင်း လက်ထိတ်ခတ်လိုက်တော့"

"ဟုတ်ကဲ့ အဘဆရာ"

"ကလစ်. . ကလစ်. . "

လက်ထိတ်ကွင်းမှမည်သံနှစ်ခု။ ကျွန်ုပ်လည်းစိတ်ချရလောက်ပြီဖြစ်၍. . .

"ကိုင်း. . မောင်နှင်းရေတရားခံကို အပြင်ခေါ်ထုတ်ခဲ့"

မောင်နှင်းမှာ မဆိုင်းမတွပင်. .

"ဟုတ်ကဲ့အဘ။ ကိုင်း. . လာထ. . သွားမယ်"

ဟုဆို၍ တရားခံကို လည်ကုပ်မှဆွဲမလိုက်ရာ. . .

"ဟာ. . ဟေ့လူ. . ဘယ်လိုလုပ်တာလဲ။ မလုပ်နဲ့လေဗျာ"

တရားခံမှာ အကြာက်အကန်ပြော၏။ မောင်နှင်းမှာလည်း ဆရာကောင်းတပည့် ပန်းကောင်းပန် ဟူသောစကားလို ကျွန်ုပ်ဟန်အတိုင်း. . .

"မူယာမာယာလာများမနေနဲ့ကိုယ့်လူ။ အမြန်ဆုံးထနောက်မှ ကျုပ်အဆိုးမဆိုနဲ့"

ဤတွင်တရားခံမှာ ဒေါသတကြီးဖြင့်

"ထလို့ရမလားဗျ။ ခင်ဗျားကလက်ထိတ်ကို ခြေတစ်ဖက်

လက်တစ်ဖက်ခတ်ထားတာ ကျုပ်ကဘယ်လိုထမလဲ”

ကျွန်ုပ်လည်းဤမျှစိတ်မရှည်နိုင်တော့ ဘဲ. . .

“ကိုင်း. . မောင်နှင်း မင်းပဲတရားခံကိုထမ်းပြီး အပေါ် ခေါ်ခဲ့တော့”

အပြင်သို့ ရောက်လတ်သော်

“ဟင်. . .”

“အို. . .”

ထိုသို့ အာမေဋိတ်သံများ ထွက်ပေါ်သွားရလောက်အောင် ကျွန်ုပ်တို့ကို တအံ့တဩနှင့် ငေးကြည့်နေလေသည်။

ကျွန်ုပ်လည်း အိုက်တင်အပြည့်ဖြင့်

“ကိုင်း. . မောင်နှင်းရေ တရားခံကို အောက်ချလိုက်ပါဦး”

“ဒုန်း”

“အောင်မလေးဗျ သေပါပြီ”

မောင်နှင်းမှာ တရားခံကိုထမ်းလာရတာကို မကျေနပ်၍ထင့် ပခုံးပေါ်မှ ထိုသို့သာပစ်ချလိုက်လေတော့သည်။

“ကိုင်း. . . ဟော့ကောင်ပြောစမ်း ဖရဲသီးသုံးလုံးအကြောင်း”

တရားခံမှာ ချက်ချင်းပြန်မပြောနိုင်သေးဘဲ အတန်ကြာမှ. .

“အား. . ကျွတ်ကျွတ် ပြောပါ့မယ်ဗျာ။ ဒါ. . ဒါနဲ့. . အဘ နာမည်က”

ကျွန်ုပ်လည်း ဟန်ပါပါနှင့်

“မိုင်နိမ်းအစ်(စ်) ကိုကိုကြီး၊ အိုင်အိုဒင်းကိုကိုကြီး”

တရားခံမှာ ကျွန်ုပ်၏စကားကို ရုတ်တရက်ကြောင်သွားပြီး

“ဆားပုလင်း ကိုကိုကြီးမဟုတ်ဘူးလားဗျာ”

“ကျုပ်က သူများတွေလို အညတရဆားပုလင်းမဟုတ်ဘူး။ ဓာတုဗေဒနည်းနဲ့ သန့်စင်ထားတဲ့သန့်စင်ဆားအိုင်အိုဒင်းဆားပုလင်း ကွ။ ဒါကြောင့် အိုင်အိုဒင်းကိုကိုကြီး. . .”

တရားခံမှာ ကျွန်ုပ်ကိုလေးစားသော မျက်လုံးမျိုးနှင့်ကြည့်ပြီး

"ဂုဏ်ယူပါတယ်ဗျာ။ ကျုပ်ကိုဖမ်းတဲ့လူဟာ နာမည်ကျော်စုံထောက်ကြီး အိုင်အိုဒင်းကိုကိုကြီးပဲဖြစ်ရမယ်လို့ ကျွန်တော်အစကတည်းက ယုံကြည်ထားပြီးသားပါ"

ကျွန်ုပ် အနီးအနားကလူများကိုဝေ့ကြည့်လိုက်သည်။ အား လုံးကျွန်ုပ်ကိုလေးစားအားကိုးသော မျက်လုံးများနှင့်ကြည့်နေ၏ကျွန်ုပ်လည်း သူတို့ပိုအထင်ကြီးသွားစေရန်

"ကိုင်း. . . ပြောစမ်း. . . မင်းတို့ ဖရဲသီးသုံးလုံးဂိုဏ်းအကြောင်း. . ."

တရားခံမှာမျက်မှောင်ကြုတ်၍. . .

"ဘယ်ကဖရဲသီးသုံးလုံးဂိုဏ်းလဲ"

ကျွန်ုပ်လည်း ဒေါသထွက်ဟန်ဖြင့်. . .

"ဒီမှာကိုယ့်လူ။ အိုင်အိုဒင်းကိုကိုကြီးကို ဒီလိုလှိမ့်လို့မရဘူး ဆိုတာမင်းသိတယ်နော်"

"ဟာ. . သိပါတယ်။ ကျွန်တော်မလိမ်ပါဘူး။ အဘပြောတဲ့ဖရဲသီးသုံးလုံးဂိုဏ်းဆိုတာ ကျွန်တော်မှမသိဘဲ"

ကျွန်ုပ်လည်း သည်းမခံနိုင်တော့ဘဲ. . .

"ဒီနံရံမှာ ဖရဲသီးသုံးလုံး အိမ်မြှောင်သုံးကောင်ဆိုတာမင်းရေးထားတာမဟုတ်လား"

"ရေးတယ်လေ ဟုတ်တယ်လေ"

"ဒါဆို အဲဒီစာရဲ့အဓိပ္ပာယ်က ဘာလဲ. . ."

အဲလိုလေးပဲမေးလိုက်တယ်။ တရားခံမှာ ကျွန်ုပ်၏စကားကိုယခုမှသဘောပေါက်သလို. . .။

"သြော်. . . ဒါလား"

"သြော်. . . ဒါလားမဟုတ်ဘူး၊ ရေးထားတာကိုမေးတာကွ၊ နော်. . ဘဆရာ"

မောင်နှင်း၏မဆီမဆိုင်စကားကြောင့် ကျွန်ုပ်ပင်ဖီးပျက်သွားရ၏။ သို့သော်လည်း. . .။

"အေး. . အားလုံးကြားအောင်ပြောကွာ"

"အဖြစ်က ဒီလိုပါ"

"ကျွန်တော် ဒီအိမ်ကပစ္စည်းခိုးဖို့လာတာပါ"

"ဟင်. . ."

"အို. . ."

"ဒါ. . . ဒါဆို ဖရဲသီးသုံးလုံးဆိုတာက"

အာမေဋိတ်အသံနှင့်အတူ ကျွန်ုပ်၏ အလောတကြီးအမေး ကို တရားခံလက်ကာပြ၍. . .

"ပြောပြမယ်လေ။ ဖရဲသီးသုံးလုံးက ဒီအိမ်ပေါ်တက်ခိုးပြီး ဘာမှမတွေ့ဘဲ မရ ရတာပဲခိုးမယ်ဆိုပြီး မီးဖိုချောင်ကတွေ့တဲ့ ဖရဲသီးသုံးလုံးကိုယူပြီး အိမ်ပေါ်အတက် အဲဒီအချိန်မှာပဲ သူဌေးကြီးဦးရွှေတောကအရက်မူးပြီးအိမ်ပေါ်တက်လာလို့ ကျွန်တော်လည်း ထုပ်တန်းပေါ်တက်ပုန်းနေတုန်း အချစ်ပလူးနေတဲ့အိမ်မြှောင်သုံးကောင်က ကျုပ်အပေါ်ပြုန်းခနဲ ပြုတ်ကျလာလို့ ကျုပ်လည်းလန့်ပြီးခုန်ချလိုက်တာ မူးပြီးအိပ်နေတဲ့သူ ဌေးကြီးရဲ့လည်ပင်းကို ဒူးနဲ့ထောက်ကျပြီး သူဌေးခမျာအသံတောင် မထွက်နိုင်တော့ဘဲ ဆုံးသွားတာပါပဲ။ အဖြစ်ကတော့ ဒါပါပဲဗျာ။ ဘာဖရဲသီးသုံးလုံးဂိုဏ်းကမှ မဟုတ်ပါဘူး။ အဲဒီစာ ကလည်း ဖရဲသီးသုံးလုံးကို တက်ခိုးလာတုန်း အိမ်မြှောင်သုံးကောင်ကြောင့်လူသတ်မှုဖြစ်ရတယ် ဆိုတဲ့အ ကြောင်းကိုရေးမလို့ပါ။ စာကမဆုံးခင် သူဌေးကတော် အိမ်ပေါ်တက်လာလို့ ကျွန်တော်ခုနမြေအောက်ခန်းထဲဝင်ပုန်းနေမိတာပါဗျာ"

ကိုင်း. . ဤမျှလောက်ဆို ကျွန်ုပ်၏ ဖရဲသီးသုံးလုံးနှင့်အိမ်မြှောင်သုံးကောင်အမှုဆန်းကြီးအကြောင်းကို ပရိသတ်သိလောက် ရောပေါ့။ ဤမျှလောက်တက်တက်စင် လွဲချော်ခဲ့သော်လည်း သူဌေးကြီး

ဦးရွှေတောအသတ်ခံရမှုကို နာရီပိုင်းအတွင်း တရားခံမိအောင်ဖမ်းပေးခဲ့သောကျွန်ုပ်အား နောက်တစ်နေ့ ခရော်နီကယ် သတင်းစာ (ထိုစဉ်ကထိုသတင်းစာတစ်စောင်သာရှိ၏) တွင် အိုင်အိုဒင်း ကိုကိုကြီး အားဂုဏ်ပြုခြင်းဟူ၍အကျယ်တဝင့်ဖော်ပြခဲ့လေသည်။

■ ■ ■



"ဘာလယ်ဒီဖူးမောင်မင်းတို့စုံထောက်
တွေကို ရှာလကာရည်နဲ့နယ်၊ ခါးနဲ့နုပ်နုပ်
စဉ်းပြီးမုန်လာဥချဉ်လုပ်၊ ဈေးထဲထုတ်
ရောင်းဖို့သင့်နေပြီ။ အခုရန်ကုန်မြို့မှာ

# အိုင်အိုဒင်းကိုကိုကြီး နှင့် မာမွတ်မောင်မှန်မှန်မူး

လူသတ်မှုနှစ်ခုဖြစ်တာတောင်သတ်တဲ့ လူ
ကိုမပြောနဲ့သေတဲ့လူကိုတောင် ဘယ်သူမှန်း
မသိသေးဘူးမဟုတ်လား"

(စုံထောက်အင်စပက်တော် မစ္စတာကလင့်ရစ်ချ်၏ငေါက်ငမ်းသံ)

"မကြာခင်တရားခံကို ကျွန်တော်တို့အမိဖမ်းပေးပါ့မယ်သခင်"

(ခြေဖဝါးမောင်မောင်ကြီး၏အသံပျော့)

"ဟုတ်ပါတယ်သခင်။ မကြာခင်မှာပဲ လူသတ်တရားခံကို
ကျွန်တော်တို့လက်ထဲကွိခနဲနေအောင်မိမယ်လို့ အင်မတန်
မှန်တဲ့ဗေဒင်ဆရာနက္ခတထိပ်သီးဆရာကြီးနေကြာနောက်
ကြည့်က နေဟောထားပါတယ်။ နက္ခတ်
အလို အရလည်း . . .

"ဘာလယ်ဒီဖူးပြဿနာတစ်ခုခုဖြစ်
တိုင်းဗေဒင်တွက်လိုက်၊ နက္ခတ်
ကြည့်လိုက်နဲ့ဘယ်တုန်းကမှန်ဖူး

လဲ။ဒါနဲ့တရားခံကို တကယ်ဖမ်းပေးနိုင်တဲ့ ဆားသန့်အိုင်အိုဒင်း ကိုကိုကြီးတစ်ယောက် ဘယ်ရောက်နေသလဲအရေးအကြောင်း”

“စကားကိုဆင်ခြင်ပြောပါကျွန်ုပ်ရောက်နေပါပြီ မစ္စတာက လင့်ရစ်ချ်. . .”

ကျွန်ုပ်၏အောင်မြင်ထည်ဝါသောအသံကိုကြားရသည်နှင့်အင်္ဂလိပ် အင်စပက်တော်၏မျက်နှာသည်သစ်သီးပုပ်ကိုမြင်သော ကြွက်စုတ် ကဲ့သို့ဝင်းပသွားပြီး. . .

“အိုး. . . လူကလေးခိုခိုချီး။ အချိန်မီရောက်လာသေးသကိုး။ သင့်တော်ရာနေရာမှာထိုင်ပါမောင်မင်း”

ကျွန်ုပ်ကိုမြင်သည်နှင့်အင်္ဂလိပ်အင်စပက်တော်မှာကျွန်ုပ်၏အမည် ကိုကိုကြီးမှသည်ခိုခိုချီးဟူ၍ဖြစ်သွားသည်အထိ ဝမ်းသာအားရနှုတ် ဆက်သော်လည်းသူ၏အထက်စီးစကားကြောင့် ကျွန်ုပ်မှာထောင်းခနဲ ဒေါသထွက်သွားရလေသည်။ သို့သော်ကျွန်ုပ်သည်သက်ကြီးပညာရှိပီပီ ဒေါသကိုအသာမျိုသိပ်ပြီး ကြွေရရတစ်လှမ်းချင်းလှမ်းဝင်ကာ သူ၏စားပွဲရှေ့ရောက်မှဆတ်ခနဲ စားပွဲပေါ်သို့ခုန်တက်လိုက်သည်။ ပြီး နောက် အင်္ဂလိပ်အင်စပက်တော်နှင့်မျက်နှာချင်းဆိုင် ဟန်ပါပါဆောင့် ကြောင့်ထိုင်ချလိုက်ပြီး ကျွန်ုပ်၏ပိန်လှီသော လက်နှစ်ဖက်ကို ခပ်ကွေး ကွေးမြှောက်၍ သူ၏နဖူးပြောင်ပြောင်ကိုလက်နှစ်ဖက် နှင့်ချိန် တွယ်ကာ. .

“ဒီမယ်မောင်ရင်၊မောင်ရင်တို့လူမျိုးမှာဂါရဝေါစ၊ နိဝါတော စဆိုတဲ့ဂါရဝတရားမထွန်းကားသေးတာလား”

ကျွန်ုပ်၏ဒေါသစကားကြောင့်အင်စပက်တော်၏ မျက်နှာမှာ ကွမ်း သွေးစွန်းသလိုနီသွား၏။

“ကျွန်ုပ်ဟာမောင်ရင့်ထက်အသက်နှစ်လံလောက် ပိုအစွန်း ထွက်တယ်ဆိုတာမောင်ရင် မသိတာလား”

အင်စပက်တော်၏မျက်နှာမဲနယ်ပုံးမှောက်သလိုပြာသွား၏။

"အဲဒီလိုသိလျက်သားနဲ့ဘာကြောင့်လူကလေးဆိုတဲ့အသုံးအနှုန်းမျိုးသုံးရတာလဲ"

အင်စပက်တော်၏မျက်နှာထဘီအထက်ဆင်လိုနက်သွား၏။ ဦးခေါင်းမှမေးအထိပဲလင်းမြွေသီးလိုရှုံ့ရှည်ရှည်ကြီးဖြစ်သွား၏။

ကျွန်ုပ်လည်းသူမှတ်မိစေရန်နားထင်နှစ်ဖက်ကိုကျွန်ုပ်၏လက်မောင်းပိန်ဖြင့်ဘယ်ညာဝိုက်ထိုးပြီး . . .

"မောင်ရင်ကြပ်ကြပ်မှတ်ထားပါနောင်တစ်ကြိမ်ကျွန်ုပ်ကို မောင် မင်းတို့ လူကလေးတို့လို အသုံးအနှုန်းမျိုးသုံးရင်မောင်ရင်ရဲ့ကြောင် လျှာသီးသဏ္ဍာန်မျက်နှာပေါ်မှာကျွန်ုပ်ရဲ့ အင်အားပြည့်ဝလှတဲ့လက်သီးနှစ်လုံးအသားတံဆိပ် ကပ်နှိပ်ထားသလိုထင်ကျန်သွားလိမ့်မယ်မှတ်မိလား"

"ဟုတ်. . . ဟုတ်ကဲ့"

အင်စပက်တော်လည်းယောင်နနဖြင့်ခေါင်းညိတ်၏။(မှတ်ချက်။ ။ နောင်တစ်ချိန်တွင်ကျွန်ုပ်၏တပည့်ကလေးမောင်နှင်း သည်အင်္ဂလိပ်အင်စပက်တော်၏ စားပွဲပေါ်သို့ကျွန်ုပ်ကဲ့သို့ဆောင့်ကြောင့် တက်ထိုင်ပြီးလက်ညှိုးငေါက်ငေါက်ထိုး ပြောရလောက်အောင်မစွမ်းသာသော်လည်းအင်္ဂလိပ်မင်းများ၏ စားပွဲပေါ်သို့ တင်ပျဉ်လွှဲထိုင်ခြင်း၊ ခြေထောက်တင်၍ ခွန်းတုံ့ပြန်ပြောခြင်းများဖြင့်ဆရာကောင်းတပည့်ပန်းကောင်းပန်နိုင်ခဲ့၏။)

"ကိုင်း. . . မှတ်မိပြီဆိုတော့ဘာပြဿနာရှိလဲပြော"

ကျွန်ုပ်၏အမေးစကားကြားမှအင်္ဂလိပ်အင်စပက်တော်သည်ယခုအသက်ပြန်ဝင်သလိုလှုပ်ရှားလာပြီး

"အခု. . . အဟမ်း. . . မောင်လူအဲလေဟို. . . "

"မြန်မြန်ပြော"

သူစကားကိုအထစ်ထစ်အငေါ့ငေါ့ဖြစ်နေစဉ် ကျွန်ုပ်ခပ်ဆတ်ဆတ်ငေါက်လိုက်သဖြင့် သူ၏မျက်နှာလည်းဗာဒံရွက်

ခန့်ငယ်သွားပြီး. . .

"ဟုတ်. . . အဲ. . အဟမ်းအခုရန်ကုန်မြို့မှာ အဟမ်းလူသတ်မှုနှစ်ခုဖြစ်တာတောင် သတ်တဲ့လူမပြောနဲ့သေတဲ့လူ ဘယ်သူဆိုတာ"

"တိတ်"

"ခင်ညာ"

သူ၏စကားမဆုံးခင်ကျွန်ုပ်၏အောင်မြင်ထည်ဝါသောအသံကြောင့်အင်စပက်တော်၏မျက်နှာမှာ ပေါက်ပေါက်ပွင့်ကွဲသို့ဖွာသွားပြီးမာလကာရွက်ခန့်သေးသွား၏။ ကျွန်ုပ်လည်းကျွန်ုပ်၏အစွမ်းကိုအနီးသူငယ်များ သိစေရန်ရည်ရွယ်၍ကျွန်ုပ်၏လက်မောင်းပိန်နှင့်လက်ညှိုးငေါက် ငေါက်ပင့်ထိုးရင်း. . .

"သေတဲ့လူနှစ်ယောက်မှာ တစ်ယောက်ဟာကုလားလူမျိုးမဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျာ"

အဲဒီကောင်ကမောင်ရင်တို့တိုင်းပြည်ကနေကျွန်ုပ်တို့ဆီထိချယ်လှယ်လက်ဝါးကြီးအုပ်ပြီးအတိုးအများကြီးယူ၊ ငွေတိုးချေး၊ ကုပ်သွေးစုပ်နေတဲ့ ချစ်တီးကုလားမာမွတ်ပဲ"

အင်စပက်တော်၏မျက်နှာမှာမန်ကျည်းရွက်ခန့်နီးပါးကျုံ့သွား၏။

"နောက်တစ်ယောက်ကကျောက်မြောင်းကကုလားလူမိုက် သူရမ်သီခေါ် သရက်သီးကိုအနိုင်ယူပြီး ဗိုလ်လုပ်နေတဲ့လူမိုက်မောင်မှန်"

အင်စပက်တော်သည်ကျွန်ုပ်၏စကားကိုမယုံတစ်ဝက်ယုံတစ်ဝက်ပုံသဏ္ဌာန်မျိုးနှင့် မျက်လုံးကလေးကလယ်ကလယ်ဖြစ်ကာ. . .

"တကယ်လားဟင်"

ကျွန်ုပ်လည်းငှင်း၏မေးခွန်းကိုအဖြေမပေးသေးဘဲစားပွဲပေါ်မှတစ်လှမ်းချင်းကြွေရရဆင်းရင်း. . .

“လူသတ်မှုဖြစ်တဲ့နေရာမှာသွေးနဲ့ဘာစာတွေရေးခဲ့သလဲ”

ကျွန်ုပ်၏စကားကြောင့်အင်္ဂလိပ်အင်စပက်တော်အပါအဝင် မြန်မာစုံထောက်များဖြစ်ကြသောသံပြာအောင်မြင့်နှင့် ခြေဖဝါးမောင်မောင်ကြီးတို့ပါ နှုတ်မှတစ်ပြိုင်တည်းထွက်လာကြတဲ့အသံမှာ. . .

“မာမွတ်မောင်မှန်မှန်မူး. . . ”

“ဟင်ဒါဆိုမာမွတ်နဲ့မောင်မှန်ကို သတ်သွားတာတစ်ယောက်တည်းပေါ့နော်. . . ”

အင်္ဂလိပ်အင်စပက်တော်၏အမေးကိုကျွန်ုပ်မှအသာခေါင်းညိတ်ထောက်ခံလိုက်ပြီး. . .

“အိမ်း. . . ဟုတ်သကွယ့်. . . ”

“ဒါဆိုမာမွတ်မောင်မှန်မှန်မူးမှာမာမွတ်နဲ့မောင်မှန်က သေသွားပြီဆိုတော့မှန်မူးတစ်ခုပဲကျန်တော့တာပေါ့. . . မှန်မူးဆိုတာဘာလဲဟင်”

အင်္ဂလိပ်အင်စပက်တော်၏စပ်စပ်စုစုအမေးကိုကျွန်ုပ်မှ ရုတ်တရက်အဖြေမပေးသေးဘဲ ကျွန်ုပ်ကိုလေးစားအားကျသည်လား၊ မနာလိုမရှုဆိတ်သည်လား ဝေခွဲမရသောအကြည့်မျိုးနှင့် ကြည့်နေကြသော ခြေဖဝါးမောင်မောင်ကြီးနှင့်သံပြာအောင်မြင့်တို့ကို ဟန်ပါပါ ဝေ့ကြည့်ရင်း. . .

“အိမ်း-ဒါက ၁၃၃၅ ခုနှစ်လောက်ကပေါ်ခဲ့တဲ့ ဘာသာစကားပေါ့ကွယ်. . . ဒီဘာသာစကားအရ”

ကျွန်ုပ်စကားမဆုံးခင်ကျွန်ုပ်၏မျက်နှာတည့်တည့်လှစ်ခနဲ တိုးဝင်လာသည့်အရာတစ်ခု။ ကျွန်ုလည်းရုတ်တရက်မို့ကြောက်လန့်တကြားဖြင့်မျက်နှာကိုလက်ဝါးနှင့် ပိတ်ကာလိုက်ပြီး. . .

“အောင်မလေးဗျ”

ကျွန်ုပ်အာခေါင်ခြစ်အော်သံနှင့်အတူကျွန်ုပ်၏လက်ညှိုးနှင့် လက်ခလယ်အကြား ကံအားလျော်စွာနေသားတကျတိုးဝင်လာ

သည့်ချွန်မြမြသဏ္ဍာန်တစ်ခု. . .

“ဝှစ်”

“ဖတ်”

မရဲတရဲနှင့်မျက်လုံးဖွင့်ကြည့်တော့ ကျွန်ုပ်၏လက်ညှိုးနှင့်လက်ခလယ်ကြား ချိန်သားကိုက်ဝင်နေသည့်စာတစ်စောင်နှင့် ခဲတစ်ချောင်း။ ကျွန်ုပ်လည်း အတွေ့အကြုံအရ ရန်သူအနီးမှာရှိနေပြီကို သိရှိ၍ ခါးမှကျွန်ုပ်၏လက်စွဲတော်သေနတ်ကို လျင်မြန်စွာဆွဲထုတ်၍ ထိုးချိန်လိုက်၏။

“ဝှစ်”

ဘာမှမတွေ့။ဘယ်ကပစ်လိုက်သနည်း။ ကျွန်ုပ်စဉ်းစားနေချိန် အင်္ဂလိပ်အင်စပက်တော်မှ တုန်ရင်သောအသံဖြင့်. . .

“အဘ. . . အဘချိန်ထားတဲ့သေနတ်ဒင်နဲ့ပြောင်းမှား. . . မှားနေတယ်”

ဟုဆိုလိုက်၍ကျွန်ုပ်လည်း သေနတ်ကိုပြန်ငုံကြည့်လိုက်ရာ သူပြောသည့်အတိုင်းသေနတ်ပြောင်းဝက ကျွန်ုပ်ရင်ဝတည့်တည့်။ သေနတ်ဒင်မှာ ရှေ့သို့။

ကျွန်ုပ်လည်းမှားနေသည်ကိုမှားနေသည်ဟု ဝန်ခံလိုက်ပါက ကျွန်ုပ် သိက္ခာကိုရေစုန်မျှောလိုက်သလိုဖြစ်မည်စိုး၍-

“မောင်ရင်ဘာမှမသိရင်တိတ်တိတ်နေစမ်း။ ရန်သူဟာအရှေ့ကရန်မူပြီးအနောက်ဘက်ရောက်နေနိုင်တယ်။ ဒါကြောင့်တစ်ဖက်လှည့်နဲ့အနောက် ဘက်ကိုတမင်ချိန်ထားတာ ရှေ့ပိုင်းမှာကမျက်စိရှိတယ်၊ ရှေ့ပိုင်းကိုဇိနဲ့ထိန်းထားတဲ့အချိန်မှာ နောက်မှာကဒီမှာတွေ့လား. . . ဟင်း. . . ပွင့်သွားမယ်. . . ”

ဟုအပေါ်စီးမှဆိုလိုက်ပြီးအတန်ကြာရန်သူ့ကိုဝေ့ရှာနေသော်လည်း ဘာမှမထူးခြားတော့မှ သေနတ်ကိုခါးကြားပြန်ထိုးလိုက်သည်။ ထိုမှအင်္ဂလိပ်အင်စပက်တော်နှင့်ကျန်လူများ အားလုံးလှုပ်လှုပ်ရှားရှား

ပြန်ဖြစ်လာပြီ။

"အဘ အိုင်အိုဒင်းကိုကိုကြီးဟာ နာမည်နဲ့လိုက်အောင် လျင်မြန်ပါပေတယ်။ ဒါနဲ့ဓားကို ဖမ်းတုန်းကမျက်စိစုံမှိတ်ပြီး အောင်မလေးဗျလို့အော်လိုက်သလိုပဲ။ ဘာဖြစ်လို့လဲ"

ကျွန်ုပ်အားတစ်ချိန်လုံး သိက္ခာချချင်နေသော ခြေဖဝါးမောင်မောင်ကြီးမှာကျွန်ုပ်ကိုမြှောက်ပင့်သလိုနှင့်ပွဲလန့်တုန်း ပြုံးစိစိနှင့် ဖျာဝင်ခင်း၏။

ကျွန်ုပ်သည်ဟိုတစ်ခါကကြောက်လန့်၍ အော်မိလိုက်သည် မှန်သော်လည်းကြောက်လန့်တကြားအော်မိလိုက်သည် ဟုပြောလိုက် ပါကတစ်သက်လုံး ဆရာသိက္ခာနှင့်နေလာတာ ကျွန်ုပ်ကိုအရိုအသေ တန်ပေတော့မည်။ ထို့ကြောင့် . . .

"ဒါရှေးခေတ်ကအသုံးပြုခဲ့တဲ့အမတ္တဝါယနဆိုတဲ့ အာ မေဋ္ဌိတ်နည်းကိုအသုံးပြုလိုက်တာပါ။ ဂါထာအသုံးပြုနည်းကတော့ အန္တရာယ်ကြုံတဲ့အခါအမိကိုတတဲ့ဂါထာ 'အောင်မလေးဗျ'၊ အ ထောင်းခံရတဲ့အခါသေမင်းကိုတတဲ့ဂါထာ 'သေပါပြီ' ရန်သူနဲ့တွေ့ တဲ့အခါကမ္ဘာမြေစောင့်ကိုတတဲ့ဂါထာ'ပြေးပါဟ' တစ်ဖက်လူက အင် အားနဲ့ ရန်ပြုရင်ကျောက်စိုင်ကျောက်ခဲကို တတဲ့ဂါထာ 'ကြောက်ပါပြီ' စသည်ဖြင့်အလိုက်အထိုက်အသုံးပြုရတယ်ကွယ့်။ ဒါမှ အန္တရာယ်က လွတ်ကင်းတာ"

ကျွန်ုပ်၏အဖြေစကားကြောင့်ခြေဖဝါးမောင်မောင်ကြီးနှင့် သံပြာ အောင်မြင့်တို့မှာ ဗျိုင်းကိုတွေ့သော ကျီးကန်းများသဖွယ် မျက်နှာများရှုံ့မဲ့သွားကြသော်လည်း အင်္ဂလိပ်အင်စပက်တော် မစ္စတာ ကလင့်ရစ်ချ်မှာအားရဝမ်းသာဖြင့်စားပွဲကို လက်ဝါးဖြင့်'ဖြန်း'ခနဲနေ အောင်ပုတ်လိုက်ပြီး . . .

"ကြိုက်ပြီဗျာ။သိပ်ကောင်းတဲ့ ဂါထာပဲ။ ကျုပ်လည်း အဲသည် ဂါထာမျိုးတွေကိုလေ့ကျင့်ရမယ်။ ဘာတဲ့အန္တရာယ်နဲ့ကြုံလာရင်

'အောင်မလေးဗျ'၊ အထောင်းခံရရင်သေပါပြီ။ ရန်သူနဲ့တွေ့ရင် ပြေးပါဟ။ရန်သူကအင်အားနဲ့ရန်ပြုရင် ကြောက်ပါပြီ။ ကြိုက်တယ်ဗျာ။ တစ်နေ့သုံးကြိမ်ရှစ်နာရီစီလေ့ကျင့်မယ်"ဟုဆိုပြီးအသံ နှင့်ဌာန်နှင့် 'အောင်မလေးဗျ'၊ 'သေပါပြီ'၊ 'ပြေးပါဟ'၊ 'ကြောက်ပါပြီ' ဟူ၍ရေရွတ်တော့၏။ ကျွန်ုပ်လည်း ကျွန်ုပ်ကိုပစ်လိုက်သောခေါ်းမှစာကိုဖြုတ်ယူလိုက်ပြီးဖွင့်ဖတ်လိုက်ရာ. . .

'အိုင်အိုဒင်းကိုကိုကြီး
တာဝန်ချိန်မှာ
မြွေမဖမ်းပါနဲ့လို့
ဗလကြီးက
လီရှောင်ကိုပြောတယ်။
အမှန်ကတော့
နီးစပ်ရာ
သင်းရဲ့အစဟာ
ချိုင်းနားကပေပဲ။

မှန်မူး
(၁၄)ရက်၊တပေါင်းလဆုတ်
ည(၁၂)နာရီ(၃၅)မိနစ်(၁၆)စက္ကန့်။
(ရထားလုံးပေါ်မှပြင်ပရှုခင်းများကို ကြည့်၍
ခြေတစ်ဖက် ထောင်ရေးသည်။)

ကျွန်ုပ်လည်းစာ၏အဓိပ္ပာယ်ကိုဖော်မရခင် ခြေဖဝါးမောင်မောင်ကြီး မှစာရွက်ကို ဆတ်ခနဲဆွဲယူ၍ဖတ်ကြည့်ပြီး

"ကိုအောင်မြင့်ရေ ကျုပ်တို့ထင်ထားတဲ့အတိုင်းပဲဗျို့။ကျောက်မြောင်းက ဗလကြီးနဲ့လီရှောင်တို့သတ်တာပဲ"

သံပြာ အောင်မြင့်မှလည်းအားတက်သရောဖြင့်--

"မှန်ပါ့ဗျာ။ကျုပ်မပြောလား။ ဒီကောင်တွေ ချိုင်းနားကပြန်လာကတည်းက ခြေရှုပ်နေတယ်လို့ မာမွတ်ကိုအတိုးယူများလို့ မကျေနပ်လို့သတ်ပစ်တာဖြစ်လိမ့်မယ်"

"ဒါတင်ဘယ်ကမလဲ။ ဗလကြီးကလည်း လူမိုက်မောင်မှန်ကို သတ်ပစ်မယ်လို့ခဏခဏ ကြိမ်းနေတာဗျ၊ ဟာဗျာပြောနေကြာတယ် အခုသွားဖမ်းပြီးရိုက်စစ်လိုက်ရအောင်. . ."

"ဟော့. . . ဟော့ကောင်တွေသက်သေခံစာရွက်ပေးခဲ့လေ"

အနီသူငယ်နှစ်ဦးမှာအရင်ထဲကကျွန်ုပ်ကို ချောက်တွန်းချင်နေသူ များဖြစ်သဖြင့်. . .

"မပေးနိုင်ဘူးဗျာ။ ဒီစာရွက်နဲ့ သက်သေခံလုပ်ပြီးဖမ်းရမှာ။ လာသွားရအောင် ကိုအောင်မြင့်"

ဟုဆိုပြီးကသုတ်ကရက်ထွက်ခွာသွားသဖြင့် ကျွန်ုပ်လည်း သူတို့နောက်လိုက်ပြီးစာရွက်ကို ဆွဲယူလိုက်သည်။ အနီသူငယ်နှစ်ဦးမှလည်း ကလေးငယ်များမုန့်လုသလို ကျွန်ုပ်လက်ထဲမှစာရွက်ကို အတင်းပြန်ဆွဲလုသည်။ ကျွန်ုပ်လည်း အနီသူငယ်များသဘောထားသေးသိမ်ပုံကိုကြည့်ပြီး ဒေါသထွက်သွားရသည်မို့ စာရွက်ကို အားကုန်ဆွဲလိုက်ရာ. . .

"ဗြဲ"

စာရွက်မှာစုတ်ပြဲသွားပြီး ကျွန်ုပ်၏လက်ထဲ အပိုင်းအစကလေးတစ်ခုပါလာ၏။ ကျန်သည့်စာရွက်ဆယ်ပုံတစ်ပုံကမူ ၄င်းတို့၏လက်ထဲမှာ. . .

"ကိုင်း. . . ဒါဝေပုံကျပဲ။ အဘလက်ထဲမှာလည်း စာရွက်တစ်ပိုင်းရပြီ။ ကျန်တာကကျွန်တော်တို့နှစ်ယောက် ခွဲတမ်းပေါ့။ ကိုင်းသွားကြစို့"

ဟုဆိုပြီး လျင်မြန်သောအဟုန်ဖြင့် ထွက်ခွာသွားသဖြင့်

"ဟေ့. . . ဟေ့ကောင်တွေ၊ဟာ ဒီကောင်တွေ ဟေ့"

အနီးသူငယ်နှစ်ဦးမှာ ကျွန်ုပ်ကိုစောင်းငဲ့၍ပင်ကြည့်မသွားကြတော့။ ကျွန်ုပ်လည်းမကျေမချမ်းဖြင့်လက်ထဲ၌ပါလာသောစာရွက်အပိုင်းကို စိတ်ပျက်လက်ပျက်နဲ့ကြည့်လိုက်ရာ. . .

"ဟာ. . ."

ကျွန်ုပ်လွန်စွာအံ့အားသင့်သွားရ၏။ ကျွန်ုပ်လက်ထဲမှာပါလာသော စာရွက်မှာ စာရွက်၏ထိပ်ပိုင်းစာလုံးများသာပါသော စာရွက်ဖြစ်၏။ စာကြောင်း၏ပထမဦးဆုံး စာလုံးများအစဉ်လိုက်ဖတ်ကြည့်သောအခါ. . . .

တာ

မွေ

ဗ

လီ

အ

နီး

သင်း

ချိုင်း

ဟူ၏။ကျွန်ုပ်လည်းမထင်မှတ်ဘဲ သဲလွန်စတစ်ခုရလိုက်ပြီမို့ ပီတိသောမနသကြီးစွာဖြင့် နေအိမ်သို့ ပြန်ခဲ့ချေတော့သည်တမုံ့။

အပြေးလေ့ကျင့်နေ တာကွ. . ."

■ ■ ■



**နေ** အိမ်၌ပတ်၍ ပြေးနေသော ကျွန်ုပ်ကို တပည့်ကျော်မောင်နှင်းမှ နားမလည်သလိုကြည့်ပြီး. . .

"လူဆိုးနဲ့ တစ်ယောက်ချင်း ယှဉ်ရမယ့်ဥစ္စာ၊ ကိုယ်ခံပညာ မလေ့ကျင့်ဘဲ ဘယ့်နှယ်အပြေးလေ့ကျင့်နေရတာလဲအဘဆရာ"

ကျွန်ုပ်လည်း ဤမျှလောက် အလိုက်မသိလှသော ကျွန်ုပ်၏ တပည့်ကျော်မောင်နှင်းအား. . .

"မင်းဘာသိလို့ လဲ ကွ။ ချွေးထွက်များမှ သွေးထွက်နည်းမှာ။ ဒါကြောင့် ရန်သူနဲ့

ရင်ဆိုင်တွေ့တဲ့အခါပြေးရအောင်. . . အဲလေ သက်လုံကောင်းအောင် အပြေးလေ့ကျင့်နေ တာကွ. . . ”

ဟု ဆိုလိုက်ပြီးကျွန်ုပ်လည်း လွန်စွာမောဟိုက်နေပြီမို့အပြေး ရပ်လိုက်ပြီး. . .

“ကဲ. . . မင်းလည်းအဆင်သင့်လုပ်ထား။ မင်းလည်း ညကျ ရင် ငါနဲ့လိုက်ခဲ့ရမယ်”

ကျွန်ုပ်စကားကြောင့် မောင်နှင်းမှာ တွန့်ခနဲဖြစ်သွားပြီး တံခါး ရွက်နားကွယ်၍ မခို့တချို့ဖြင့်. . .

“ကျွန်. . . ကျွန်တော်မလိုက်လို့မဖြစ်ဘူးလား ဟို. . ဟင်း ချက်စရာရှိလို့ အဘ. . . ”

ကျွန်ုပ်လည်းနေရာတကာကြောက်တတ်သော တပည့်လေး ကို အားမလိုအားမရဖြင့်. . .

“မလိုက်လို့ဖြစ်မလားကွ ငါတစ်ယောက်တည်း ကြောက်ပါ တယ်။ အဲလေငါတစ်ယောက်တည်းဆို လူဆိုးက သုံးလေးယောက်ဆို ဘယ့်နှယ်လုပ် မလဲ။ ကဲ. . . ကြာတယ်ကွာ။ အခုပြင်ဆင်ထားလိုက်”

ကျွန်ုပ်အား ချစ်ကြောက်ရိုသေသော တပည့်ကလေးမောင် နှင်းမှာ မည်သို့မျှစောဒကမတက်တော့ဘဲ

“ဟုတ်ကဲ့ ဟုတ်ကဲ့. . . ”

ဟုဆိုကာ အိမ်ထဲဝင်ရောက်သွားလေတော့သည်။

ည(၁၂)နာရီတိတိ တာမွေသင်္ချိုင်း။

ညအမှောင်ထဲအူခနဲဆွဲဆွဲငင်ငင် အော်လိုက်သောခွေးအူ သံကြောင့် မောင်နှင်းမှာကျွန်ုပ်၏ ပိန်လှီလှီလက်မောင်းကို အားကိုး တကြီး ဖက်တွယ်ဆုပ်ကိုင်လိုက်ပြီးတုန်ရင်သောအသံဖြင့်

“အဘ. . အဘ . . . ကျွန်. . . ကျွန်တော်ပြန်လို့ မရဘူးလား ဟင်။ သေး . . . သေးထွက်တော့မယ်”

ကျွန်ုပ်လည်း အားကိုးရမလား ထင်ပြီးခေါ်လာခဲ့သော

တပည့်၏အဖြစ်ကိုကြည့်ပြီး ဒေါသလည်းထွက်စိတ်လည်းပျက်သွားရသဖြင့်

"ငါလည်း ကြောက် အဲလေ. . ငါ့လိုမကြောက်တတ်အောင်လေ့ကျင့်ထားမှပေါ့။လာ . . . အရှေ့နားကိုသွားရအောင်"

မှောင်မှောင်စမ်းစမ်းတွင် တစ်ယောက်ကိုတစ်ယောက်အမှီသဟဲပြုဖက်တွယ်၍ လှမ်းဝင်လာခဲ့ကြ၏။

ဖွေးဖွေးလှုပ် အုတ်ဂူများ၊ ကြောက်မက်ဖွယ် သချိုင်းဇရပ်အို။ တပည့်ကလေးမောင်နှင်းကြောက်ရွံ့တုန်ရင်စွာ. . .

"အဘ. . . သေး. . . သေးကတကယ်ထွက်. . . ထွက်တော့မှာ။ ကျွန်တော်ကြောက်လှပြီ. . ."

သူ၏စကားကြောင့် ကျွန်ုပ်မှာလည်း . . .

"ငါ. . . ငါလည်း. . . ထွက်ဟာ . . . တယ်လေဒီကောင်ဒီမှာ ကြောက်ရတဲ့အထဲ အဲလေ လူဆိုးမတွေ့ရတဲ့အထဲ"

ကျွန်ုပ်လည်း တပည့်ကလေးမောင်နှင်းကို မကြောက်ရန်ပြောကြား အားပေးလိုက်စဉ်. . .

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ချောက်ချားဖွယ် ကျယ်လောင်သော ရယ်သံ၊ ဖြန်းခနဲ ထွက်ကျလာသော မောင်နှင်း၏ကြောက်သေး၊ တုန်ရင်သွားသော ကျွန်ုပ်၏ခန္ဓာကိုယ်အနီးအနားကျိုးကန်းတောင်းမှောက် ဝေ့ကြည့်လိုက်ရာ. . .

"ဟင်"

မာမွတ်နှင့်မောင်မှန်ကိုမြှုပ်ထားသော ဖြူဖွေးဖွေးအုတ်ဂူနှစ်ခုကြား အရက်ပုလင်းများနှင့် ကုလားဒိန်လူထွားကြီးတစ်ဦး။ ရေချိန်ကိုက်နေပြီထင့်။ ခေါင်းပင်မထောင်နိုင်တော့။ ကျွန်ုပ်တို့နှစ်ဦးလည်း အုတ်ဂူတစ်ခု၏နောက်ကွယ်သို့ အလျင်အမြန်ကပ် ၍ပုန်းလိုက်သည်။

"မှတ်ပလားကွ မာမွတ်နဲ့မောင်မှန် ငါတို့တားတားလူမျိုး

အရှင်သခင်စစ်ဘုရင် တိမူးရဲ့မကိုင်ရှုသရဖူကိုမှ ခိုးပြေးတယ်ဟုတ်လား။ ဟာ . . . တိမူးသခင်ရဲ့ အမွေကိုဆက်ခံထားတဲ့ တားတားသူရဲ ကောင်းမှန်မူးရဲ့ လက်စွမ်းကိုသိပြီမဟုတ်လားကွဟေ. . . ထိ"

လူထွားကြီး၏ကြိမ်းဝါးသံ။ ကျွန်ုပ်၏ခန္ဓာကိုယ်မှာတဆတ်ဆတ်။ မောင်နှင်းကတော့ ပြောစရာပင်မရှိ။ လူထွားကြီးအရက်ကိုတစ်ခွက်ထပ်မော့သောက်လိုက်ပြီး. . .

"ဟေ့. . . တားတားလူမျိုးတို့ရဲ့(၅၆၆) ဆက်မြောက် ဘုရင်မှန်မူးတဲ့ကွ။ သတ္တိရှိတဲ့ကောင်ထွက်ခဲ့ကြစမ်း"

(မှတ်ချက်။ ။တားတားလူမျိုး တိမူးဘုရင်မှာ တစ်ကမ္ဘာလုံးကို တိုက်ခိုက်သိမ်းပိုက်ခဲ့သော အရှေ့တိုင်းသား စစ်ဘုရင်ကြီးဖြစ်သည်။တားတားလူမျိုးများသည် ထိုခေတ်ထိုအခါက စစ်တိုက်ခြင်းကိုလွန်စွာ ဝါသနာထုံသူများဖြစ်၏။ 'တား' ဟူသောစကားမှာ မွန်ဂိုစကားဖြင့်ခြေသလုံးအိမ်တိုင်ဟုအဓိပ္ပာယ်ရ၏။ တားတားဆိုသဖြင့် ခြေသလုံးအိမ်တိုင်၊ ခြေသလုံးအိမ်တိုင် ဟုအဓိပ္ပာယ်ရ၏။)

ကျွန်ုပ်လည်း လူသတ်တရားခံကိုတွေ့ပြီမို့ လူသတ်တရားခံ ဖမ်းမိရန်အလို့ငှာ မောင်နှင်းအား. . .

"ဟေ့ကောင်မောင်နှင်း၊ လူသတ်တရားခံကတော့တွေ့ပြီ။ ဒီကောင်လောက်တော့ ငါမဖမ်းလောက်ဘူးကွ၊ မင်းထွက်ဖမ်းစမ်း"

ကျွန်ုပ်၏ စကားကြားရသည်နှင့်မောင်နှင်းမှာ မျက်ရည်များ ဝေ့ဝဲလာကာ မျက်နှာမှာလည်းမဲ့သွားပြီး . . .

"အဟင်. . . ဟင့်. . . ဟီး"

ဟူ၍ ဘာမပြောညာမပြောနှင့် ငိုချလိုက်သောကြောင့် ကျွန်ုပ်မှာအသံမထွက်စေရန် သူ၏ ပါးစပ်ကိုအလျင်အမြန်ပိတ်လိုက်ပြီး

"ဟေ့ကောင် ဘယ်လိုဖြစ်တာလဲ။ တရားခံဖမ်းဖို့ပြောတာနဲ့ ဘာလို့ ငိုရတာလဲ"

ကျွန်ုပ်စကားကို မောင်နှင်းမှတစ်ချက်နှစ်ချက်ရှိုက်ရင်း . . .

"အပဟီးကြောက်ပါတယ်ရှိနေမှအဘကလည်း ကျွန်တော့်ကိုပဲခိုင်းနေတယ်။ သူကျတော့ထွက်မဖမ်းဘဲနဲ့"

ဟု ဆိုလိုက်၍ ကျွန်ုပ်လည်း ဒေါသထွက်သွားပြီး . . .

"တိတ်စမ်း. . . ငါနားပန်ကျင်းထည့်လိုက်လို့ မကောင်းရှိရော့မယ်။ အခြေအနေမကောင်းရင်မင်းလိုက်ထွက်ခဲ့. . အစစအရာရာဘာကိုမှ လွှဲလို့မရဘူး. . . ဟွင်း. . ."

ဟုဆိုပြီးအမှောင်အားကိုးဖြင့်အုတ်ဂူများကို အကာအကွယ်ယူကာ လူထွားကြီးအနားတိုးကပ်ခဲ့လေသည်။

လူထွားကြီးမှာကျွန်ုပ်တို့ရောက်ရှိနေသည်ကို သတိမထားမိဘဲ အရက်ကိုသာတစ်ခွက်ပြီးတစ်ခွက်ဆင့်သောက်နေလေသည်။

ကျွန်ုပ်လည်း လူထွားကြီး၏အနားကိုရောက်သည်နှင့် လွှားခနဲခုန်ထွက်ပြီးသူ၏လက်ကိုဆွဲ၍ လက်သုံးတော်လက်ထိတ်ဖြင့်ခတ်ရန်ကြိုးစား၏။ လူထွားကြီးမှာလည်း သန်မာ၍ အတွေ့အကြုံရှိသူမို့ ဆတ်ခနဲရုန်းသည်။ ကျွန်ုပ်လည်းရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ သူ၏လက်ကိုမလွှတ်တမ်း လှမ်းဆွဲလိုက်ရာ. . .

"ဟင်"

လူကောင်ကြီးသလောက် ပိန်လှီသောလက်ကလေး။ ကျွန်ုပ်လည်းစဉ်းစားမနေတော့ဘဲ ပိန်လှီသောလက်ကိုပင် ဆွဲ၍လက်ထိတ်ခတ်လိုက်တော့သည်။

"ကလစ်"

လူထွားကြီးကရုန်းကန်ဆဲ။ ကျွန်ုပ်လည်းပို၍ သေချာစေရန်သူထွက်ပြေးလို့မရအောင်ကျွန်ုပ်၏ ညာဘက်လက်ကောက်ဝတ်သို့လက် ထိတ်ဆွဲခတ်လိုက်သည်။

"ကလစ်"

လူထွားကြီး ငြိမ်ကျသွား၏။အားမှမသန်တော့ မာန်လျှော့ပေတော့ မောင်မှန်မူး. . .။ ကျွန်ုပ်လည်း ဟန်ပါပါဖြင့် . . .

"ကဲ. . . မောင်ရင် ကျွန်ုပ်တို့နဲ့ ရဲစခန်းလိုက်ခဲ့ပေတော့. . ."

ကျွန်ုပ်၏ စကားကိုလူထွားကြီးမှ မျက်မှောင်ကြုတ်၍. . .

"ဘာလို့ လိုက်ရမှာလဲ"

ကျွန်ုပ်လည်း ဟန်ပါပါပြုံးရင်း

"ဒါကစခန်းရောက်မှရှင်း။ အခုမောင်ရင့်ကို ကျွန်ုပ်လက်ထိတ်ခတ်ပြီးပြီ. . ."

လူထွားကြီးသည် ကျွန်ုပ်ကိုမခိုးမခန့်ကြည့်ရင်း . . .

"ဘယ်မှာလက်ထိတ်ခတ်ထားလို့လဲ"

ဟု ဆို၍သူ၏လက်နှစ်ဖက်ကိုမြှောက်ပြသော် သူ၏လက်နှစ်ဖက်လုံးတွင် လက်ထိတ်မရှိ။

"ဟင်"

"အဘိုးကြီးမှောင်မှောင်စမ်းစမ်းမှာ ဘာမှလည်းမမြင်ဘဲနဲ့ ကိုယ့်လက်ကိုပြန်ကြည့်ပါဦး"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်းကပျာကယာ ကျွန်ုပ်၏လက်နှစ် ဖက်ကို ငုံ့ကြည့်လိုက်ရာ. . .

"ဟိုက် သောက်တလွဲ"

ကျွန်ုပ်၏ လက်နှစ်ဖက်လုံး လက်ထိတ်ခတ်လျက်သား။ခုန မှောင်မှောင်စမ်းစမ်းတွင် ကြောက်ကြောက်လန့်လန့်နှင့် လှမ်းဆွဲ၍ လက်ထိတ်ခတ်လိုက်သော ပိန်လှီလှီလက်တစ်ဖက်မှာ ကျွန်ုပ်၏လက် ဝဲဖြစ်ပြီး သူထွက်ပြေး၍မရအောင်ခတ်လိုက်သော လက်တစ်ဖက်မှာ ကျွန်ုပ်၏ညာဖက်လက်ဖြစ်သောကြောင့် ကျွန်ုပ်လက် ကျွန်ုပ်လက် ထိတ်နှင့် ကျွန်ုပ်ခတ်လျက်သားဖြစ်နေချေတော့၏။

အနီးလူထွားကြီးမှာ ညအမှောင်တွင် ကျွန်ုပ်ကိုအသေအချာ စိုက်ကြည့်ပြီး. . .

"အောင်မယ်. . . ဘယ်သူများမှတ်တယ်။ စုံထောက်ရှော် ကြီးအိုင်အိုဒင်းကိုကိုကြီးကိုး။ဟပ်ဟပ်အခန့်သင့်လိုက်လေဗျာ"

ဟုဆိုပြီးကျွန်ုပ်အနီးသို့ ထလာလေသည်။ ကျွန်ုပ်လည်းလက် ထိတ်ခတ်လျက်သားကြီးနဲ့မို့ ဘာမှလှုပ်ရှားရ၍မရ။ဇောချွေးများကသာ တစိမ့်စိမ့်။ ကျွန်ုပ်လည်း အနီးလူထွားကြီးကို မျက်ခြည်မပြတ်ရန် အာရုံစိုက်နေရ၏။ လူထွားကြီးသည် ကျွန်ုပ်ကိုတစ်ပတ်ပတ်လိုက်ပြီး ကျွန်ုပ်၏မြီးညှောင့်ရိုးကို ခပ်ဆတ်ဆတ်တစ်ချက်ကန်လိုက်သည်။

"ဖုန်း . . ."

"အောင်မလေးဗျ"

ကျွန်ုပ်လည်း နှုတ်မှအကျင့်ပါနေသည့်အတိုင်း အမတ္တဝါယ နဂါထာနည်းအတိုင်း အမိကိုတသည့်ဂါထာ အောင်မလေးဗျဟု ရေရွတ်မိတော့၏။ ဤသည်ကို လူထွားကြီးက. . .

"အောင်မာ အခုမှကြောက်နေပြီပေါ့လေ။ ဒီလိုမှနာတယ်ဆို ဟောသည်လိုဆုံးမမယ်ဗျာ. . ."

ဟုဆိုပြီးကျွန်ုပ်၏ချိုင်းကလိကို သူ၏လက်ညှိုးနှင့်လိုက် ထိုး သောကြောင့် နဂိုအူရွှင်သော ကျွန်ုပ်မှာ. . .

"ဟလို ဟော့ . . . ဟော့ . . သူငယ် မလုပ် . . . မလုပ်နဲ့လေ။ ဟား. . . ယား . . ယားတတ်ပါတယ်ဆိုနေမှ ဟော့. . အဟိ. . ."

ဟုဆိုပြီး ယားလွန်း၍ဒိုးဒိုးဒန့်ဒန့်နှင့်တွန့်လိမ်သွား၏။ကျွန်ုပ် ၏အဖြစ်ကိုကြည့်ပြီး လူထွားကြီးမှာသဘောကျသွားရော့ထင့် . . .

"ဟား ဟား ယား ယားတယ်ပေါ့လေ. . . ကဲ. . . ယားဦး ယားဦး"

ဟုဆိုပြီးချိုင်းနှစ်ဖက်ကို မလွတ်တန်းအဆက်မပျက်ထိုးနေရာ

"ဟာ . . . ဟော့ကောင်. . . ဟား. . ဟား. . ဟား. . . ဟိ မလုပ်. . . ယားခွိခွိ ခွိ. . ."

နှင့် တက်မတတ် ချက်မတက် ရယ်လိုက်ရှောင်လိုက်နှင့် ဖြစ်နေသောကြောင့် ကျွန်ုပ်တို့နှစ်ဦး၏အဖြစ်မှာ မတွေ့တာကြာသော မိတ်ဟောင်း ဆွေဟောင်းများ ယခုမှပြန်တွေ့ရ၍ အပျော်လွန်ပြီး 'က'

နေသကဲ့သို့ဖြစ်နေချေတော့၏။

ဤတွင် ကျွန်ုပ်၏တပည့်ကျော်ကလေး မောင်နှင်းမှာလည်း ကျွန်ုပ်တို့နှစ်ဦးကို ကြည့်၍မည်သို့မည်ပုံ သဘောပေါက်သည်မသိ။ အုတ်ဂူနောက် ပုန်းအောင်းနေရာမှ ထလာပြီး ခြေကွေးလက်ကွေးနှင့် ကျုပ်တို့ထံ ပြေးဝင်လာကာ. . .

"ပျော်တယ်ဟေ့ . . . ပျော်တယ်။ ကျွန်တော်လည်းအကပိုး သတ်ချင်နေတာကြာပြီ။ 'က' မဟ။ အဘတို့မိတ်ဟောင်းဆွေဟောင်း တွေတွေ့ဆုံတုန်းကမဟ. . . ဒါဟကျလီရေ့ တော်မေစရီဗျက်ရေ့ အာဘယ်ဆူးရေရီး. . . "

ဟုဆိုပြီး ကျုပ်တို့နှစ်ဦးကို ပျော်၍ကနေသည်ထင်ပြီး သူပါ ဝင်ကရန်အတွက် 'က' ကွက်ထွင်၍ ပြေးလာလေတော့သည်။

မောင်နှင်းပြေးဝင်လာသည်ကို လူထွားကြီးမြင်သော် သူ့ကို ကျွန်ုပ်တို့အဖွဲ့ဝိုင်းထားပြီထင်၍လားမသိ။ သုတ်ခနဲလှည့်အပြေး သူခုနကချထားသော အရက်ပုလင်းများကိုချော်နင်းမိကာ အရက် ပုလင်းပေါ် စကိတ်လို လိမ့်သွားပြီး အုတ်ဂူတစ်ခုပေါ် သို့ပြုတ်အကျ. .

"ဖုန်း"

"ခွပ်"

"အင့်"

အခန့်သင့်ပင်လူထွားကြီး၏ ဦးချိုစောင်းနှင့်မိတ်ဆက်သွား သော အုတ်ဂူစောင်း။

လူထွားကြီးမှာအသံပင်မထွက်နိုင်တော့ဘဲ တစ်ချက်တည်း ငြိမ်သက်သွားလေတော့သည်။ ကျွန်ုပ်လည်း ရရှိသောအခွင့်အရေးကို လက်လွတ်မခံတော့ဘဲ. . .

"မောင်နှင်း လက်ထိတ်ခတ်လိုက်စမ်း"

မောင်နှင်းမှာ ယောင်နနနှင့်။

"အဘ. . . သူငယ်ချင်းကိုလက်ထိတ်ခတ်လို့ မသင့်တော်

ဘူးထင်တယ်. . .”

ကျွန်ုပ်လည်း သူ၏စကားကိုဒေါသထွက်သွားရပြီး . . .

“နင့် . . . ကလိန်းသူငယ်ချင်းရမှာလား။ လူသတ်တရားခံ ကွ။ လူသတ်တရားခံ. . .”

ဟုဆိုလိုက်တော့မှ မောင်နှင်းမှမယုံတစ်ဝက် ယုံတစ်ဝက်နှင့် လူထွားကြီးကို လက်ထိတ်ခပ်လိုက်သည်။ ပြီးမှ. . .

“ဟုတ်ရဲ့လားအဘရယ်။ ခုနက အဘတို့မိတ်ဟောင်း ဆွေဟောင်းတွေ ပြန်တွေ့လို့ဝမ်းသာပြီးကနေတယ်ထင်ပြီး ကျွန်တော်တောင်ပျော်လို့ဝင်ကလိုက်သေး. . .”

ကျွန်ုပ်လည်း ဤမျှဒုံးဝေးလှသော တပည့်လေးကို. . .

“အိမ်း . . . ကနေတာ မဟုတ်ဘူးကွယ့်။ ဒါ . . . သင်္ကေတ အကပဥ္စလက်ဗျူဟာကို အသုံးပြုနေခြင်းအားဖြင့် ဘေးကကြည့်သူနဲ့ တရားခံဟာဝမ်းသာလို့ကနေတယ်ထင်ပြီးမျက်စိမှောက်တတ်တယ်ကွယ်”

ဟုဖြီးဖြန်းရာမောင်နှင်းကလေးမှာ ကျွန်ုပ်ကိုလေးစားအားကျသော မျက်ဝန်းအစုံနှင့်ကြည့်ပြီး . . .

“သိပ်ထူးဆန်းတဲ့ပညာရပ်ပဲအဘဆရာ။ ကျွန်တော့်လိုဆရာရင်းတပည့်တောင် တကယ်ဝမ်းသာလို့ ကနေတယ်ထင်ပြီးဝင်ကမိသွားသေး။ ဒါနဲ့ အဘဆရာရဲ့လက်နှစ်ဖက်လုံး လက်ထိတ်ခတ်ထားတာကရော”

ကျွန်ုပ်လည်းပေါက်သည့်နဖူးမထူးမှကိုး၊ မင်သေသေနှင့်. .

“ဒါကတော့ တစ်ဖက်ရန်သူနဲ့ကျွန်ုပ်ဟာ အင်အားမမျှတလွန်းလို့ တစ်ဖက်သတ်အနိုင်မယူချင်တာနဲ့ ကိုယ့်လက်ကိုယ်လက်ထိတ်ခတ်ပြီးယှဉ်ပြိုင်လိုက်တာပဲ။ တရားမျှတစွာ အနိုင်ယူချင်လို့ပေါ့ကွယ်”

ဟုဆိုလိုက်ရာမောင်နှင်းမှာကျွန်ုပ်ကို ထိုင်ကန်တော့မတတ် ပင်ရှိသေလေးစားသွားရချေတော့သည် တမုံ့။

နောက်တစ်နေ့မနက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသတင်းစာဖြစ်သော ခရော်နီကယ်သတင်းစာ၌ မာမွတ်မောင်နှင့် မောင်မှန်ကို သတ်သောတရားခံ တားတားလူမျိုးတို့၏ ဧကရာဇ်တိမူး၏အနွယ် မှန်မူးအား နှစ်ရက်အတွင်း လက်ရဖမ်းဆီးလိုက်ကြောင်းနှင့် တရားခံမှာ လွန်စွာထွားကျိုင်းသန်မာ သူဖြစ်သော်လည်း ကျွန်ုပ်အိုင်အိုဒင်းကို ကိုကြီးမှ ပညာရည်မမျှလွန်း၍ မိမိကိုယ်မိမိ လက်ထိတ်ခတ်ဖမ်းဆီးခဲ့ကြောင်းကို သတင်းစာခေါင်းကြီးပိုင်း၌ အကျယ်တဝင့်ဖော်ပြခဲ့ချေတော့သည်တမုံ့။

■ ■ ■

"

သေသူကိုသိတယ်။
သတ်တဲ့အချိန်မှာရှိတယ်။
ဘာကြောင့်
သတ်လဲသိတယ်။
လူသတ်တရားခံကိုသိတယ်။
ဒါပေမယ့်သူမပြော
နိုင်ဘူးဆိုကတည်းက
လူသတ်တရားခံဟာ
ဘယ်သူဖြစ်မလဲ

"





*ပါပါအကုန်သိတယ်*

"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ယခုအမှုတွင် လူသတ်တရားခံအဖြစ် စွဲချက်တင်ထားသူ (ဘ) ဦးထွားကြီး၏ သားမောင်ဘိုကြည်သည် လူသတ်မှုတွင် မျက်မြင်သက်သေအနေဖြင့်လည်းကောင်း၊ အသိ

# အိုင်အိုဒင်းကိုကိုကြီး နှင့် ဖီလိုဆိုဖီမောင်ပါစီ

သက်သေများဖြင့်လည်းကောင်း၊ မည်သို့မျှစွဲချက်တင်ရန်မရှိသဖြင့် ဤလူသတ်မှုနှင့်မည် သို့မျှမသက်ဆိုင်ကြောင်း ဤရုံးတော်မှ ဆုံးဖြတ်ရပေမည်။ သို့ ဖြစ်၍ ဤလူသတ်မှုနှင့် စွဲချက်တင်ခံထားရသော (ဘ) ဦးထွား၏သားမောင်ဘိုကြည်အား လူသတ်မှုနှင့်မည်

သို့မှ မသက်ဆိုင်၍ အမှုမှကွင်းလုံးကျွတ်လွတ်ရပေမည်။ ထို့ကြောင့် နောက်ဆုံးအနေဖြင့် ဤလူသတ်မှုအတွက် မျက်မြင်သက်သေများရှိပါ သလား. . .”

မည်သူမျှမလှုပ်။

“အသိသက်သေများရှိပါသလား”

“ရှိတယ်၊ ပါပါအကုန်သိတယ်”

တရားရုံးထောင့်မှ အသံတစ်ခုကြောင့် တစ်ရုံးလုံးရှိလူအား လုံးလှုပ်လှုပ်ရွရွဖြစ်သွားကြ၏။

“ကိုင်း . . . သိတယ်ဆိုရင် အစစ်ခံရန် ရုံးတော်ရှေ့ကြွပါ”

အသားညိုညိုဆံပင်လိမ်ခွေခွေနှင့် လူလုံးလူဖန်ကောင်း ကောင်း အသက်သုံးဆယ်ခန့် လူရွယ်တစ်ဦး ရုံးရှေ့သို့ တစ်လှမ်းချင်း ထွက်လာပြီး တရားသူကြီးရှေ့ သက်သေအစစ်ခံသည့်ခုံတွင် ကျေနပ်ရွှင် ရစွာ ဝင်ထိုင်လိုက်၏။ တရားသူကြီးမှ ထိုသူကိုအသေအချာစိုက်ကြည့် ပြီး . . .

“ယခုလူသတ်မှုဖြစ်တဲ့အကြောင်းကို မောင်ရင်အကုန်သိ တယ်နော်. . .”

တရားသူကြီး၏ အမေးကိုလူရွယ်မှ မဆိုင်းမတွပင် . . .

“သိတယ် . . . ပါပါအကုန်သိတယ်”

“အသတ်ခံရတဲ့ငွေတိုးချေးစားတဲ့တရုတ်မ ဒေါ်နုကိုရော သိသလား”

လူရွယ်မှ မဆိုင်းမတွပင်

“သိတယ် . . . ပါပါအကုန်သိတယ်”

“ဒါဆိုသူအသတ်ခံရတဲ့ အချိန်မှာရော မောင်ရင်ရှိတယ်ပေါ့”

“ရှိတယ် . . . ပါပါအကုန်သိတယ်”

“ဒါဆို. . . တရုတ်မဒေါ်နုအသတ်ခံရတာကို မောင်ရင် ကောင်းကောင်းမြင်လိုက်တာပေါ့. . .”

"မြင်တယ် . . . ပါပါအကုန်သိတယ်"

ထိုသူ၏ စကားကိုတရားသူကြီးမှ အားတက်သရောဖြင့်-

"ဒါဖြင့် တရားခံဟာဘယ်သူလဲ"

တရားသူကြီး၏ အမေးကိုထိုသူမှရုတ်တရက်မဖြေသေးဘဲ စဉ်းစားနေ၏။ အတန်ကြာမှ. . .

"ဒါ . . . အခုပြောလို့မဖြစ်သေးဘူး. . ."

"ဟာ . . ."

"ဟင် . . ."

ထိုသူ၏စကားကြောင့် တရားသူကြီးအပါအဝင် ကြားနာနေကြသောပရိသတ်များပါအာမေဋိတ်သံများ ဆူညံသွားလောက်အောင် အံ့အားသင့်သွားကြရလေသည်။ ပြီးနောက်တရားသူကြီး၏မျက်နှာကြီးနီမြန်းသွားပြီး. . .

"ဒါဆို ဘယ်တော့ပြောမလဲ"

တရားသူကြီး၏အမေးကို ထိုသူမှ ရုတ်တရက် အဖြေမပေးသေးဘဲ စဉ်းစားပြီး . . .

"ရှေ့ရမန်ကြီးတစ်ပတ်ထဲမှပြောမယ် . . . တရားသူကြီးသာ ဆက်ဆက်ရောက်အောင်လာခဲ့ပါ. . . ဘာကြောင့်ဆို ပါပါအကုန်သိနေတယ်လေ. . ."

ထိုသူ၏စကားကိုအံ့အားသင့်သွားကြပြီး. . .

"အလို . . . ဘယ်လိုလုပ်ပါလိမ့်"

"အေးလေ . . . တရားသူကြီးကိုသူကပြန်ချိန်းရတယ်လို့"

"ဒီလူသတ်တရားခံကို တကယ်ရောသိလို့လား"

"အေးလေ . . . လူပုံက အူကြောင်ကြောင်နဲ့"

စသည်ဖြင့် ဆူညံသွားလေ၏။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တရားသူကြီး၏ တူထုသံကြောင့်အားလုံးပြန်ငြိမ်သွားကြပြန်

သည်။

"မင်း လူသတ်တရားခံကိုတကယ်သိတယ်နော်"

လူရွှယ်မှ မဆိုင်းမတွပင်

"သိတယ် . . . ပါပါအကုန်သိတယ်"

"ရှေ့ရမန်ကြီးတစ်ပတ်မှာမင်းလာပြီး လူသတ်တရားခံကို ပြောပြရမယ်နော်. . ."

"ပြောမယ် . . . ပါပါအကုန်သိတယ်"

"ကိုင်း . . . ဒါဆိုရင် မောင်ရင်ရှေ့ရမန်ကြီးတစ်ပတ်မှာ မပျက်မကွက် လာရောက်အစစ်ခံပါ"

တရားသူကြီး၏စကားကို လူရွှယ်မှလည်း အားကျမခံ. . .

"တရားသူကြီးလည်း မပျက်မကွက် ဆက်ဆက်လာခဲ့ပါ"

ထိုသူငယ်၏စကားကြောင့် တရားရုံးတစ်ခုလုံး တအုန်းအုန်း နှင့်ပွဲကျသွားလေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တရားသူကြီး၏တူထုသံကြောင့် အားလုံးပြန်လည်ငြိမ်သက် သွားကြလေသည်။

"ကိုင်း . . . ဒါဆိုမောင်ရင်သွားလို့ရပြီ။ ဩော် ဒါနဲ့မောင် ရင့်နာမည်က. . ."

တရားသူကြီး၏အမေးကိုလူရွှယ်မှ တစ်လုံးချင်းပြန် ဖြေလိုက် သည်. . .

"ဖီ လို ဆို ဖီ မောင် ပါ စီ"

■ ■ ■

"

**ဖီလိုဆိုဖီဆိုတာ လူတစ်ယောက်စိတ်ကို ခံစားတတ်ရတယ်။ ခင်ဗျားစဉ်းစားကြည့်စမ်း။ ခင်ဗျား ခေါင်းပန်းလှန်နေတုန်း ကျုပ်စိတ်ထဲမှာ ဘယ်လိုရှိနေမလဲဆိုတာ . . .**

"



**ဖီလိုဆိုဖီ**မောင်ပါစီသည် လက်ဖက်ရည်တစ်ကျိုက်ကို တရှိုက်မက်မက် မော့သောက်လိုက်ပြီး ခွက်ကိုစားပွဲပေါ်သို့ပြန်ချလိုက်သည်။ သူ့နံဘေးမှလူများက သူ့ကို တအံ့တသြကြည့်ရင်းတစ်ဦးမှ . . .

"ဖီလိုဆိုဖီဆိုတာ ဘာအဓိပ္ပာယ်လဲ"

ဖီလိုဆိုဖီမောင်ပါစီသည် သူ၏အမေးကိုမဖြေသေးဘဲ လက်ဖက်ရည်တစ်ကျိုက်ကိုတရှိုက်မက်မက် ထပ်မော့သောက်လိုက်လေသည်။ ပြီးမှ . . .

"ဖီလိုဆိုဖီဆိုတဲ့ အဓိပ္ပာယ်ကို

သိချင်သလား"

အားလုံးခေါင်းညိတ်ကြသည်။ ဖီလိုဆိုဖီမောင်ပါစီမှ ထိုသူအားလုံးကို မိန့်မိန့်ကြီး ပြုံးကြည့်ပြီး-

"ခင်ဗျားမှာ အကြွေစေ့ပါလား . . ."

မေးသောသူမှာ သူ၏အိတ်ကပ်ကို ကပျာကယာနှိုက်စမ်းပြီး

"ပါပါတယ်။ . . . ဒီမှာမူးစေ့ တစ်စေ့. . ."

ပါစီမှ ထိုသူကိုပြုံးကြည့်ရင်း. . .

"ခင်ဗျား ဖီလိုဆိုဖီရဲ့ အဓိပ္ပာယ်ကို သိချင်တယ်နော်"

ထိုသူမှအလျင်စလို ခေါင်းညိတ်ပြ လိုက်ပြီး. . .

"ဟုတ်ကဲ့။ သိချင်ပါတယ်. . ."

ပါစီမှ ပြုံးတုံ့တုံ့နှင့် ခေါင်းညိတ်ရင်း. . .

"ဒါဆိုကောင်းပြီ။ ခင်ဗျားရဲ့ အကြွေစေ့လေးကိုအပေါ်ကို မြှောက်တင်လိုက်. . ."

ပါစီပြောသည့်အတိုင်းထိုသူမှာမူးစေ့လေးကို အပေါ်သို့ မြှောက်တင်လိုက်သည်။

အကြွေစေ့လေးမြေပေါ်မကျခင် ပါစီမှ လမ်းခုလတ်မှဖြတ်၍ ဖမ်းပြီး သူ၏ဘေးမှ သူ၏တပည့်လေး မြရာ၏လက်ထဲကိုမူးစေ့ကလေး ထိုးပေးလိုက်၏။

"သွား . . . စီးကရက်တစ်ဘူးသွားဝယ်ခဲ့။ ပိုတာမင်းယူလိုက်"

သူ၏စကားကြောင့် ကျန်သူအားလုံး မျက်လုံးပြူးသွားပြီး-

"ဟေ့လူ ဘာလုပ်တာလဲ။ အဲဒါကျုပ်ပိုက်ဆံဗျ"

ထိုသူ၏စကားကို ပါစီမှအေးဆေးစွာပင် . . .

"ခင်ဗျား ဖီလိုဆိုဖီအကြောင်းသိချင်တယ်ဆို"

"ဟုတ်တယ်လေဗျာ။ ဒါပေမယ့် ကျုပ်ပိုက်ဆံက . . ."

"အေး. . . အဲဒါဖီလိုဆိုဖီပဲ။လူတစ်ယောက် ရဲ့စိတ်ခံစားမှုကို ပျော်အောင်၊ ရွှင်အောင်၊ စိတ်ညစ်အောင်၊ မုန်းတီးအောင် လှည့်စားနိုင်

တာ ဖီလိုဆိုဖီပဲ. . .”

ပါစီ၏ စကားကြောင့် ထိုသူငိုင်သွား၏။

“ဖီလိုဆိုဖီဆိုတာ လူတစ်ယောက်စိတ်ကိုခံစားတတ်ရတယ်။ ခင်ဗျား စဉ်းစားကြည့်စမ်း။ ခင်ဗျားခေါင်းပန်းလှန်နေတုန်း ကျုပ်စိတ်ထဲမှာ ဘယ်လိုရှိနေမလဲဆိုတာ”

ထိုသူခေါင်းခါ၏။ ပါစီမှ ထိုသူကိုမခိုးမခန့်ကြည့်ပြီး . . .

“အေး. . . အဲဒါကြောင့်ပြောတာ။ အသေအချာစဉ်းစားကြည့်။ ဖီလိုဆိုဖီရဲ့ ဒုတိယအဆင့်ကိုတရေးရေးမြင်လာလိမ့်မယ်။ ကဲ. . . ကျုပ်သွားပြီ။ ခင်ဗျားအဲဒါလေးစဉ်းစားထား နောက်ကြုံရင်စစ်မှာနော်. . .”

ဟုဆို၍သူ၏တပည့်ကလေးမြရာနှင့် အတူထသွားလေတော့သည်။

(မှတ်ချက်-မြရာမှာ သောကြာကောင်ကောင်၏တပည့်ကောင်းလည်းဖြစ်ဖူးသေး၏။ မြရာသည် ဆရာစုံ၌တပည့်ခံပြီး နောင်တစ်ချိန်၌ အလွန်မှန်သည့် အတတ်ဟောဆရာ ဖီလိုဆိုဖီ မောင်မြရာ ဖြစ်လာသည်။) ဖီလိုဆိုဖီပါစီတို့ထသွားပြီး ထိုသူမှာ အလေးအနက်စဉ်းစားကျန်ရစ်ခဲ့သည်။ ဖီလိုဆိုဖီရဲ့ပထမအဆင့် မတ်စေ့ယူပြီးစီးကရက် ဝယ်သောက်တယ်။ ဖီလိုဆိုဖီရဲ့ဒုတိယအဆင့်။

ထိုသူသည်အသေအချာစဉ်းစားသည်။ ပြီးမှစားပွဲဝိုင်းသို့ဝေ့ကြည့်လိုက်ပြီး . . .

“ဟာ . . .”

ဟူ၍အာမေဋိတ်သံ ထွက်သွားပြီး. . .

“လက်ဖက်ရည်ဖိုးလဲ မရှင်းသွားဘူး. . .”

ဟုအံ့သြတကြီး ရေရွတ်ရင်း သူ၏နဖူးကိုလက်ဝါးနှင့်ရိုက်ပြီး

“သေပါပြီ။ ဖီလိုဆိုဖီမောင်ပါစီရယ်. . .”

ဟု ရေရွတ်လိုက်ပြန်လေသည်။

■ ■ ■

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တရားရုံးတစ်ခုလုံး ငြိမ်သက်သွားသည်။

"ရန်ကုန်တိုင်း၊ ကျောက်မြောင်းမြို့နယ်တွင်း အသတ်ခံရတဲ့ ဒေါ်နုအမှု အတွက် မျက်မြင်သက်သေ၊ အသိသက်သေအဖြစ် အစစ်ခံမည့် ဖီလိုဆိုဖီမောင်ပါစီ အစစ်ခံရန်ရုံးတော်သို့ကြွပါ"

ဖီလိုဆိုဖီမောင်ပါစီက္ကန္ဒြေရစွာ လှမ်းလာပြီးသက်သေအစစ်ခံသည့်ခုံသို့ဝင်ထိုင်လိုက်သည်။ တရားသူကြီးက အသေအချာစိုက်ကြည့်ပြီး . . .

"ယခု အသတ်ခံရတဲ့ငွေတိုးချစားသူ တရုတ်မကြီး ဒေါ်နုကို မောင်ရင်သိတယ်နော်. . ."

ဖိလိုဆိုဖီမောင်ပါစီမှာ မဆိုင်းမတွ. . .

"သိတယ်။ ပါပါအကုန်သိတယ်"

"အသတ်ခံရတဲ့ အချိန်မှာလဲ မောင်ရင်ရှိတယ်နော်"

"ရှိတယ်။ ပါပါအကုန်သိတယ်"

"ဒါဖြင့်သတ်တဲ့လူကိုမောင်ရင် ကောင်းကောင်းမြင်လိုက်မှာ ပေါ့. . ."

"မြင်တယ်။ ပါပါအကုန်သိတယ်"

"ဒါဖြင့် လူသတ်တရားခံဟာ ဘယ်သူလဲ"

"သိတယ်။ ဒါပေမယ့် ပါပါအခုမပြောဘူး"

"ဟာ . . ."

"ဟင် . . ."

"အလို . . ."

"ဘယ်လိုဖြစ်တာလဲ"

သူ၏စကားကြောင့် တရားသူကြီးအပါဝင်မျှော်လင့်တကြီး နှင့် စိတ်ဝင်တစား ကြားနာနေကြသော ပရိသတ်အားလုံးအံ့အားသင့် သွားကြလေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တရားသူကြီးမှ ရုံးငြိမ်သက်စေရန် တူကိုခပ်ကြမ်းကြမ်းထုပြီး

"ဒါဆို ဘယ်တော့ပြောမလဲ"

တရားသူကြီး၏ အမေးကိုဖိလိုဆိုဖီမောင်ပါစီမှ အတန်ကြာ စဉ်းစားပြီး . . .

"ရှေ့ရမန်ကြီးတစ်ပတ်မှာပြောမယ်။ တရားသူကြီးသာ ဆက်ဆက်လာခဲ့"

ဟုဆိုလိုက်ရာ တစ်ရုံးလုံးဆူပွက်သွားလေသည်။

"ဟော့ကောင် ပြီးခဲ့တဲ့အပတ်တုန်းကလည်း ဒီလိုပဲ"

"ဟုတ်တယ်။ ဒီကောင်လာပြီးနှောင့်ယှက်နေတာ"

"သိရင်ပြောလိုက်ပေါ့။ မသိလို့ဖြစ်မှာပေါ့"

"ဟုတ်တယ်။ ရုပ်ကိုက အူလည်လည်နဲ့"

စသည်ဖြင့်ဆူညံနေစဉ် . . .

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တရားသူကြီး၏ တူထုသံကြောင့် တရားရုံးတစ်ခုလုံးငြိမ်သက်သွားပြန်လေသည်။

"မောင်ရင်တရားရုံးလာပြီးနှောင့်ယှက်နေတာလား"

တရားသူကြီး၏ အမေးကိုမောင်ပါစီမှ . . .

"အလိုဗျာ။ တရားရုံးလာပြီးနှောင့်ယှက်နေရအောင် ကျုပ်က ရှေ့နေပွဲစားမှမဟုတ်တာ"

ဖီလိုဆိုဖီမောင်ပါစီ၏အဖြေစကားကြောင့် တရားရုံးရှေ့နေ၏ မျက်နှာမှာ ကွမ်းသွေးစွန်းသလိုရဲခနဲ ဖြစ်သွားပြီး . . .

"တရားသူကြီးမင်းခင်ဗျာ. . . အသတ်ခံရသူ တရုတ်မကြီး ဒေါ်နူရဲ့အမှုအတွက် သက်သေအစစ်ခံရန်ရောက်လာသူ ဖီလိုဆိုဖီ မောင်ပါစီဆိုသူမှာ ဘာမှလည်းအစစ်မခံဘဲ တရားရုံးကိုမထီမဲ့မြင် ပြုခြင်းအတွက် ပြင်းပြင်းထန်ထန် အရေးယူသင့်ပါတယ်"

တရားရုံးရှေ့နေ၏ စကားကြောင့် တစ်ရုံးလုံးမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်ပြီး . . .

"ဟုတ်တယ်"

"မှန်တယ်။ ဒီလိုလူမျိုးပြတ်ပြတ်သားသား ဆုံးမသင့်တယ်"

"မဆိုင်ဘဲဝင်ရှုပ်တဲ့ကောင် ထိတာပဲကောင်းတယ်"

စသည်ဖြင့် ဆူညံသွားကြပြန်လေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း"

"ရှေ့နေရဲ့လျှောက်လဲချက်ဟာ သင့်တော်ပါပေတယ်။ ဒါ ကြောင့် နောင်ဤကဲ့သို့ တရားရုံးကိုလာရောက်မထီမဲ့မြင်ပြုသူမရှိရ အောင် စံနမူနာပြုအနေဖြင့် ဖီလိုဆိုဖီမောင်ပါစီအား ထောင်ဒဏ်

ဆယ့်ငါးရက်ကျခံစေရန် ဤရုံးတော်မှအမိန့်ချမှတ်လိုက်တယ်”

တရားသူကြီး၏စကားဆုံးသည်နှင့် ဖီလိုဆိုဖီမောင်ပါစီ၏ မျက်နှာမှာချက်ချင်းညှိုးရော်သွား၏။ တရားရုံးသို့လာရောက်ကြား နာကြသော ပရိသတ်များကတော့ဝမ်းသာအားရဖြင့်. . .

“ဒါ လုပ်သင့်တယ်”

“ဒီကောင်မျိုး ထိသင့်တယ်”

“ဟုတ်တယ်ဒီလောက်ရှုပ်တဲ့ကောင်”

စသည်ဖြင့်ဆူညံနေစဉ် ဖီလိုဆိုဖီမောင်ပါစီမှာ ညှိုးရော်သောမျက်ဝန်းအစုံဖြင့်. . .

“တရားသူကြီးခင်ဗျာ။ အမိန့်ကိုထပ်ပြင်လို့မရတော့ဘူးလား”

မောင်ပါစီ၏ညှိုးရော်ရော်အမေးကို တရားသူကြီးမှကျေနပ်သလိုပြုံးရင်း. . .

“ဒါကမောင်ရင့်ကိုနောင်တရားရုံးမှာ မထိမဲ့မြင်မပြုရဲအောင် စံနမူနာအနေနဲ့ ဆုံးမတာပဲ။ ဘာလဲ။ ဆယ့်ငါးရက်များလို့လား”

ဟု အမေးကိုဖီလိုဆိုဖီမောင်ပါစီမှ. . .

“ဘယ့်နှယ်များလို့ရမှာလဲ။ နည်းလို့ဗျနည်းလို့။ ဒီလောက်ရှုပ်တဲ့ကောင်ဆိုပြီး အမှန်ဆိုသုံးလလောက်တော့ အနည်းဆုံးချသင့်တယ်။ ထောင်ထဲမှာကအချိန်တန်ရင် ထမင်းပုံမှန်စားရတယ်။ လုပ်ပါဗျာ။ သုံးလလောက်တော့ပြောင်းချပေးပါ”

“ဟေ”

ဖီလိုဆိုဖီမောင်ပါစီ၏ စကားကြောင့်တရားသူကြီးအပါအဝင် တရားရုံးတစ်ခုလုံးရှိ လူများအံ့အားသင့်သွားရလေသည်။ ဖီလိုဆိုဖီမောင်ပါစီမှ အလျှော့မပေးဘဲ. . .

“လုပ်ပါတရားသူကြီးရယ်။ သုံးလလောက်တော့ပြောင်းချပေးပါ။ အချင်းချင်းတွေပဲ ကျေးဇူးမမေ့ပါဘူး။ ထောင်ကထွက်ရင် ကန်တော့မှာပါ. . နော်. . . နော်. . . ”

ဟူ၍ ရည်းစားကိုအပူကပ်သလို ပတ်ချွဲနပ်ချွဲ တတွတ်တွတ်ပြောနေသောကြောင့် တရားသူကြီးမှာ. . .

"ဒါတော့မဖြစ်နိုင် မဖြစ်နိုင်ဘူး။ မင်းထောင်ထဲရောက်သွားရင်ထောင်ထဲကလူတွေပါ ပျက်စီးကုန်လိမ့်မယ်။ ရက်တိုးမပေးနိုင်ဘူး"

မောင်ပါစီမှလည်းမလျှော့။

"ဦးကလည်း သားထောင်ထဲမှာလိမ်လိမ်မာမာနေပါ့မယ် ခိုင်းတာလဲလုပ်ပါ့မယ် နော်ဦး နော်. . သုံးလမရရင်လဲနှစ်လနဲ့သုံးဆယ့်တစ်ရက်လောက်တော့လုပ်ပါဗျာ။ အပြင်မှာတကယ်အဆင်မပြေလို့ပါ. . ."

တရားသူကြီးမင်းမှလည်း အကြောက်အကန်ငြင်း၏။

"မရ . . . မရလို့ပါကွာ။ မင်းကဘာအမှုမှ မရှိဘဲနဲ့"

"လုပ်ပါဗျာနောက်ဆိုဖောက်သည်ဖြစ်မယ့်ဟာပဲ။ ကျွန်တော်တိုးတောင်းတာ ဘယ်လောက်မှမများပါဘူး။ သုံးဆယ့်တစ်ရက် နှစ်စိတ်နဲ့ဆယ့်ငါးရက်တစ်ခြမ်းလေးပဲ"

"အို . . . မရလို့ပါဆိုနေမှ"

တရားသူကြီးမှလည်းငြင်း၏။

"ဒါဆိုရင်လဲ ခုနှစ်ရက်ငါးခါ တစ်လကိုတစ်နှစ်အတွက် သုံးကြိမ်ပဲပေး။ ကျွန်တော်ဆယ့်ငါးရက်ပြန်လျှော့ပေးမယ်။ ဒါခင်လို့လျှော့ပေးတာနော်။ အဲသည်လိုအဆင်ပြေရင် ကျွန်တော့်တပည့်မြရာပါခေါ်သွားမယ်"

"မဖြစ်လို့ပါဆိုနေမှဇွတ်. . . ဟင့်"

ဟင်. . . နောက်တစ်ယောက်ပိုလာပြန်ပြီ။

■ ■ ■

# ဗီလိုဆိုဗီမောင်ပါစီနှင့် ဖိုးသူတော်ဦးရင့်



**ထို**အဖြစ်အပျက်များဖြစ်ပြီး ဆယ့်ငါးရက်ကြာသော် . . .

အင်းစိန်ဘူတာ၏ခုံးကျော်တံတားအနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူစည်ကားနေချိန်။

ပိတ်ဖြူဝတ်ထားသောလူဝကြီးတစ်ဦးသည် မြင်းကိုဟန်ပါပါစီးလာပြီး ထိုလက်ဖက်ရည်ဆိုင်သို့ရောက်သောအခါ မြင်းကိုဇက်သတ်၍ လက်ဖက်ရည်ဆိုင်ဘက်

လှည့်ပြီး အသံကျယ်ကျယ်ဖြင့်

"ဒီကမိတ်ဆွေတို့။ ကျုပ်နာမည် ဖိုးသူတော်ဦးရင့်လို့ခေါ်ပါတယ်။ ကျုပ်ဟာ မြန်မာပြည်တနံတလျား မြင်းစီးလိုက်ပြိုင်နေတဲ့မြင်းစီးသူရဲကောင်းပါ။ ကျုပ်ပြိုင်ခဲ့သမျှလဲ အရှုံးဆိုတာမရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်ဟာကမ္ဘာပေါ်မှာ အကောင်းဆုံးမြင်းစီးသမားဖြစ်လို့ပါပဲ။ ကဲ . . . ဒီကမြင်းစီးဝါသနာရှင်များ၊ မြင်းစီးပြိုင်ချင်တဲ့သူတွေများရှိပါသလား"

"ရှိတယ်"

သူ၏စကားမဆုံးမီ လူလုံးလူဖန်ကောင်းကောင်း လူတစ်ယောက်ထလာပြီး ဖိုးသူတော်ကိုမထီတရီကြည့်ကာ

"ခင်ဗျားကလည်း ပြိုင်တိုင်းနိုင်တဲ့မြင်းစီးသမား။ ကျုပ်က လည်းတစ်ခါမှမရှုံးဖူးသေးတဲ့ မြင်းစီးသမားပဲ"

ဟုဆိုလိုက်ရာ ဖိုးသူတော်ကြီးမှာ သဘောကျသလို တဟားဟားရယ်ပြီး

"ကြိုက်ပြီဗျာ။ ဒီလိုသတ္တိမျိုးမှ ကြိုက်တာ။ ကိုင်း . . . ဘာကြေးအလောင်းအစားလုပ်မတုံး"

ဖိုးသူတော်၏ အမေးကိုလူရွယ်မှ . . .

"အသက်ကစပြီး ဘာကြေးလောင်းလောင်းရတယ်ဗျာ"

ထိုသူ၏စကားကို ဖိုးသူတော်မှလှောင်သလိုဖြင့် . . .

"အိုး . . . အသက်ကြေးတော့မလောင်းပါနဲ့။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားမိန်းမငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်မှာစိုးလို့ပြောတာပါ။ ဟက် . . . ဟက် . . . ဟက်"

ဖိုးသူတော်၏ ခနဲ့တဲ့တဲ့စကားကို လူရွယ်မှဒေါသတကြီးဖြင့်-

"ကြာတယ်ဗျာ။ စကားနိုင်ထိုးနေလို့ အရည်အချင်းကို သိရမှာမဟုတ်ဘူး။ မြင်းတစ်ကောင်ကြေးလောင်းမယ်"

ထိုလူငယ်၏စကားကို ဖိုးသူတော်မှ ပိုသဘောကျသွားသလို

အော်ဟစ်ရယ်ရင်း

"ဟား . . . ဟား စားရကံကြုံတော့ ခေါင်းတုံးသန်းစွဲ။ လုပ်ပါဦးမောင်ရင်။ ဘယ်မြင်းနဲ့ပြိုင်မယ်ဆိုတာ"

ဟုဆိုလိုက်ရာ လူရွှယ်မှာလက်ဖက်ရည်ဆိုင်ဘေးတွင်ချည်ထားသော သန်မာထွားကျိုင်းသည့် မြင်းတစ်ကောင်ကို အသားကျစီးလိုက်ပြီး ဖိုးသူတော်မြင်းနှင့်ယှဉ်၍ရပ်လိုက်ရာ ဖိုးသူတော်မှ လူရွှယ်၏မြင်းကို အသေအချာပွတ်သပ်လိုက်၏။

"ဖွေသားကြီး. . . ဖွေသားကြီးရဲ့ သခင်ဟာ မကြာခင်ငါဖြစ်တော့မှာကွ ဟား . . . ဟား"

ဟုဆိုလိုက်ရာလူရွှယ်မှ မဲ့ရွဲ့ကာ. . .

"ဘယ်သူက သခင်ဖြစ်မလဲဆိုတာ သိရအောင်စလိုက်ကြရအောင်"

"ဟုတ်ပကွာ"

"စပြီ"

တာစထွက်သည်နှင့် ဖိုးသူတော်၏မြင်းမှာ တစ်လံလောက်နောက်ကျန်ခဲ့လေသည်။ သို့သော် ဖိုးသူတော်မှာ တဟားဟားနှင့်အရယ်မပျက်။ ပန်းဝင်ခါနီးတစ်တိုင်ခန့်အလိုမှာ လူရွှယ်၏မြင်းကိုဖြတ်ကျော်ကာ ပန်းဝင်သွားလေသည်။ ပြီးနောက် လူရွှယ်ကိုမြင်းပေါ်မှတွန်းချကာမြင်းကိုဆွဲလာပြီး. . .

"ကဲ . . . နောက်ထပ်ပြိုင်မယ့်လူရှိသေးလား"

"ရှိတယ်"

နောက်တစ်ယောက် ထပ်ထွက်လာသည်။ ဖိုးသူတော်မှတဟားဟားရယ်ရင်း . . .

"ကြိုက်ပြီဗျာ။ ဒီနေရာကလူစွမ်းကောင်းတွေပေါတဲ့နေရာပေပဲ။ ဖိုးသူတော် ဦးရင့်တို့ကလည်း ဒါမျိုးအကြိုက်ဗျို့။ ဟား . . . ဟား . . . ဟား"

နောက်တစ်ယောက်ထပ်ပြိုင်သော်လည်း အဖြေက ထိုအတိုင်းပင် ဖိုးသူတော်သည်မြင်းကို တစ်လံလောက်နောက်ချန်ထားပြီး ပန်းဝင်မှုဖြတ်ဝင်သွားလေသည်။

ဤနည်းဖြင့်ယှဉ်ပြိုင်ရာ ဖိုးသူတော်လက်ထဲတွင် မြင်းငါးကောင်ရရှိသွားလေသည်။

"ကဲ . . . ဘယ်သူပြိုင်ချင်သေးလဲ"

မည်သူမျှမလှုပ်တော့။

"လူစွမ်းကောင်းတွေမရှိတော့ဘူး ထင်တယ်။ ဟား . . . ဟား ဟား မရှိတော့ရင်လည်း ကျုပ်သွားတော့မယ်။ ကဲနောက်ဆုံးမေးမယ်။ ပြိုင်မယ့်လူရှိသေးလား"

"ကျုပ်ပြိုင်မယ်"

လက်ဖက်ရည်ဆိုင်ထောင့်ထဲမှအသံတစ်ခု။ ဖိုးသူတော်မှာ ပြက်လုံးတစ်ခုကိုကြားလိုက်ရသည့်အတိုင်း ဟက်ဟက်ပက်ပက် ရယ်ပြီး . . .

"ဟား. . . ဟား. . ကြိုက်ပြီဗျာ။ နောက်မြင်းတစ်ကောင် ရရချည်သေးရဲ့။ကိုင်း. . . ကျုပ်နဲ့ပြိုင်မယ့်ဆရာသမားအပြင်ကို ကြွခဲ့ပါ. . ."

ဖိုးသူတော်၏စကားဆုံးသည်နှင့် လက်ဖက်ရည်ဆိုင် ရှေ့သို့ ထွက်လာ သောလူရွယ်တစ်ဦး။ ဖိုးသူတော်မှာထိုသူကိုကြည့်ပြီး. . .

"ကိုင်း . . . ပြိုင်မယ်ဆိုရင်ဘယ်မှာလဲ ခင်ဗျားမြင်း"

လူရွယ်မှ ခေါင်းခါသည်။ လူရွယ်ကိုကြည့်ပြီးဖိုးသူတော်မှ ခွက်ထိုးခွက်လန်ရယ်ပြီး

"ဟား. . . ဟားမြင်းစီးပြိုင်မယ့်လူက မြင်းလေးတစ်ကောင် တောင်မရှိဘဲနဲ့ ဘယ်လိုပြိုင်မှာလဲ။ ဟား . . . ဟား . . . ဟား"

ဖိုးသူတော်၏စကားကို လူရွယ်မှပြုံးပြီး . . .

"ကျုပ်ကမြင်းဆောင်ထားစရာမလိုဘူး။ ဘာလို့လဲဆိုတော့

မကြာခင် မြင်းတစ်ကောင်ရတော့မှာကိုး"

"ဟား . . . ဟား . . . အပြောကတော့ကြိုက်ပြီဗျာ။ ကိုင်း ပြောနေတာကြာတယ်။ ဘယ်လိုပြိုင်မှာတုံး"

ဖိုးသူတော်၏ အမေးကိုလူရွှယ်မှ . . .

"ကျုပ်မြင်းအမြန်စီးတတ်ရုံလောက်နဲ့ မြင်းစီးသမားကောင်း လို့မသတ်မှတ်ဘူး"

"ဒါဖြင့်ဘယ်လိုမျိုး လုပ်ပြရင်သတ်မှတ်မလဲ"

လူရွှယ်၏စကားကို ဖိုးသူတော်မှအလျင်အမြန်ဖြတ်မေး၏။ ဖိုးသူတော်၏အမေးကို လူရွှယ်ကပြုံးရင်း

"ဟောဒီမီးရထားခုံးကျော်တံတားပေါ်ကို ခင်ဗျားမြင်းနဲ့တက် နိုင်မလား"

ဖိုးသူတော်သည် လူရွှယ်ညွှန်ပြသော ခုံးကျော်တံတားသံ လှေကားများကိုကြည့်ပြီး . . .

"ဒီလောက်မတ်တဲ့ သံလှေကားတွေကိုမြင်းနဲ့ တက်ဖို့တော့ မဖြစ်နိုင်ဘူး"

လူရွှယ်ကပြုံးပြီး . . .

"ဟင်း ဟင်း . . . ကျုပ်တက်နိုင်တယ်"

ဖိုးသူတော်သည် လူရွှယ်ကိုတအံ့တဩကြည့်ပြီး

"ဒီခုံးကျော်တံတားပေါ်ကို ခင်ဗျားမြင်းနဲ့တက်နိုင်တယ်"

လူရွှယ်မှခေါင်းညိတ်ပြီး . . .

"ဟုတ်တယ်။ ကျုပ်တက်နိုင်တယ်။ ခင်ဗျားဘာကြေးလောင်း မလဲ . . ."

ဖိုးသူတော်မှ ထိုသူ့ကိုမျက်မှောင်ကုတ်ကြည့်ရင်း

"မင်းက ဘာကြေးလောင်းချင်လဲ"

ဖိုးသူတော်စကားကိုလူရွှယ်မှ အတန်ကြာစဉ်းစားပြီး

"ဒီလိုလုပ်၊ ကျုပ်ရှုံးရင် ခင်ဗျားဆီမှာသုံးနှစ်ကျွန်ခံမယ်။ ကျုပ်

နိုင်ရင်ခင်ဗျား မြင်းတစ်ကောင်ပေး”

လူရွယ်၏စကားကို ဖိုးသူတော်မှ ဟက်ဟက်ပက်ပက်ရယ်၍

“ကြိုက်ပြီဗျာ။ မြင်းငါးကောင်နဲ့ ကျွန်တစ်ယောက်တော့ရပ ဟ။ ဟား. . . ဟားဟား. . . လောင်းတယ်ဗျာ။ မင်းကြိုက်ရာမြင်းတစ်ကောင်ယူပြီးတက်ပေရော့”

ဟုဆိုလိုက်ရာလူရွယ်မှပြုံးပြီး သူ့စိတ်ကြိုက်မြင်းတစ်ကောင်ကိုဆွဲယူကာ. . .

“ကဲ . . . တက်ပြီဗျို့၊ မြင်းတစ်ကောင်တော့ရပဟ”

ဟုဆိုပြီး မြင်းကိုဆွဲယူချော့မော့ကာ ခုံးကျော်တံတားပေါ်သို့အသာလေးဆွဲတက်သွားသဖြင့် ဖိုးသူတော်က မကျေမနပ်ဖြင့်

“ဟေ့လူ ခင်ဗျားခုံးကျော်တံတားပေါ်ကို မြင်းနဲ့တက်မယ်ဆို”

ဟုဆိုလိုက်ရာ လူရွယ်မှနားမလည်သလိုနှင့် . . .

“အေးလေ အခုကျုပ်မြင်းနဲ့မတက်လို့ လားနဲ့တက်နေလို့လားလာ. . . ဖေ့သားကြီးလာ”

ဟုဆို၍မြင်းကိုချော့မော့ဆွဲတက်နေသဖြင့် ဖိုးသူတော်လည်းဒေါသထွက်သွားပြီး . . .

“ခင်ဗျားမြင်းစီးပြီးတက်ရမှာလေဗျာ။ အဲဒီလိုတက်လို့ကတော့လူတိုင်းတက်နိုင်တာပေါ့”

ဖိုးသူတော်၏စကားကို လူရွယ်မှရှုံ့မဲ့လိုက်ပြီး. . .

“ခင်ဗျားနဲ့လောင်းကတည်းက မြင်းစီးပြီးတက်မယ်လို့လောင်းထားလို့လား။ ကျုပ်မြင်းနဲ့တက်မယ်လို့ပဲ လောင်းထားတာ လေ။ အခုကျုပ်မြင်းနဲ့တက်ပြပြီ။ ကဲကျုပ်နိုင်ပြီ”

ဟုဆို၍ မြင်းကိုအသာလေး ချော့မော့၍ပြန်ဆွဲချလာလေသည်။ ဖိုးသူတော်မှ လူရွယ်ကိုရှုံ့မဲ့ကြည့်ပြီး. . .

“ဒါမင်းသက်သက်လူလည်ကျတာ”

လူရွယ်မှလည်းအားကျမခံ. . .

"ဘယ့်နှယ်လူလည်ကျရမတုံး။ ကျုပ်မြင်းနဲ့တက်မယ်လို့ပဲ လောင်းထားတာ။ လူတိုင်းသိတယ်။ မယုံရင်မေးကြည့်"

ဟုဆို၍ လက်ဖက်ရည်ဆိုင်အတွင်းမှ လူများကိုလက်ညှိုး ထိုးပြလိုက်ရာ လက်ဖက်ရည်ဆိုင်တွင်းမှ လူများကလည်း ဖိုးသူတော် ကိုကြည့်မရသူများဖြစ်နေပြီဖြစ်သဖြင့် . . .

"ဟုတ်တယ်၊ မှန်တယ်"

ဟုဝိုင်းဝန်းထောက်ခံကြလေသည်။ လူရွှယ်မှ ဖိုးသူတော်ကို မထီတရီကြည့်ပြီး . . .

"ကိုင်း . . . ထပ်ပြီးပြိုင်ချင်သေးသလား"

ဖိုးသူတော်ရှူးရှူးရှားရှားဖြင့် . . .

"ပြိုင်မယ်။ ဘယ်လိုပြိုင်ချင်သလဲ"

လူရွှယ်မှ ပြုံး၍ ခေါင်းညိတ်ပြီး . . .

"ကောင်းပြီ။ ဟိုးမှာလာနေတဲ့ရထားတွေ့လား"

ဟုဆို၍ဘူတာအတွင်းဝင်လာသောရထားကို လက်ညှိုးထိုး ပြပြီး

"အဲဒီရထားနဲ့ ကျုပ်ယှဉ်ပြိုင်မယ် ကျုပ်နိုင်ရမယ်"

ဖိုးသူတော်မှ လူရွှယ်၏စကားကို အသေအချာစဉ်းစားပြီး . .

"ရထားကိုမင်းနိုင်ရမယ်"

"ဟုတ်တယ်"

ဖိုးသူတော်မှ အသေအချာထပ်စဉ်းစားပြီး . . .

"မနိုင်ရဘူးကွာ"

လူရွှယ်မှလည်းအားကျမခံ . . .

"နိုင်ရမယ်ဗျာ။ မြင်းတစ်ကောင်ကြေးလောင်းမယ်"

"စိန်လိုက်"

လူရွှယ်သည်သဘောကျသလိုပြုံးပြီး . . .

"ကိုင်း . . ဒါဆိုကျုပ်ရထားကိုလိုက်ပြီး မောင်းထုတ်လိုက်ဦး

မယ်. . .”

ဟုဆိုပြီး ထွက်ခွာစပြုနေသည့်ရထားကြီးနောက်သို့ မြင်းကို အသားကျစီးရင်းတရွေ့ရွေ့လိုက်သွားလေသည်။ အတန်ကြာရထားကြီးကိုမျက်စိတစ်ဆုံး ပျောက်ကွယ်သွားတော့မှ မြင်းကိုပြန်လှည့်လာလေသည်။ လူရွှယ်၏အဖြစ်ကို ကြည့်ပြီး ဖိုးသူတော်မှ သဘောကျစွာ တဟားဟားဟစ်အော်ရယ်ရင်း. . .

“ဟား ဟား မင်းအခုတော့ရှုံးပြီးမဟုတ်လား”

လူရွှယ်မှဖိုးသူတော်ကိုပြုံးကြည့်ပြီး. . .

“မဟုတ်ဘူး။ ကျုပ်နိုင်တာ”

လူရွှယ်၏စကားကို ဖိုးသူတော်မှ ဒေါသတကြီးဖြင့်. . .

“မင်းမလိမ်နဲ့။ ရထားကမင်းထက်အများကြီး အရှေ့ရောက်တယ်. . .”

လူရွှယ်မှအေးဆေးစွာပင်. . .

“အေးလေဗျာ။ အဲဒါကျုပ်နိုင်တာပေါ့”

လူရွှယ်၏စကားကို ဖိုးသူတော်မှ မျက်မှောင်ကုတ်ပြီး

“ဘာလို့လဲ”

ဖိုးသူတော်၏ အမေးကိုလူရွှယ်မှ အေးဆေးစွာပင် . . .

“ခင်ဗျားစဉ်းစားကြည့်လေ။ ကျွဲနှစ်ကောင်ပွေ့တယ်ဆိုပါတော့။ အရှေ့ကထွက်ပြေးတဲ့ကောင်က ကြောက်လို့ထွက်ပြေးတဲ့ ဥစ္စာ”

ဖိုးသူတော်လူရွှယ်၏ စကားကိုပြုံးပြီး. . .

“အေးအခုလည်းမီးရထားကကျုပ်ကိုကြောက်လို့ အရှေ့ကထွက်ပြေးတာ။ ကျုပ်ကအနောက်ကလိုက်မောင်းထုတ်တာ။ ကြောက်လို့ပြေးတဲ့လူနဲ့ လိုက်တဲ့လူဘယ်သူနိုင်သလဲ”

ဟုဆိုလိုက်ရာ လက်ဖက်ရည်ဆိုင်တွင်းမှ လူများက. . .

“ဟုတ်တယ်၊ သူနိုင်တယ်။ အစတည်းက ပန်းတိုင်အရင်ရောက်ရမယ်လို့မှ လောင်းမထားဘဲ။ သူနိုင်တယ်။ ရထားကိုတောင်

ကြောက်လန့်တကြား ထွက်ပြေးအောင်လုပ်နိုင်တဲ့ အာဂလူ”

စသည်ဖြင့်ဆူညံသွားလေသည်။

ဖိုးသူတော်မှာ လူရွှယ်ကိုပါးစပ်အဟောင်းသားနှင့် ဘာမှမပြောနိုင်လောက်အောင် တအံ့တသြကြည့်ပြီး အတန်ကြာမှ. . .

“မင်းနာမည် ဘယ်လိုခေါ်သလဲ”

လူရွှယ်မှ ဖိုးသူတော်ကိုမခိုးမခန့်ကြည့်ပြီး တစ်လုံးချင်းပြန်ဖြေလိုက်သည်မှာ . . .

“ဖီ လို ဆို ဖီ မောင် ပါ စီ”

(မှတ်ချက်။ ဖိုးသူတော်ဦးရင့်နှင့် သေဆုံးသူငွေတိုးချေးစားသည့် တရုတ်မကြီးဒေါ်နုအကြောင်းကို အိုင်အိုဒင်းကိုကိုကြီးနှင့်သောကြာကောင်ကောင်တွင် အပြည့်အစုံဖော်ပြထားပါသည်။)

■ ■ ■

# ကျွန်ုပ်နှင့် လုံးပျော့ကျပ်လျော့များ

"**ဘလယ်ဒီဖူး** ဘယ့်နှယ်လုပ်မှာ လဲ အိုင်အိုဒင်းကိုကိုကြီး။ သေဆုံးသူ တရုတ်မကြီးဒေါ်နုဟာ သချိုင်းမှာ အရိုး တောင် ဆွေးနေလောက်ပြီ။ တရားခံကို မိဖို့မပြောနဲ့။ ဘယ်သူသတ်တယ်ဆိုတာ တောင်မသိသေးပါလား။ ဒီကြားထဲ လူ သတ်တရားခံအဖြစ် တရားရုံးတင်ထားတဲ့ ဘိုကြည်ကို အမှုစစ်နေတုန်း ဟိုဖီလိုဆိုဖီ မောင်ပါစီဆိုတဲ့လူက ဝင်ရောက်နှောင့်ယှက် နေသေး။ ဘယ့်နှယ်လုပ်ရမလဲ မစ္စတာ အိုင်အိုဒင်းကိုကိုကြီး"



အင်္ဂလိပ်အင်စပက်တော်မစ္စတာ ကလင့်ရစ်ချ်စကားကြောင့် ကျွန်ုပ်မိန့်မိန့်ကြီး ပြုံးမိသည်။ ကျွန်ုပ်ပြုံးနေသည်ကိုကြည့်ပြီး

မစ္စတာ ကလင့်ရစ်ချ်မှ . . .

"ဘာတွေ သဘောကြပြီး ပြုံးနေတာလဲ မစ္စတာကိုကိုကြီး။ ဒီမှာလူသတ်တရားခံမမိရလို့ စိတ်ညစ်နေရတဲ့အထဲ"

အင်စပက်တော်၏ စကားကြောင့် ကျွန်ုပ်ပို၍ပြုံးချင်သွား၏။ ပြီးမှသူ့ကိုစိုက်ကြည့်ကာ

"လူသတ်တရားခံဟာ ခင်ဗျားတို့ရှေ့မှာ အကြာကြီးရှိခဲ့ပြီးမှ ဖမ်းမမိတာကိုတွေးမိလို့ ပြုံးမိတာပါ"

"ဘယ်လို"

ကျွန်ုပ်၏စကားကို အင်စပက်တော်မှ အံ့သြတကြီးဖြစ်သွား၏။

"ဟုတ်တယ်လေ လူသတ်တရားခံဟာ ခင်ဗျားတို့ရဲ့မျက်စိရှေ့မှာတင် မျက်စိမှောက်အောင်လုပ်သွားတာ"

အင်စပက်တော်မှ ပို၍အံ့အားသင့်သွားသည်။

"ဒါဆိုလူသတ်တရားခံဟာ ကျုပ်တို့မျက်စိရှေ့က ဘယ်သူလဲ"

သူ၏အမေးကို ကျွန်ုပ်မိန့်မိန့်ကြီးပြုံးပြီး . . .

"သေသူကိုသိတယ်။ သတ်တဲ့အချိန်မှာရှိတယ်။ ဘာကြောင့်သတ်လဲသိတယ်။ လူသတ်တရားခံကိုသိတယ်။ ဒါပေမယ့်သူမပြောနိုင်ဘူးဆိုကတည်းက လူသတ်တရားခံဟာ ဘယ်သူဖြစ်မလဲ . . ."

အင်စပက်တော်မှာ ယောင်နနဖြင့် . . .

"သူပဲဖြစ်မှာပေါ့"

ကျွန်ုပ်မှာလည်း မှင်မောင်းအပြည့်နှင့် မိန့်မိန့်ကြီးပြုံး၍၊ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း . . .

"ဟုတ်ပဗျာ။ ဖီလိုဆိုဖီမောင်ပါစီဟာ ဖီလိုဆိုဖီနည်းနဲ့ ခင်ဗျားတို့လို လုံးပျော့ကျပ်လျော့တွေကို တစ်ဖက်လှည့်နဲ့လိမ်သွားတာ"

ကျွန်ုပ်၏စကားကို အင်္ဂလိပ်အင်စပက်တော်မှ . . .

"ဟင် ဒါဆိုဖီလိုဆိုဖီမောင်ပါစီဟာ လူသတ်တရားခံပေါ့"

ကျွန်ုပ်၏ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ. . .

"မောင်ရင်တို့လို လုံးလျော့ကျပ်လျော့တွေသာခံရတာ။ ကျွန်ုပ်လိုလုံးပြည့်ကျပ်ပြည့်နဲ့တွေ့လို့ကတော့"

ကျွန်ုပ်၏စကားကို အင်္ဂလိပ်အင်စပက်တော်မှ ရှုံ့မဲ့ပြီး

"လုံးပျော့ကျပ်လျော့တွေ လုံးပြည့်ကျပ်ပြည့်တွေ အင်းအဲဒါ အသာထားပါဦး အိုင်အိုဒင်းကိုကိုကြီး ဖီလိုဆိုဖီမောင်ပါစီကို ဘယ်လိုဖမ်းမှာတုံး"

ကျွန်ုပ်လည်းရုတ်တရက်မဖြေသေးဘဲ မိန့်မိန့်ကြီးပြုံးနေလိုက်သေး၏။ အတန်ကြာမှ. . .

"အိမ်း။ သူကဖီလိုဆိုဖီနည်းနဲ့ တစ်ပတ်လှိမ့်သွားတယ်ဆိုတော့ကျွန်ုပ်တို့ကလည်းသူ့ကိုဖီလိုဆိုဖီနည်းနဲ့ပဲပြန်အနိုင်ယူရပေမပေါ့"

ကျွန်ုပ်၏စကားကို အင်္ဂလိပ်အင်စပက်တော်မှ အားကိုးတကြီးဖြင့်. . .

"ဘယ်လိုလုပ်မှာလဲ"

ကျွန်ုပ်ကလည်း အသေအချာစဉ်းစားပြီး. . .

"ဒီလိုလုပ်။ သူ့ကိုသတင်းစာကနေ အလိုမရှိပါဆိုပြီးကြော်ငြာလိုက်။ ဒီတော့မှ သူ့ကိုအလိုမရှိမှန်းသိသွားပြီး သူလူတောထဲပြန်ထွက်လာ။ ဒီတော့မှ ကျွန်ုပ်တို့အသာလေး ဖမ်းလိုက်ကြတာပေါ့"

ကျွန်ုပ်၏စကားကြောင့် အင်္ဂလိပ်အင်စပက်တော်၏မျက်နှာမှာဝင်းလက်သွားပြီး. . .

"ဂွတ်အိုင်ဒီယာ။ အလိုမရှိပါလို့ကြော်ငြာပြီး သူအေးအေးဆေးဆေးနေတော့မှ ကြက်ကလေး ငှက်ကလေးဖမ်းသလို အသာလေးဝင်ဖမ်း၊ သိပ်ကောင်းတဲ့ဖီလိုဆိုဖီနည်း။ ဒါကြောင့်အိုင်အိုဒင်းကိုကိုကြီးဆိုပြီးနာမည်ကြီးနေတာ"

ဟုဆို၍ ဟိမဝန္တာချီးမွမ်းခန်းဖွင့်နေသဖြင့် ကျွန်ုပ်လည်း ကျေကျေနပ်နပ် ပြုံးမိချေတော့သည်တမုံ့။

■ ■ ■

နောက်တစ်နေ့ ခရော်နီကယ် သတင်းစာတွင်ခေါင်းကြီးပိုင်းမှ ကြော်ငြာထားသည်မှာ. . .

## အလိုမရှိပါ။ ဆုငွေလည်းမပေးပါ။

ဖီလိုဆိုဖီမောင်ပါစီသည် တရုတ်မဒေါ်နု အသတ်ခံရသည့်အမှုနှင့် လားလားမျှမသက်ဆိုင်၍ သူ့အားလုံးဝအလိုမရှိပါ။ အကယ်၍ ဖီလိုဆိုဖီမောင်ပါစီကို ဖမ်းဆီးသူအား ဆုငွေလည်းမပေးပါ။ သူဘယ်မှာရှိသလဲဟု သတင်းပေးလျှင်လည်း ဂရုမစိုက်ပါ။ ထို့အပြင်လမ်းမှာတွေ့လျှင်ပင် လှည့်မကြည့်ပါ။

အမိန့်အရ

ထိုသို့ ကြော်ငြာလိုက်ပြီး နောက်တစ်နေ့မှာပင် ကျွန်ုပ်တို့ရုံးသို့ပစ်စာတစ်စောင်ရောက်ရှိလာလေသည်။ ထိုစာတွင်ရေးထားသည်မှာ. . .

***လူကြီးမင်းခင်ဗျား။***

***အခုလိုသတင်းစာမှာ အကျယ်တဝင့်ကြော်ငြာပေးသည့်အတွက်အထူးတလည်ကျေးဇူးတင်မိပါတယ်။ နောင်ပြစ်မှုများတွင်လည်းဤကဲ့သို့ကြော်ငြာပေးပါရန်အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတယ်။***

***အခုတော့ ကျွန်တော်ပြေးပြီ။ တာ့တာ။***

***လေးစားစွာဖြင့်***
***ဖီလိုဆိုဖီမောင်ပါစီ။***

'ဘလယ်ဒီဖူး။ ဘယ့်နှယ်လုပ်မလဲ မစ္စတာကိုကိုကြီး။ ခင်ဗျား ပြောတဲ့အတိုင်း သတင်းစာကနေကြော်ငြာလိုက်လို့ တရားခံဖီလို ဆိုဖီမောင်ပါစီပြေးပြီ။ ဘယ့်နှယ်လုပ်မတုံး။ သူများတွေကိုကျတော့ ခင်ဗျားက လုံးပျော့ကျပ်လျော့တွေတဲ့။ အခုခင်ဗျားကျတော့ရော"

အင်စပက်တော်မှာ မကျေမနပ်ဖြစ်လွန်းလှပြီး အံကြိတ်ကာ မျက်နှာကြီးနီရဲလာသဖြင့်. . .

"ဒါကတော့ မပွားသောပွဆေး၊ မပေသောရွှံ့ဗွက်ဆိုသလို ပေါ့. . ."

"မမှားသောရှေ့နေ၊ မသေသောဆေးသမားလုပ်ပါ"

ကျွန်ုပ်လည်းမိန့်မိန့်ကြီးပြုံးပြီး. . .

"အတူတူပဲလေ။ ဒါပေမယ့် လူသတ်တရားခံ ဖီလိုဆိုဖီမောင် ပါစီကို မိဖို့နည်းလမ်းတစ်ခု ကျွန်ုပ်မှာရှိတယ်"

"ရှိပြန်ပြီ ရှိပြန်ပြီ ဘယ်လိုလုပ်မှာလဲ"

အင်စပက်တော်၏ အလောတကြီးအမေးကို ကျွန်ုပ်အဖြေမ ပေးသေးဘဲ အတန်ကြာမှ. . .

"မကြာခင်သိရပါလိမ့်မယ်"

■ ■ ■

**ဖီလိုဆိုဖာ**မောင်မြယာကိုဖမ်းလိုက်ပြီ. . .

"ကိုင်း . . . မောင်နှင်းရေ၊ တရားခံဖမ်းဖို့ ပြင်ဆင်ထားကွယ့်"

ကျွန်ုပ်၏စကားကို အရှင်လတ်လတ်ကြားရသော တပည့်ကျော်မောင်နှင်းလေးမှာ မျက်လုံးလေးကလယ်ကလယ်နှင့်

"ဘယ်သူ့ကို ဖမ်းမှာလဲ။ တောင်ဘက်ပိုင်းမှာ ထဘီတွေလိုက်ခိုးနေတဲ့ သူခိုးငပိန်အောင်စိန်ကိုလား"

"တယ်လေ။ ထဘီသူခိုးဖမ်းတဲ့ ခပ်ညံ့ညံ့စုံထောက် များမှတ်နေလား။ လူသတ်တရားခံကိုဖမ်းရမှာကွ။ လူသတ်တရားခံကိုဖမ်းရမှာ. . ."

ကျွန်ုပ်၏စကားကြောင့် မောင်နှင်းလေးမှာ ရုတ်ခြည်းကြောက်ရွံ့တုန် လှုပ်ဟန် ပြောင်းသွားပြီး . . .

"ကျွန်တော် . . . ကျွန်တော်နေမကောင်းလို့မလိုက်"

"တိတ်"

"ခင်ဗျာ"

ကျွန်ုပ်၏ တစ်ခွန်းတည်းသောငေါက်ငမ်းသံကြောင့် နဂို ကြောက်ရွံ့ရှိသေသော မောင်နှင်းကလေးမှာ ဘာမှမပြောနိုင်အောင် ကြက်သေသေသွား၏။ ကျွန်ုပ်လည်း ဤမျှအကြောက်တရားကြီး သော တပည့်ကလေးနောင်တစ်ချိန်အရေးရင်လေးမိ၍

"လူသတ်တရားခံကို ငါ့အဘကိုယ်တိုင်ဖမ်းရမယ်။ ဘာ ကြောင့်လဲဆို တော့ လူသတ်တရားခံဟာ နှယ်နှယ်ရရလူ မဟုတ်ဘူး"

ကျွန်ုပ်၏စကားကြောင့် မောင်နှင်းလေးမှာ တုန်ရင်သော အသံဖြင့်

"ဘယ် . . . ဘယ်သူလဲ အဘ"

သူ၏တုန်ရင်သောအမေးကို ကျွန်ုပ်တစ်လုံးချင်း ပြန်ဖြေ လိုက်သည်မှာ. . .

"ဖီလိုဆိုဖီမောင်ပါစီ"

"ဖီလိုဆိုဖီမောင်ပါစီ"

"အိမ်း . . . ဟုတ်သကွယ့်။ ဒီကောင့်ကို ဖမ်းနိုင်ဖို့ငါတို့ရုပ် ဖျက်သွားရမယ်"

"ရုပ်ဖျက်သွားရမယ်။ ဟုတ်လားအဘ"

"အိမ်း . . . ဟုတ်တယ်ကွယ့်။ ဘာကြောင့်လဲဆိုတော့ ဖီလို ဆိုဖီမောင်ပါစီဟာ ငါတို့တွေကိုတွေ့တာနဲ့ ငါတို့ရဲ့ကျော်စောတိက္က မကြီးမားပုံကိုသိပြီး သူ မုချမသွေ အဖမ်းခံရမှာကိုကြောက်ရွံ့လို့ထွက် ပြေးတိမ်းရှောင်သွားနိုင်တယ်"

ကျွန်ုပ်၏ ကြွားလုံးအနည်းငယ်ပါသောစကားကို မောင်နှင်းမှ အသေအချာစဉ်းစားပြီး. . .

"ကျွန်တော် အကြံရပြီ အဘ"

ကျွန်ုပ်လည်းမောင်နှင်း၏စကားကိုစိတ်ဝင်စားသွားပြီး

"ဘယ်လိုအကြံမျိုးလဲ"

ကျွန်ုပ်၏ အမေးကိုမောင်နှင်းလေးမှာ နောင်တစ်ချိန်တွင် သူတုပမည့် ကျွန်ုပ်ဟန်အတိုင်း မိန့်မိန့်ကြီးပြုံးပြီး. . .

ကျွန်ုပ်တို့ ရုပ်ဖျက်သွားရင်တောင် အလှပျက်နေဦးမယ်။ အလှလည်းမပျက်၊ တရားခံလည်းမျက်စိလည်သွားအောင် လုပ်ရမယ်. . .”

“ဘယ်လိုလုပ်ရမလဲ”

ကျွန်ုပ်၏ အမေးကိုမောင်နှင်းမှအိုင်တင်အပြည့်နှင့်. . .

“နာမည်ပြောင်းလိုက်ရုံပေါ့အဘရယ်။ အဘကလည်း အိုင်အိုဒင်းကိုကိုကြီးကနေ အိုးအိုင်တင်မောင်မောင်လေးလို့ နာမည်ပြောင်းလိုက်၊ ကျွန်တော်ကလည်း မောင်နှင်းကနေမောင်နွေလို့ ပြောင်းလိုက်ရင် သူတို့မျက်စိလည်ကုန်ပြီး မှတ်မိတော့မယ် မဟုတ်ဘူး”

“ဟော့ကောင်”

“ခင်ဗျာ”

ကျွန်ုပ်၏ငေါက်ငမ်းသံကြောင့် မောင်နှင်းမှာ တုန်ရင်သွားလေသည်။

“နာမည်ပြောင်းလိုက်ရုံနဲ့ မင်းကြီးတော်ယောကျ်ားက ဒီမျက်ခွက်ကြီးတွေကို မမှတ်မိဘဲနေမလား”

“ကျွန်တော့်ကြီးတော် ယောကျ်ားနဲ့ ငယ်ငယ်လေးကတည်းက ကွဲသွားတာဆိုတော့ မှတ်မိမယ်မထင်ဘူး အဘ”

“အား. . . ဒီကောင်တိတ်စမ်းကွာ. . .”

“ခင်ဗျာ”

ကျွန်ုပ်၏ဒေါသသံကြောင့် မောင်နှင်းမှာတုန်ရင်စွာငြိမ်ကုတ်သွား၏။ ကျွန်ုပ်လည်း တပည့်ကလေးကိုကြည့်ပြီး ကရုဏာသက်မိသော်လည်း နောင်တစ်ချိန်အရေးကို မျှော်တွေး၍

“မင်းရုပ်ဖျက်သွားရမယ်။ ကဲ. . လူတွေမင်းကိုမမှတ်မိအောင် ဘယ်လိုဖျက်သွားမလဲ”

မောင်နှင်းသည် ကျွန်ုပ်၏စကားကို မှားသွားမည်စိုး၍ထင့် အတန်ကြာစဉ်းစားပြီး. . .

"ကျွန်တော်ဒိုးပုံ့လို ရုပ်ဖျက်သွားမယ်အဘ"

"ဒိုးပုံ့လို"

ကျွန်ုပ်၏ အံ့သြတကြီးအမေးကို မောင်နှင်းမှအားတက်သရောဖြင့်. . .

"ဟုတ်တယ်လေအဘ၊ အင်္ဂလိပ်တွေသုံးတဲ့ဒိုးပုံ့လို"

"ဘယ်လိုလုပ်မှာလဲ"

ကျွန်ုပ်၏ အံ့သြတကြီးအမေးကို မောင်နှင်းမှဟန်ပါပါဖြင့်

"ဒါများလွယ်ပါတယ်အဘ"

ဟုဆိုပြီး ခေါင်းပေါ်လက်နှစ်ဖက်ယှက်တင်ပြီး. . .

"ဒါက ဒိုးပုံ့ထိပ်ဖူး"

ပြီးနောက်ဆောင့်ကြောင့်ထိုင်လိုက်ပြီး. . .

"ဒါက ဒိုးပုံ့ခြေထောက်"

ဟုဆိုပြီး

"ဒိုးပုံ့ဖင်မီးခိုးထွက်တာကြည့်ဦးမလားအဘ"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်းဒေါသထွက်သွားပြီး. . .

"ဟေ့ကောင် မင်းဘာလုပ်တာလဲ"

ကျွန်ုပ်၏ဒေါသတကြီး အမေးကို မောင်နှင်းမှယောင်နနဖြင့်

"ဒိုးပုံ့ပုံလုပ်ပြတာလေအဘ။ ဖင်မီးခိုးမထွက်သေးလို့မယုံသေးဘူးမှတ်တယ်"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်းဆက်လက်သည်းမခံနိုင်တော့ဘဲ

"အာ . . . ဒီကောင် . . . ကဲကွာ . . . ကဲကွာ"

"ဖုန်း . . . ဖုန်း"

"အောင်မလေး . . . အဘရဲ့။ ကြောက်ပါပြီ"

ကျွန်ုပ်လည်း လွန်စွာဒေါသထွက်သွားရပြီမို့ ချစ်လှစွာသော

တပည့်လေး၏ တင်ပါးဆုံကိုနှစ်ချက်မျှ ဆင့်ကန်ထည့်လိုက်ရချေတော့သည်တမုံ့။ ကြည့်လေသူလုပ်ပြသည့်ပုံ။

(နောင်လာနောင်သားများ မှတ်သားနိုင်ရန်အလို့ငှာ မောင်နှင်းကျွန်ုပ်အားသရုပ်ပြခဲ့သည့် ဒိုးပျံပုံ)



"ကိုင်းနားထောင် မင်းကမင်းရုပ်နဲ့ လိုက်တဲ့သူဖုန်းစားလို ရုပ်ဖျက်၊ ငါကလည်းငါ့ရုပ်နဲ့လိုက်တဲ့ ကုဋေကြွယ်သူဌေးကြီးလို ရုပ်ဖျက်မယ်။ ကြားလား"

မောင်နှင်းမှာ ကျွန်ုပ်၏စကားကို အလိုမကျသော်လည်း နဂိုကြောက်ရွံ့ရှိသေသူမို့ ဘာမှမပြောတော့ဘဲ ခေါင်းသာတဆတ်ဆတ်ညိတ်နေချေတော့သည်။

■ ■ ■

# ဘဘအကုန်သိတယ်

"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ယခုအမှုတွင် သေဆုံးသူတရုတ်မကြီးဒေါ်နုနှင့် လူသတ်တရားခံအ ဖြစ် စွဲချက်အတင်ခံထားရသော (ဘ) ဦးဖောင်ဖောင်၏သား မောင်မြယာသည်လူသတ်မှုကျူးလွန်ရန် အလိုတူအလိုပါအဖြစ်လည်းကောင်း၊ ကိုယ်တိုင်ပါဝင်ပတ်သက်နေသည်ဟု လည်းကောင်းစစ်ဆေးတွေ့ရှိရပါသည်။ ထို့ကြောင့် (ဘ) ဦးဖောင်ဖောင်၏သား မောင်မြယာအား ရာဇသတ်ကြီးပုဒ်မ (၃၀၂) အရလူသတ်မှု ကျူးလွန်ကြောင်းထင်ရှားသဖြင့် ဤရုံးတော်မှ အမိန့်ချမှတ်ရပေမည်။ ထို့ကြောင့်ဤအမှုတွင်မောင်မြယာအနေနဲ့ ငြင်းချက်ထုတ်ချင်သေးပါသလား"

"တရားသူကြီးမင်းခင်ဗျား။ ဒီအမှုကိုကျွန်တော်လုံးဝ မကျူးလွန်ခဲ့ကြောင်း ကျွန်တော်ငြင်းချင်ပါတယ်"

မြယာ၏စကားကြောင့်တရားသူကြီး မျက်မှောင်ကြုတ်သွား၏။

"ဒါဆို မောင်မြရာဘက်က ငြင်းချက်ထုတ်နိုင်လောက်အောင်

သက်သေသက်ကန်များရှိပါသလား”

တရားသူကြီး၏ အမေးကိုမြရာအဖြေမပေးမီ. . .

“သိတယ်။ ဘဘအကုန်သိတယ်”

တုန်ရင်ချည့်နဲ့သောအသံ။

တရားရုံးတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွား၏။

“ကဲ သိတယ်ဆို၊ အစစ်ခံရအောင်ရှေ့သို့ကြွခဲ့ပါ”

အသက် (၆၀) ကျော်ခန့် အဘိုးအိုတစ်ဦးတုန်ရင်ချည့်နဲ့စွာ ရုံးရှေ့သို့ တစ်လှမ်းချင်း လှမ်းထွက်လာ၏။ တရားသူကြီးမှ ထိုလူကြီးကို မျက်မှောင်ကြုတ် ကြည့်ပြီး. . .

“အသတ်ခံရတဲ့ တရုတ်မဒေါ်နုကိုသိလား”

ထိုလူကြီးမှာ မဆိုင်းမတွေပင်. . .

“သိတယ်။ ဘဘအကုန်သိတယ်”

“သူအသတ်ခံရတဲ့ အချိန်မှာခင်ဗျားရှိတယ်ပေါ့”

“ရှိတယ်။ ဘဘအကုန်သိတယ်”

“တရုတ်မဒေါ်နု အသတ်ခံရတာရော ခင်ဗျားမြင်တယ်ပေါ့”

“မြင်တယ်။ ဘဘအကုန်သိတယ်”

ထိုလူကြီး၏စကားကြောင့် တရားသူကြီးမှ အားတက်သရောဖြင့်

“ဒါဆိုတရားခံဟာ ဘယ်သူလဲ”

တရားသူကြီး၏ စကားကိုလူကြီးမှ. . .

“သိတယ်။ ဒါပေမယ့် အခုမပြောနိုင်ဘူး”

“ဟာ”

“ဟင်”

“ဘယ်လို လုပ်ပါလိမ့်”

ထိုလူကြီး၏စကားကြောင့် တစ်ရုံးလုံး အာမေဋ္ဍိတ်သံများ ဆူညံသွားလေတော့၏။ ထိုစဉ်ထိုလူကြီးနားသို့ စုတ်စုတ်ပြတ်ပြတ်

သူတောင်းစားတစ်ဦးထလာပြီး လက်ထိတ်ဆွဲခတ်လိုက်လေသည်။ စုတ်စုတ်ပြတ်ပြတ်လူမှာ စီအိုင်ဒီမှ ပုလိပ်လက်သစ်ကလေးမောင်နှင်း ဖြစ်လေသည်။ မောင်နှင်းမှ မိန့်မိန့်ကြီးပြုံးရင်း. . .

"ကိုင်း ဖီလိုဆိုဖီမောင်ပါစီ ဒီတစ်ခါတော့ ပြေးလို့လွတ်ဦး မလား"

ဟုဆိုလိုက်ရာ လူကြီးမှ. . .

"ဟေ့ကောင်မင်းဘယ်လိုလုပ်တာလဲ။ ငါဖီလိုဆိုဖီမောင်ပါစီ မဟုတ်ဘူး"

ဟုဆိုလိုက်ရာ မောင်နှင်းမှ လူကြီး၏နားရင်းကိုဖြန်းခနဲနေ အောင်အုပ်ချလိုက်ပြီး. . .

"အခုချိန်ထိ လိမ်ချင်နေတုန်းပဲလား။ ခင်ဗျားဘယ်လောက် ရုပ်ဖျက်ဖျက် ကျုပ်မှတ်မိတယ်. . ."

ဟုဆိုလိုက်ရာ လူကြီးမှနားရင်းအအုပ်ခံရ၍ အသားတဆတ် ဆတ်တုန်အောင်ဒေါသထွက်သွားပြီး

"ဟေ့ကောင် မင်း . . . မင်း လွန်လာပြီနော်"

ဟုဒေါသတကြီးအော်ဟစ်လိုက်သော်လည်း မောင်နှင်းမှာ အပြုံးမပျက်ဘဲ နောက်တစ်ချက် နားရင်းကို 'ဖြန်း' ခနဲအုပ်ကာ. . .

"ကိုင်း . . . မှတ်ပလား။ ထပ်လိမ်ရင်ထပ်နာမယ်"

"ခင်ဗျားရဲ့မုတ်ဆိတ်မွေး အတု၊ နှုတ်ခမ်းမွေးအတုဆွဲချွတ် လိုက်စမ်း"

ဟုဆိုလိုက်ရာ လူကြီးမှ အသားတဆတ်ဆတ်တုန်လောက် အောင်ဒေါသတကြီးဖြင့်. . .

"ဘာအတုလဲကွ။ မင်း . . . မင်းနော်"

လူကြီး၏ ဒေါသတကြီးစကားကို မောင်နှင်းမှ ဂရုမစိုက်ဘဲ 'ဖြန်း' ခနဲ နားရင်းတစ်ချက်ထပ်အုပ်ပြီး

"ကိုင်း . . . ဒီလောက်လိမ်ချင်တဲ့လူကြီး"

ဟုဆို၍မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို အတင်းဆွဲနုတ်ရာ

"ဟာ . . . ဟေ့ကောင်။ နာတယ်ဟ။ ဟေ့ကောင် . . . မလုပ်နဲ့လေ။ အား . . . အောင်မာလေးဗျ"

ဟုအော်၍မောင်နှင်း၏လက်ထဲတွင် မုတ်ဆိတ်မွေးဆွဲနုတ်ခံရ၍ ကြိုး ပြတ်တုန်း စွန်ကြိုးကိုဆောင့်ဆွဲခံရသလို ဝေ့လည်လည်နေတော့၏။ မောင်နှင်းမှာ မုတ်ဆိတ်မွေးကို ဆွဲနုတ်မရ၍ ထိုလူကြီး၏မျက်နှာကို ဆွဲခွာလိုက်ရာ. . .

"ဟာ"

"ဟင်"

"အို"

"ဘယ်လိုဖြစ်တာပါလိမ့်"

ပရိသတ်အားလုံး၏ အာမေဋိတ်သံ။ မောင်နှင်းမှာ လူကြီးကို လှည့်မကြည့်သေးဘဲ သူ၏လက်ထဲပါလာသောမျက်နှာ အတုကိုဟန်ပါပါကိုင်ကာ ပရိ သတ်များကို မိန့်မိန့်ကြီးပြုံးကြည့်ပြီး

"ကိုင်း . . . ခင်ဗျားအခုတော့ဘာလိမ် . . ."

ဟုဆိုပြီး စကားမဆုံးမီလူကြီးဘက်သို့ လှည့်လိုက်ရာ. . .

"ဟင် . . . အဘဆရာ"

လက်ထိတ်အခပ်ခံရ၍ အသားတဆတ်ဆတ်တုန်လောက်အောင်ဒေါသထွက်နေသော ကျွန်ုပ်ကိုမြင်သည်နှင့် မောင်နှင်းမှာ ကြက်သေသေသွား၏။ အမှန်မှာ ခုနကနားရင်းအုပ်လိုက်၊ မုတ်ဆိတ်မွေးဆွဲနုတ်လိုက် လုပ်နေသူမှာ တရားခံဖမ်းရန်အတွက်ရုပ်ဖျက်လာသောကျွန်ုပ်ပင်ဖြစ်ချေတော့၏။ ကျွန်ုပ်လည်းလူကြားထဲ ဤကဲ့သို့တပည့်မှ မတော်တရော်လုပ်နေသည်ကို လွန်စွာလည်းရှက်၊ ဒေါသလည်းထွက်ရသည်မို့ ချစ်လှစွာသော တပည့်ထံပြေးဝင်သွားပြီး

"ကိုင်း . . . ဒီလောက်တောင် အသုံးမကျတဲ့ကောင်။ ကဲကွာ ကဲကွာ"

ဟုဆို၍ မောင်နှင်း၏တင်ပါးဆုံရိုးကို တဖုန်းဖုန်းနှင့် နှစ်ချက်မျှဆင့်ကန်လိုက်ရာ မောင်နှင်းမှ. . .

"အောင်မလေးဗျ. . . ကြောက်ပါပြီ အဘရဲ့"

ဟုဆိုပြီး ကျွန်ုပ်၏ခြေချက်ထပ်မထိစေရန် တရားရုံးအတွင်းပတ်ပြေးနေသည်တရားရုံးတစ်ရုံးလုံး ကျွန်ုပ်တို့အဖြစ်ကို ကြည့်ပြီး တဝါးဝါးနှင့်ပွဲကျနေကြလေ၏။

ထိုသူများရယ်သံကြောင့် ကျွန်ုပ်၏ရှက်ဒေါသမှ အထွတ်အထိပ်ရောက်သွားရပြီမို့ နှစ်ချက်မျှဆင့်ကန်ရုံမျှနှင့် မကျေနပ်နိုင်တော့ဘဲ မောင်နှင်းကလေးနောက် ဒေါသတကြီးပြေးလိုက်မိလေတော့သည်။ ကျွန်ုပ်ပြေးလိုက်သည်ကိုမြင်သည်နှင့် မောင်နှင်းကလေး ကြောက်ကြောက်လန့်လန့်နှင့် အရှေ့ကပြေးသည်။ ကျွန်ုပ်လည်း ဒေါသလွန်စွာထွက်နေသည်မို့ နောက်ကအတင်းလိုက်၏။

လူကြားထဲ ပတ်ပြေးသည်။

ကျွန်ုပ်နောက်မှလိုက်သည်။

ပရိသတ်ကတော့ ကျွန်ုပ်တို့နှစ်ယောက်ကိုကြည့်ကာ တဝါးဝါး။

မောင်နှင်းရှေ့နေခုံပေါ်သို့တက်ပြေးသည်။ ကျွန်ုပ်ကထက်ကြပ်မကွာ. . . ဟင်း. . ဘယ်ရမလဲ ဒင်းထက်လည်လို့ ဒင်းဆရာလုပ်နေတာ. . .။

တရားခံ ဝက်ခြံထဲဝင်ပြေးသည်။ ကျွန်ုပ်ကလည်းကပ်လျက်။

နောက်ဆုံးတရားသူကြီး စားပွဲခုံပေါ်သို့ တက်အပြေး။

ကျွန်ုပ်လည်း ဒေါသတကြီးမီရာလှမ်းအဆွဲ မောင်နှင်းမှာလည်းကျွန်ုပ် လက်ထဲမပါစေရန် ကြောက်ကြောက်လန့်လန့်နှင့် မီရာလှမ်းအဆွဲ . . .

"ဟာ"

"ဟင်"

"အို'

ပရိသတ်များ၏ အာမေဋိတ်အသံများ။

ကျွန်ုပ်လက်ထဲတွင်ကား မောင်နှင်း၏လုံကွင်း။ တရားသူကြီးခုံတွင် တမင်ကြော်ငြာထားသလို မှောက်လျက်သားနှင့် မောင်နှင်း။ သူ၏လက်ထဲတွင် တရားသူကြီး၏ နှုတ်ခမ်းမွေးတစ်ဆုပ်။ အားလုံးကြက်သေသေလျက်။ နှုတ်ခမ်းမွေးမရှိတော့သော တရားသူကြီးကိုကြည့်လိုက်ရာ. . .

"ဖီလိုဆိုဖီ မောင်ပါစီ"

"ဖီလိုဆိုဖီ မောင်ပါစီ"

သူ၏တပည့်မြယာကို အမှုမှလွတ်အောင် အမိန့်ချတရားစီရင်ရန်တရားသူကြီးဟန်ဆောင်၍ ရုပ်ဖျက်နေရာဝင်ယူထားသူမှာ ဖီလိုဆိုဖီမောင်ပါစီ။

အားလုံးကြောင်ငေးနေစဉ် ဖီလိုဆိုဖီမောင်ပါစီမှ လျင်မြန်စွာခုန်ထပြီးထွက်ပြေးရန်စားပွဲပေါ်မှ ခုန်ချလိုက်ရာ ကြက်သေသေ၍ငေးကြောင်ကြည့်သော ကျွန်ုပ်၏လက်ထဲမှ မောင်နှင်း၏လုံကွင်းထဲ စွပ်ခနဲကျလာလေသည်။ ကျွန်ုပ်လည်းရုတ်တရက်မို့ ကြောက်လန့်ပြီး အနောက်သို့ခုန်ဆုတ်ရာ ဖီလိုဆိုဖီမောင်ပါစီ၏ ခြေထောက်ကို ချိတ်ဆွဲသလိုဖြစ်သွားပြီး 'ဝုန်း' ခနဲပြုတ်ကျသွားလေတော့သည်။

ကျွန်ုပ်လည်းရရှိသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ ဖီလိုဆိုဖီမောင်ပါစီ၏ မျက်နှာကို မောင်နှင်း၏လုံချည်ဖြင့် ပတ်ထားလိုက်ပြီး. . .

"ဟော့ကောင် မောင်နှင်း။ လက်ထိတ်ခတ်လိုက်"

ဟုဆိုလိုက်ရာ မောင်နှင်းမှာကျွန်ုပ်၏ အဖြစ် ကို ငေးကြောင်ကြည့်နေရာမှ ကြောက်ကြောက် လန့်လန့်နှင့်

"လက်ထိတ် အဘကိုခတ်ထားတယ်။ မရှိတော့ဘူး အဘ"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်းသတိရပြီး မည်သို့လုပ်ရမည်

မသိဖြစ်နေစဉ် ဖီလိုဆိုဖီမောင်ပါစီမှ လှစ်ခနဲ ကျွန်ုပ်ဘက်ပြန်လှည့်ပြီး မြင်းကန်သလိုကန်လိုက်ရာ သေးကွေးကြုံလှီ လှသော ကျွန်ုပ်ကို မထိမိဘဲ ကျွန်ုပ်နှင့်ကြည့်မကောင်းလောက်အောင် အဆမတန်ကြီးမားနေသော ကျွန်ုပ်၏တိုက်ပုံအကျီလက်ထဲ သူ၏ ခြေနှစ်ဖက်စွပ်ခနဲ ဝင်သွားလေသည်။

"မိပြီ"

ဖီလိုဆိုဖီမောင်ပါစီ မည်သို့မျှ မလှုပ်နိုင်တော့။

သူ့ကို မိချိန်ဝယ်ကျွန်ုပ်သည်လည်းအကျီကျွတ်နှင့်။ မောင်နှင်း ကလေးမှာလည်း လုံချည်ကျွတ်နှင့်။ ဖီလိုဆိုဖီမောင်ပါစီမှာ အပေါ်ပိုင်း တွင်လုံချည်နှင့်ဖြစ်နေပြီး ခြေနှစ်ဖက်မှာ လက်နှင့်စွပ်မိနေပြီး ပြေးလို့ လည်းမရ။ လှုပ်လို့လည်းမရနှင့် လွန်စွာကိုးရိုးကားရားနိုင်လှပေသည်။

ပရိသတ်များကသာ ကျွန်ုပ်တို့ ဤကဲ့သို့ သက်စွန့်ဆံဖျား တရားခံဖမ်းနေသည်ကို မငဲ့ညှာဘဲ အငြိမ့်လူရွှင်တော်ပြက်လုံးကြား နေရသလို တဝါးဝါးတဟားဟားနှင့် ပွဲကျလို့မဆုံး။

မည်သို့ပင်ဖြစ်စေ ဤမျှညာဏ်များလှသော လူသတ်တရားခံ ဖီလိုဆိုဖီမောင်ပါစီကို လက်ရဖမ်းဆီးနိုင်သည့်အတွက် ချီးကျူး ထောမနာပြု၍မဆုံးတော့။

■ ■ ■

တလွဲဖြစ်နေတဲ့လောကကြီးမှာ
တလွဲကိုတလွဲနဲ့ထေမှ
ခေတ်မီတော့ပေမပေါ့
ငါ့လူရာ . . .
အမှန်တော့ တလွဲပြောည
တလွဲလုပ်တယ်
ဆိုတာအသေအချာလေ့လာရင်
ပညာရပ်တစ်ရပ်ပေပဲ . . .
လွယ်တာမှတ်လို့ . . .



ညဟုအမည်တွင်သော်လည်း လရောင်ဖြင့်ဝင်းနေ၏။ လပြည့်ညမို့လားတော့မသိ။ ဝန်းကျင်တစ်ခုလုံးလရောင်နှင့် လင်းနေသည့်အပြင် ဝပ်အားကောင်းသောဓာတ်မီးရောင် ကလည်းလမင်း၏အလင်းရောင်ကိုပံ့ပိုးနေသည့် အတွက် နေ့တစ်နေ့ ဟုထင်ရလောက်အောင် လင်းပနေသည်။

ထိုအထဲမှာမှ အလင်းဆုံးဓာတ်တိုင် အောက်တွင် ခပ်မတ်မတ် ရပ်နေသော စုတ်တီး စုတ်ဖတ်လူငယ်တစ်ယောက်။ မလှုပ် မယှက် ငြိမ်သက်လျက် ဓာတ်တိုင်အောက်တွင်သာ စိတ်ပျက်လက်ပျက်ခပ်မတ် မတ်ရပ်နေ၏။



# အိုင်အိုဒင်းကိုကိုကြီး နှင့် သောကြာကောင်ကောင်

"ရပ်လိုက်. . ."

ကျယ်လောင်သောအော်သံကြောင့် ခါတ်တိုင်အောက်မှလူ ရှွယ်တွန့်ဝင်သွား၏။ ရပ်နေတာကိုမှ ရပ်လိုက်ဟု အမိန့်ပေးနေသည့်အတွက် ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားပုံရ၏။ ထို့ကြောင့်သာ. .

"ရပ်နေပါတယ်ဆိုမှ ရပ်လိုက်ဆိုတော့ ကျုပ်ကဒီထက် ဘယ်လိုပိုရပ်ပေးရဦးမှာလဲဟင်. . . ."

လူရွှယ်၏မကျေမနပ်စကား. . ။ သိပ်မကြာလိုက်ပါ။ လင်းနေသောသူ့မျက်နှာပေါ် ခါတ်မီးရောင်အလင်းများထပ်ကျလာ၏။ ထိုခါတ်မီးရောင်ကိုဖန်ဆင်းသူများက ပတ္တရောင်လှည့်လာသောပုလိပ်များ. . . .။ ပုလိပ်များက သူ့အရှေ့မားမားမတ်မတ်ရပ်လိုက်ကြ၏။

"မင်းအရှေ့ဘက်ကလာတာမဟုတ်လား. . ."

ခါတ်တိုင်အောက်မှလူငယ်က မျက်နှာရှုံ့မဲ့လိုက်ပြီး

" ဘယ့်နှယ်ဗျာ. . . အနောက်ဘက်ကလာတာပါ. . ."

"လျှာမရှည်နဲ့ ငါသိတယ်. . . မင်းအနောက်ဘက်ကုန်းက ဒေါ်လှမြင့်သားမဟုတ်လား. . ."

"မဟုတ်ပေါင်ဗျာ. . . ကျုပ်ကတောင်ဘက်ပိုင်းက ဒေါ်တင်ကြီးသားပါ. . ."

လူရွှယ်စကားကို ပုလိပ်များ ခေါင်းညိတ်ကြသည်။ ပြီးမှ. . .

"ဒါဆို မင်းကသူခိုးစိန်လှပေါ့ဟုတ်လား. . ."

ပုလိပ်များစကားကြောင့် လူရွှယ်စိတ်ညစ်သွားသလို ခေါင်းကိုတဗျင်းဗျင်းကုတ်ပြီး

"ဘယ့်နှယ်သူခိုးစိန်လှရမှာလဲ. . . ကျုပ်နာမည်မြယာဗျ။ မြယာ. . ."

လူရွှယ်၏စကားကြောင့်ပုလိပ်များ သဘောပေါက်သွားသလို ခေါင်းညိတ်ကြသည်။

"ဩော်. . . မင်းကနာမည်တောင် ပြောင်းထားပြီကိုး

ကဲလာ. . . မင်းကိုဖမ်းရမယ်. . .”

လူငယ်၏လည်ကုတ်ကိုဆွဲ၍ခေါ်သောကြောင့် လူရွယ်လည်းလန့်သွားပြီး. . .

“ဟာ. . . ဟေ့လူတွေ. . ကျုပ်ကဘာလုပ်လို့ ဘာမှုနဲ့ဖမ်းမှာလဲဗျ. . .”

သူ့အလန့်တကြားအမေးကို ပုလိပ်ကြီးကပြုံးပြီးပြန်ပြောသည်. . . .။

“မှောင်ရိပ်ခိုမှု. . .”

“အန်. . .”

လင်းကျင်းနေသော မာကျူရီဓာတ်တိုင်အောက်တွင်ရပ် နေသူကိုမှမှောင်ရိပ်ခိုမှုနဲ့ဖမ်းမယ်ဆိုသဖြင့်လူရွယ်မှာဘာပြောလို့ပြောမှန်းမသိဘဲ အနောက်ကဓာတ်တိုင်ကြီးကို ပြန်မော့ကြည့်သည်။ လင်းကျင်းနေသောဓာတ်တိုင်ကြီးနှင့် ပြည့်ဝန်းနေသောလမင်းကြီးကတော့ သူတို့မဟုတ်သလို ဆက်လက်၍လင်းကျင်းရင်း မသိချင်ယောင်ဆောင်နေ၏။ ဓာတ်တိုင်အောက် ကလူရွယ်ကသာ မှောင်ရိပ်ခိုမှုနှင့် ပုလိပ်သားများဆွဲခေါ်ရာသို့ ဒရွတ်တိုက်ပါသွားဆဲ. . .။

■ ■ ■

"ဂျိုင်း . . . "

အချုပ်ခန်းတံခါးပိတ်သံနှင့်အတူ လူရှယ်အချုပ်ခန်းလေးအတွင်းဝေ့ကြည့်လိုက်သည်။ အချုပ်ခန်းလေးအတွင်းမှာတော့သူ့ကိုကျောခိုင်းထိုင်နေသော ဦးပြည်းပြောင်ပြောင်ဖိုးသူတော်တစ်ဦး. . . ။

"ဘယ့်နှယ်လဲမောင်ကျော့မောင် ထဘီခိုးမှုနဲ့အချုပ်ထဲရောက်လာပြီထင်တယ်. . ."

ဖိုးသူတော်ထံမှ အောင်မြင်ခန့်ညားသောအသံကြား၍ လူရှယ်ဘေးဘီကိုဝေ့ကြည်လိုက်သည်။ မည်သူ့ကိုမှမတွေ့ရ။

ထိုတော့မှ သူ့ကိုရည်ရွယ်ပြောနေမှန်းသိ၍ ခေါင်းကုတ်လိုက်ပြီး. . .

"ဘယ့်နှယ်ကျော့မောင်ရမှာလဲဗျ. . ကျုပ်နာမည်မြယာထဘီခိုးမှုနဲ့ ဒီထဲရောက်လာတာမဟုတ်ဘူး. . ပုလိပ်ကခတ်တိုင်

အောက်မှောင်ရိပ်ခိုလို့ဆိုပြီးဖမ်းလာတာ. . ."

ဖိုးသူတော်က သူ့ကိုလှည့်မကြည့်သေးဘဲ ခေါင်းကိုဖြည်းညင်းစွာညိတ်၏။ ပြီးနောက်. . တည်ငြိမ်သောလေသံဖြင့်. . .

"သြော်. . မင်းတောင်နာမည်ပြောင်းပြန်ပြီကိုး. . ဒါနဲ့မင်း အမေရော၊ တလောက နောက်အိမ်ထောင်ပြုလို့ဆို. . ."

ဖိုးသူတော်စကားကြောင့် မြယာဆိုသောလူငယ်စိတ်ညစ်သွားပြီး. . .။

"ကျုပ်အမေက ဆုံးတာသုံးနှစ်ရှိပြီဗျ. . . သေပြီးသားလူက ဘယ့်နှယ် နောက်အိမ်ထောင်ပြုမှာလဲ. . တကတည်းစိတ်ကိုညစ်တယ်. . ."

ဟုဆိုပြီး အချုပ်ခန်းကြမ်းပြင်ပေါ် ဆောင့်ကြီးအောင့်ကြီးထိုင်ချလိုက်သည်။

ဖိုးသူတော်ကြီးက လှည့်ပင်မကြည့်ဘဲ ခေါင်းကိုခပ်ဖြည်းဖြည်းညိတ်ပြန်၏။

"ဒါနဲ့ မင်းကလေးဟိုမျောက်လောင်းသုံးကောင်ရော. ."

မြယာခေါင်းကိုခပ်ကြမ်းကြမ်းကုတ်လိုက်ပြီး

"ဘယ့်နှယ်ကလေးရှိရမှာလဲဗျ. . . ကျုပ်ကလူပျိုဘယ်မိန်းမမှမရှိဘူး. . . ဘယ့်နှယ်ဗျာ. . တစ်နေ့လုံးတလွဲတွေကြီးနဲ့တွေ့ပြီးတလွဲတွေပဲအပြောခံနေရတော့တယ်။ ဘယ်လိုလူတွေနဲ့လာတွေ့နေမှန်းကိုမသိဘူး. . .

ထိုသို့ဆိုမှ ဖိုးသူတော်က သူ့ဘက်လှည့်လိုက်သည်. . .။

ဖိုးသူတော်၏ပုံသဏ္ဌာန်ကို ထိုတော့မှမြယာအကဲခတ်ခွင့်ရ၏။ သေးမြှောင်ကျဉ်းမြောင်းသောမျက်လုံး၊ အနည်းငယ်လန်နေသယောင်ထင်ရသောနှုတ်ခမ်းကို ပိုင်ဆိုင်သော ထိုဖိုးသူတော်သည်ပါးစောင်ထဲတွင် ကွမ်းသီးလုံးကြီးငုံထားသည်ထင့် ပြည့်ဖောင်းဖောင်းပါးပေါ်အလုံးကြီးတစ်လုံးထပ်၍ဖုထွက်နေ၏။ ထို့အပြင် ခန္ဓာကိုယ်နှင့်မ

လိုက်အောင် သေးငယ်လှသော အဖြူရောင်ပိတ်စကို ပခုံးမှနေ၍ ခန္ဓာကိုယ်တစ်ဝက်ကို လွှမ်းခြုံထားသည်။ သူ၏ပြည့်ဖောင်း လုံးဝန်းသော ဝမ်းဗိုက်ကို ဖုံးအုပ်ခြင်းငှာမစွမ်းသာဘဲ ပိတ်ဖြူအပြင်ဘက် တိုးထွက်နေ၏။ ထိုတိုးထွက်နေသောဝမ်းဗိုက်ပေါ်တွင်မှဝမ်းဗိုက် မွေးများတင်းကြမ်းပြည့်နှက်နေပြန်သည်. . .။

မြယာအကဲခတ်နေစဉ်အတွင်းမှာပင် ဖိုးသူတော်က မိန့်မိန့်ကြီးပြုံးလိုက်ပြီး ဤသို့မြွက်ကြား၏. . .

"တလွဲဖြစ်နေတဲ့လောကကြီးမှာ တလွဲကိုတလွဲနဲ့ထေမှ ခေတ်မီ တော့ပေမပေါ့ ငါ့လူရာ. . . အမှန်တော့ တလွဲပြောတလွဲလုပ်တယ်ဆိုတာအသေအချာလေ့လာရင်ပညာရပ်တစ်ရပ်ပေပဲ. . . လွယ်တာမှတ်လို့. . စေ့စေ့တွေးတော့ရေး ရေးမြင်တဲ့. . .။ အဲဒီစကားပုံအတိုင်း စေ့စေ့စပ်စပ်တလွဲတွေး. . တလွဲလုပ်ကြည့်စမ်း၊ တကယ်တန်ဖိုးရှိတဲ့၊ လျှို့ဝှက်နက်နဲတဲ့လောကဓာတ်ပညာရပ်ဆိုတာ ငါ့ကောင်ရေးရေးသိလာလိမ့်မယ်. . ."

"ဘယ်လို. ."

ဖိုးသူတော်၏ထူးဆန်းသောစကားကြောင့် မြယာအံ့အားသင့်သွား၏။

"ဘယ်လိုဗျ. . . တလွဲပြောတလွဲလုပ်တယ်ဆိုတာ ပညာရပ်ဟုတ်လား. ."

"မှန်၏ ငါ့ကောင်. . ."

ဖိုးသူတော်ထောက်ခံ၏။ ဒါကိုမြယာခေါင်းကုတ်ပြီး. .

"ဘယ့်နှယ်ဗျာတလွဲလုပ်တလွဲတွေးတယ်ဆိုတာ ဒီလောက်လွယ်တဲ့ကိစ္စပဲ. . . ဘာကိစ္စပညာရပ်ဖြစ်ရမှာလဲ. . မဟုတ်တာပြောမဟုတ်တာလုပ်ရင်တလွဲဖြစ်ပြီပဲ. . . ဒါကဘာပညာရပ်ဖြစ်ရမှာလဲ. . မရှုပ်တာကိုရှုပ်အောင်လုပ်တယ် ဇွတ်. . ."

မြယာ၏စကားကြောင့် ဖိုးသူတော်ကြီးပြုံးလိုက်သည်။

"မင်းကမသိသေးဘဲကိုး. . .။ အမှန်တော့ခပ်တည်တည်နဲ့တလွဲလုပ်ရတယ်ဆိုတာ လောကမှာအခက်ဆုံးကိစ္စပဲ. . . လုပ်တိုင်းမဖြစ် ဖြစ်တိုင်းလည်းလုပ်လို့မရဘူး. . ."

"ဟာဗျာ ခင်ဗျားပြောကာမှပိုရှုပ်ကုန်ပြီ။ တလွဲပြောတာများဘာခက်တာမှတ်လို့. . လွယ်လွယ်လေး. . . ."

မြယာ၏စကားကြောင့် ဖိုးသူတော်မိန့်မိန့်ကြီးပြုံးလိုက်သည်။

"ကဲ. . လွယ်တယ်ဆိုရင် ငါ့ကိုကြည့်ပြီး တလွဲပြောကြည့်စမ်း. . . လွယ်မလွယ်သိရအောင်. . ."

မြယာခပ်ဟဟရယ်လိုက်သည်. . .။

"ဟ. . ဒါများအလွယ်လေး. . ကျုပ်ပြောပြမယ်. . ."

ဟုဆို၍ ဖိုးသူတော်ကိုအကဲခတ်ကြည့်သည်။ တစ်ကိုယ်လုံးထောင့်စေ့အောင်ကြည့်သည် ပြည့်စုံပြီဆိုမှ အလွဲနိုင်ဆုံး ကိစ္စကိုပြောချလိုက်၏. . .



"ခင်ဗျားက ဖိုးသူတော်ဆိုတော့ မိန်းမနှစ်ယောက်နဲ့ပေါ့. . ."
သူ့စကားကြားသည်နှင့် ဖိုးသူတော်မှာ အချုပ်ခန်းကြမ်းပြင်ကိုဖြန်းခနဲပုတ်လိုက်ပြီး. . .

"ဟုတ်ပ့ါငါ့ကောင်ရ. . . ငါ့မှာရတဲ့ဝင်ငွေနဲ့မလောက်လို့ အလှူခံကျွေးနေရတာသာကြည့်တော့. . မယုံရင်မေးကြည့် အပေါက်စောင့်တဲ့ရဲကြီးသိတယ်. . .

"ဟုတ်ပါ့ ဟုတ်ပါ့ သိပ်ရှုပ်တဲ့ ဖိုးသူတော်. . ."

ဟိုအပေါက်စောင့်ရဲကြီးက မဆိုင်းမတွထောက်ခံလိုက်သည်။

"အန်. ."

ဖိုးသူတော်၏စကားကြောင့် မြယာကြောင်သွား၏။ သူစိတ်ထဲအလွဲနိုင်ဆုံးကိစ္စကိုပြောတာတောင် မှန်နေသည်မဟုတ်လား. .။ ထို့ကြောင့်ခေါင်းကုတ်၍အကြံထုတ်သည်။ နောက်ဖိုးသူတော်ကို စွေစောင်းကြည့်ကာ. . .

"ခင်ဗျာက အလှူခံစားနေတာဆိုတော့. . . ."

သူ့စကားကြောင့် ဖိုးသူတော်၏မျက်ဝန်းများပြောင်လက်သွားပြန်ပြီး. . .

"မှန်ရဲ့ငါ့ကောင်. . မယုံရင်ဟောဒီမှာကြည့်. . ."

ဟုဆို၍ ခါးပုံစမှ အောင်လက်မှတ်ကိုထုတ်ပြပြီး. . .

"တွေ့လား. . ."

ဖိုးသူတော်စကားကြောင့် မြယာပါးစပ်လေး ဟပြီးကြောင်ငေးနေမိသည်။ နောက်ခေါင်းကိုခပ်ကြမ်းကြမ်းကုတ်သည်။ ပြီးနောက်ဘယ်ဘက်လှည့်လိုက် ညာဘက်လှည့်လိုက်နှင့် အကြံထုတ်သည်။ အတန်ကြာမှ ဖိုးသူတော်မျက်နှာကို စေ့စေ့ကြည့်ပြီး. . .။

"ဒါဆို. . ခင်ဗျားပါးစပ်ထဲငုံထားတာ ကွမ်းသီးလည်းမဟုတ်၊ ခဲတတ်လုံးလည်းမဟုတ်ဘဲ ဂေါ်လီလုံးကြီးလား. . ."

ဖိုးသူတော်က ကြမ်းပြင်ကို တဘုံးဘုံးနှင့် ခပ်ကြမ်းကြမ်းပုတ်

ကာ. . .

"မှန်ပြန်ပြီဗျာ. . . မှန်ပြန်ပြီ. . သွေးထွက်အောင်ကိုမှန်ပြန်ပြီ. .။မယုံရင်ဟောဒီမှာကြည့်။ ဂေါ်လီလုံးမှ ဖန်ဂေါ်လီလုံး၊ ဖိုးသူတော်မှန်ရင် ကွမ်းသီးငုံရမယ်ဝိသေသဖြစ်နေတာနဲ့ ကွမ်းသီးမငုံတတ်လို့ဂေါ်လီလုံးကြီးငုံထားတာ. . ရော့"

ဟုဆိုပြီးပါးစပ်ထဲမှ ဖန်ဂေါ်လီလုံးကြီးကို ကြမ်းပြင်ပေါ်ဒေါက်ခနဲချပြသည်။ ဟုတ်ပါသည်။ ဂေါ်လီလုံးမှ ဖန်ဂေါ်လီလုံးအစစ်ကြီး၊ ငုံထားတာကြာ၍ထင့် ဝင်းပြီးတော့ပင်ပြောင်နေ၏။ မြယာစိတ်ညစ်သွား၏။ သူဘာပြောပြောမှန်နေသည်မဟုတ်ပါလား။ ထို့ကြောင့်သူ့ဘာသာသူစိတ်တိုပြီး ခပ်တိုးတိုးကျိန်ဆဲလိုက်သည်. . .။

" ခွေးမသား. . ."

"ဗျာ. . ."

ဖိုးသူတော်၏အာမေဋိတ်သံ။ မြယာကမပြောချင်ပြောချင်ပုံစံနဲ့တစ်ဖက်လှည့်သွားပြီး. . . .

"ခွေးမသားလို့ပြောတာဗျ. . ."

ထိုအသံလည်းကြားရော၊ ဖိုးသူတော်မျက်လုံးပြူးတက်သွားပြီး

"ဟင်. . မင်းကင့်ါအမေကိုပါသိနေတယ်. . ."

ဖိုးသူတော်၏မဆီမဆိုင်စကားကြောင့် မြယာမျက်မှောင်ကြုတ်သွားပြီး၊

"ဘာဖြစ်လို့လဲ. . ."

ဖိုးသူတော်ကထုံးစံတိုင်း ကြမ်းပြင်ကိုတဖြန်းဖြန်းပုတ်ပြီး. .

"ဟ. . ဘာဖြစ်ရမှာလဲ၊ ငါ့အမေနာမည်က ဒေါ်ခွေးမ။ အဲဒါကြောင့် ငါကဒေါ်ခွေးမသား. . ."

ဒါကြောင့် ခွေးမသား. . ဟားဟား. . မင်းသာဗေဒင်ဟောစားရင်နေ့ချင်းညချင်းအောင်မြင်မှာ. . ဟားဟား. . ."

ဖိုးသူတော်၏အားတက်သရောစကားကြောင့် မြယာစိတ်ညစ်

သွားကာ ကြမ်းပြင်ကိုခြေနှစ်ဖက်နှင့်ပွတ်၍. . .

"ဟာ. . စိတ်ညစ်တယ်ဗျာ၊ စိတ်ညစ်တယ်။ ဘယ်လိုလူတွေနဲ့လာတွေ့နေမှန်းကိုမသိဘူး. . ."

ဟုဆို၍ ကြမ်းပြင်ကိုခြေဖနောင့်နှင့်ပွတ်နေလိုက်၏။ သူ့ကိုကြည့်၍ဖိုးသူတော်မိန့်မိန့်ကြီးပြုံးပြီး. . .

"အေး. . ဘယ်လိုလူတွေလဲဆိုတော့ တလွဲပညာရှင်တွေပေါ့ကွ။ မင်းသာတလွဲတွေး တလွဲလုပ်နိုင်ရင် တလွဲဖြစ်နေတဲ့လောကကြီး မှာ မျက်နှာမငယ်ရတော့ဘူးပေါ့. . ."

ဖိုးသူတော်၏စကားကြောင့် မြယာခေါင်းထောင်တက်သွား၏။

"ဘာဗျ. . တလွဲတွေးတလွဲလုပ်နေရင် လောကကြီးမှာမျက်နှာမငယ်ရတော့ဘူးဟုတ်လား. . ."

"မှန်၏ငါ့ကောင်. . ."

ဖိုးသူတော်မှခေါင်းညိတ်ထောက်ခံ၏။ ဒါကိုမြယာက. . .

"အဲဒီပညာတတ်ရင်ထမင်းစားလို့ရလား. . ."

ဖိုးသူတော်က. . ဟာဟာရယ်လိုက်ပြီး

"ထမင်းစားရုံတင်မကဘူး လူတွေကိုပါလိမ်စားလို့ရတယ်. ."

ဖိုးသူတော်၏စကားကြားတော့ မြယာအားတက်သရောဖြင့်. . .

"ဒါဆို. . ကျုပ်. . ကျုပ်. . အဲဒီပညာကိုသင်မယ်ဗျာ"

ဖိုးသူတော်က ကြမ်းပြင်ကို တဖြန်းဖြန်းပုတ်ပြီး. . .

"သင်တာပေါ့ငါ့ကောင်ရာ. . ."

"ဒါ. . ဒါဆို. . ဒီတလွဲပညာက ဘယ်သူ့ဆီမှာသင်ရမှာလဲ ခင်ဗျားဆီမှာလား. . ."

မြယာ၏အမေးကိုဖိုးသူတော် ပြုံးပြီးခေါင်းခါလိုက်သည်။ ပြီးမှ. . .

"ငါ့ဆီမှာသင်လို့ ပညာဘယ်ပြည့်စုံမှာလဲ. . ."

"ဒါ. . ဒါဆို. . ."

"ငါ့ဆရာရှိတယ်လေ. . ."

"ဆရာ. . ဟုတ်လား၊ သူကဘာလုပ်လဲ. . ."

မြယာ၏အလောတကြီးအမေးကိုဖိုးသူတော်ကမိန့်မိန့်ကြီး ပြုံးလိုက်ပြီး. .

"သူကသိုက်ဆရာ. . ."

"သိုက်ဆရာ. . ဟုတ်လား၊ သူကဘာသိုက်တွေတူးလဲ. . ."

"အေးဟုတ်တယ်. . သိုက်ဆရာ. . ဘာသိုက်တွေတူးလဲဆိုရင်၊ သိုက်နဲ့ပတ်သက်ရင်ငှက်သိုက်တို့၊ ကြွက်သိုက်တို့တောင် ချန်တာမဟုတ်ဘူး. . ."

"သူ့နာမည်က. ."

ဖိုးသူတော်ရုတ်ခြည်းအဖြေမသေးဘဲ ခါးကိုမတ်လိုက်သည်။ ပြီးမှ အောင်မြင်ခန့်ညားသောအသံနှင့်ပြောလိုက်သည်မှာ. . .

"သောကြာကောင်ကောင်. . ."

အသံကြားသည်နှင့်မြယာ၏ခန္ဓာကိုယ်မှ သွေးကြောများဖျဉ်းခနဲထောင်ထသွားသည်။ နောက်အသံတိုးတိုးနှင့်ရေရွတ်သည်။

"သောကြာကောင်ကောင်. . ဟုတ်လား. ."

ဟုတ်တယ်။ ဖိုးသူတော်မှာပြုံး၍ခေါင်းညိတ်ထောက်ခံသည်။ မြယာကသာ အဖြေရှာမရသလိုခေါင်းကုတ်၍. . .

"နေပါဦး. . . သူကရောအတော်လွဲလို့လား. . ."

"ဟားဟား. . ဟားဟား. . ဟားဟား. ."

ဖိုးသူတော်၏ ကျယ်လောင်သောရယ်သံကြားရ၏။ အတန်ကြာမှရယ်ကြောကိုသတ်ပြီး. . .

"သောကြာသားကို တနင်္လာနံနဲ့ ကောင်ကောင်လို့ပေးထားကတည်းက ဘယ်လောက်လွဲနေသလဲဆိုတာ စဉ်းစားသာကြည့်ပေတော့

ငါ့ကောင်. . .

"ဟင်. . ."

"မောင်ရင်တို့မှာ အပြစ်မရှိပါဘူးလို့တော့ သတ်မှတ်လို့မရသေးဘူး။ ဒါပေမယ် လောလောဆယ်မှာ အပြစ်ရှာမရသေးလို့ ခဏပြန်လွှတ်ပေးလိုက်မယ်။ ဒါကြောင့် ဒီကထွက်သွားတာနဲ့ အနေအထိုင်ဆင်ခြင်ပါ။ နောက်တစ်ခါ ပုလိပ်ကမျက်စိနောက်ပြီး ဖမ်းလာရင် မချောင်ဘူးမှတ်၊ ဒါပဲ"

ပုလိပ်အရာရှိ၏မှာကြားချက်ကြောင့် သူတို့နှစ်ယောက်လုံး မျက်နှာလေးတွေငယ်သွားကြ၏။ နောက်မှ မြယာက. . .

"မဟုတ်ဘူးလေ. . ကျွန်တော်တို့မှ ရာဇဝတ်မှုမကျူးလွန်တာ၊ ဒါကိုပုလိပ်က သူ့ဘာသာသူ မျက်စိနောက်ပြီးဖမ်းတာကတော့ ကျွန်တော်တို့ဘယ်တတ်နိုင်ပါ့မလဲ"

ပုလိပ်အရာရှိကခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်ပြီး. . .

"အေး. . . မသေမချင်းမှတ်ထား. . . နောင်ဘဝလူဖြစ်ဖို့ ဆန္ဒရှိရင်လည်း နောင်ဘဝထိမှတ်၊ ပုလိပ်တွေမျက်စိနောက်အောင်နေတာကိုက ရာဇဝတ်မှုပဲ. . ဒါပဲ. .။ သွားကြတော့ တော်ကြာငါမျက်စိနောက်ပြီး မင်းတို့နှစ်ယောက်လုံးကို အချုပ်ထဲပြန်ထည့်မိလိမ့်မယ်. . ."

"ဗျာ. . ."

"ဟင်. . ."

နှစ်ယောက်လုံးဘာမှမပြောနိုင်တော့။ နောက် တစ်ယောက်ကိုတစ်ယောက်လက်ကုတ်ပြီး ပုလိပ်အရာရှိမျက်စိမနောက်ခင် သုတ်ခြေတင်ခဲ့ကြလေတော့သည်။ လမ်းမပေါ်ရောက်သည်နှင့် ဖိုးသူတော်က. . .

"ကဲ. . လမ်းမပေါ်တော့ရောက်ပြီ. . လွတ်လပ်ခြင်းရဲ့လမ်းစကဒါပဲဖြစ်မယ်။ ကဲမြယာ မင်းကဘယ်ဆက်သွားမှာလဲ. . ."

"ဟာ. . ဖိုးသူတော်ရ. . ခင်ဗျားပဲကျုပ်ကို တလွဲပညာတွေ သင်ပေးဖို့ ဆရာကြီးသောကြာကောင်ကောင်ဆီခေါ်သွားမယ်ဆို. . ."

မြယာစကားကို ဖိုးသူတော် အားရပါးရပြုံးလိုက်ပြီး. . .

"ဟုတ်တယ်ဟေ့. . မေ့လို့. . မေ့လို့။ တလွဲဖြစ်နေတဲ့ လောကကြီးမှာ တလွဲပညာရပ်တွေနဲ့ တလွဲလမ်းလျှောက်နိုင်ဖို့ တလွဲဆရာကြီး သောကြာကောင်ကောင်ဆီ အချိန်မနှောင်းခင်ဂျောင်းရအောင် ကျုပ်တို့နှစ်ယောက်ကို ရွာစားရေ မတိမ်းမစောင်း မြင်းလှည်းမောင်းပို့ဗျာ. . ."

■ ■ ■

ကြီးမားကျယ်ဝန်းသော ခြံဝန်းတစ်ခုကိုရောက်သည်နှင့် ဖိုးသူတော်က မြင်းလှည်းဆရာကိုရပ်ခိုင်းလိုက်သည်။ နောက်သူ အလှူခံရာမှရရှိထားသော ငွေအချို့ကိုထုတ်၍ ကျသင့်ငွေကိုရှင်း ပေးလိုက်သည်။ မြင်းလှည်းထွက်သွားတော့မှ ခြံဝနားကပ်၍. . .

"အိမ်ရှင်တို့. . . အိမ်ရှင်တို့. ."

ဟုခပ်ကျယ်ကျယ်အော်လိုက်သည်။ သူ့အသံမဆုံးမီကြား လိုက်ရတဲ့အသံက. . .

"ဒီမှာ ကျုပ်ရောက်နေပြီဗျ. . ."

အသံသာကြားရပြီး လူမမြင်ရသေး။ ထို့ကြောင့် နှစ်ယောက် သား ဘေးဘီဝဲ့ရှာလိုက်ကြသည်။ ဘာမှမတွေ့ လူလောနတ်လော တစ္ဆေ. . .

"ကိုယ့်လူတို့ ဘယ်လိုက်ကြည့်နေတာလဲ. . ကျုပ်ကဒီမှာ"

အသံက သူတို့အောက်က ကြားနေရသည်။ မသင်္ကာ၍ငုံ့

ကြည့်လိုက်တော့မှ . . .

"ဟင် . . ."

"ဟာ . . ."

အရပ်သုံးပေတောင် မပြည့်သေးသောလူပုလေးတစ်ယောက် စွပ်ကျယ်အင်္ကျီနှင့် ဘောင်းဘီတိုကိုဝတ်ဆင်ထားပြီး ခါးကြားတွင် ဂေါ်ရခါးဓားကောက်ကြီးကို ချိတ်ထား၏။ သူ့အရွယ်နှင့်သူ့ဓားမှာ ဓားကပင်ကြီးနေသေး၍ထင့် ဓားကမြေကြီး၌ ဒရွတ်ဆွဲနေသည်။ ထိုသူကိုကြည့်ပြီး ဖိုးသူတော်ကမျက်မှောင်ကြုတ်၍ . . .

"မင်းကဒီမှာဘာလုပ်တာလဲ . . ."

လူပုလေးက ခါးကိုမတ်၍ . . .

"ကျုပ်က ဆရာကြီးရဲ့ခြံစောင့်၊ ဒရဝမ်၊ လုံခြုံရေးမှူး၊ သက်တော်စောင့်၊ မန်နေဂျာ၊ ပြာတာ၊ ဘာဟီရ၊ PA၊ ထမင်း ချက် . . ."

ဖိုးသူတော် မျက်နှာကိုရှုံ့မဲ့လိုက်ပြီး . . .

"ဘွဲ့တွေကများလှချည်လား ငါကလည်းဆရာကြီးသောကြာ ကောင်ကောင်ရဲ့ တပည့်ရင်းပဲ၊ သော့ဖွင့်ပေးစမ်း"

ဖိုးသူတော်၏စကားကို လူပုလေးကခေါင်းခါလိုက်ပြီး . . .

"ဒီလိုလွယ်လွယ်နဲ့ ဖွင့်ပေးလို့မရဘူး"

ဖိုးသူတော် မျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ . . .

"ဘာလို့လဲ . . ."

"အရပ်မမီလို့"

"အန်"

ဟုတ်သား၊ သော့ပေါက်က ထိုလူပုလေးအရပ်နဲ့ ဘယ်လိုမှ မမီနိုင်၊ ခြေဖျားထောက်လည်းမီမည်မဟုတ်၊ ကုလားမခြေထောက်တပ်တာတောင် ထပ်ပြီးတော့ အရပ်ထောက်ရဦးမယ်။

"ကဲ . . မင်းဖွင့်လို့မမီလည်း ငါတို့ဖာသာငါတို့ဖွင့်မယ်။ သော့ပေးစမ်း . . ."

ဖိုးသူတော်၏စကားကို လူပုလေးကခေါင်းခါလိုက်တယ်။

"ဒီလိုလွယ်လွယ်ပေးလို့ ဘယ်ဖြစ်မလဲ။ ဆရာကြီးတပည့်အစစ်ဟုတ်မဟုတ် စစ်ဆေးရဦးမှာပေါ့. . ."

ဖိုးသူတော်မှ လက်နှစ်ဖက်ဆန့်တန်းရင်း ပမာမခန့်ဖြင့်. . .

"စမ်းချင်သလိုသာစမ်း. . ."

လူပုလေးက ခေါင်းညိတ်၍ ဖိုးသူတော်ကိုစေ့စေ့ကြည့်ကာ. .

"ကျားလား ခြသေ့်လား. . ."

"မျောက်"

"တောမျောက်လား မြို့မျောက်လား"

"အမြီးမပေါက်တဲ့ တောင်ကြက်"

"ကြက်ဖတိန်ညင်တောကိုဝင်"

"မောင်ရင်လာ လိုက်ရိုက်သတ်"

"မသတ်ပါနဲ့မောင်ရင်ရယ် "

"ဆေးတံကြီးနဲ့ခေါက်လိမ့်မယ်"

"ဆေးတံဆိုတာချိုနဲ့လားကွယ့်"

"တောဖျားနတ်က ဖမ်းစားမယ်"

"ဘယ်ဘက်ကဖမ်းဖမ်း ညာဘက်ကဖမ်းဖမ်း"

"ကြက်သွန်ဖြူ ခုနစ်လုံး"

"နင်နဲ့ငါနဲ့ နပန်းလုံး တစ်နှစ်သုံး"

ဟုဆို၍ အရောင်ပြနပန်းလုံးကြပြီးမှ လူပုလေးက ခေါင်းညိတ်လိုက်ပြီး. . .

"မှန်တယ်. . တံခါးကိုတွန်းဖွင့်လိုက်တော့"

"ဟင်. . . တံခါးကသော့ခတ်ထားတာမဟုတ်လား"

မြယာကဖြတ်မေးသည်။ ဒါကိုလူပုလေးက. . .

"ဘယ့်နှယ်သော့ပိတ်ရမှာလဲ ဒီအတိုင်းစေ့ထားတာ။ ကျုပ်အ

ရပ်နဲ့မှမဓိတာ ဘယ်လိုလုပ်ပိတ်ထားလို့ရမှာလဲ. . ."

ဟုတ်လည်းဟုတ်ပါသည်၊ တံခါးကတွန်းဖွင့်လိုက်သည်နှင့် ကျိခနဲပွင့်သွား၏။ ဒါကို မြယာကတင်းသွားပြီး

"ခင်ဗျားတို့ဟာကဗျာ တံခါးကြီးဖွင့်ထားတာကိုတောင် အထဲဝင်ဖို့အတွက် ရေးကြီးခွင်ကျယ် လုပ်ပြီး အမေးအဖြေတွေ စကားဝှက်တွေလုပ်နေရသေးတယ်လို့"

သူ့စကားကို လူပုလေးက. . .

"ဒါကလူရှိန်အောင်လုပ်ရတာပဲ. . . အကျိုးမရှိဘဲနဲ့တော့ ဘယ်သူမှလုပ်မနေဘူး. . ."

"ဘာအကျိုးရှိလို့လဲ. . ."

"ကျုပ်အတည်မေးတာကို ခင်ဗျားတို့ အတည်ကြီးပြန်ဖြေနေတာကိုကြည့်ပြီး၊ ကျုပ်ဝမ်းထဲကျိတ်ရယ်နေရတယ်လေ။ အဲဒါကိုက ကျုပ်အတွက် အကျိုးရှိတာပဲပေါ့။ မဟုတ်ဘူးလား. . . ဟားဟား. ."

"ဩော်. . တော်တော်လည်းတလွဲနိုင်တဲ့လူတွေ. . ."

မြယာလည်းဆက်မမေးတော့ပါဘူး။ ဆက်မေးနေရင် ထိုလူပုလေးခါးထိုးထားသောဓားမှာ ဝါးဓားကြီးပင်ဖြစ်ကြောင်းသိနေရဦးမည်။ ထို့ကြောင့် ဘာစကားမှပင်ထပ်မဟဘဲ ဖိုးသူတော်နောက်သာကုပ်ချောင်းကုပ်ချောင်းလိုက်ခဲ့ မိတော့၏။

"လာ. . ဆရာကြီးက အပေါ်ထပ်မှာ"

ဖိုးသူတော်က သူ့ဘာသာသူရေရွတ်သလိုပြောပြီး အပေါ်ထပ်သို့ဦးဆောင်တက်သွား၏။ လှေကားလက်ရန်းများမှာ အလူမီနီယမ်နှင့်ပြုလုပ်ထားပြီး၊ လှေကားအားလုံးတွင် ကတ္တီပါအနီစများခင်းထား၏။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဤအိမ်မှာနေသော လူသည် သာမြင်ညောင်ညအစားထဲမှမဟုတ်မှန်း လွန်စွာသိသာလှသည်။ ထို့အပြင် အိမ်တွင်းမှာရှိသော အသုံးအဆောင်များသည် တန်ဖိုးနည်းသော ပစ္စည်းများ တစ်ခုမှမပါသည့်အပြင်၊ ပြည်တွင်းဖြစ်ပစ္စည်းများမဟုတ်

သည်ကိုလည်း သတိထားမိလောက်သည်။ ဤသည်ကိုကြည့်ပြီး မြယာမှာ သောကြာကောင်ကောင်ဆိုသော သိုက်ဆရာ လူစွမ်းကောင်းကို လေးစားသည်ထက် ပို၍ကြည်ညိုလေးစားမိတော့သည်။

"ဒီအခန်းပဲ. . ."

သပ်ရပ်ကျယ်ဝန်းသော အခန်းတစ်ခုရှေ့ရောက်သော် ဖိုးသူတော်မှ လှမ်းလက်စခြေလှမ်းရပ်တန့်ရင်းပြောသည်။ အခန်းထဲဝေ့ကြည့်လိုက်တော့. . .

"ဟင်. . ."

မြယာအံ့အားသင့်သွား၏။ အခန်းထဲတွင် ဝတ်ဖြူစင်ကြယ် နှင့် မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေသောလူတစ်ယောက် မျက်လုံးကို မှိတ်ပြီး ဘာမှမသိသလို အရုပ်တစ်ရုပ်ချထားသည့်သဖွယ် ငြိမ်သက်နေ၏။

"လာ. . . အထဲဝင်ရအောင်"

ဖိုးသူတော်မှ ဦးဆောင်၍ အခန်းထဲယို့ယို့လေးဝင်သွား၏။ မြယာကလည်း ဖိုးသူတော်နည်းတူ နောက်ကယို့ယို့လေးလိုက်လာ၏။ ဖိုးသူတော်နှင့် မြယာ ထိုလူနှင့် အနီးကပ်ဆုံးနေရာတွင် ဒူးလေးတုပ်ပြီးထိုင်လိုက်ကြသည်။ ထိုသူက လုံးဝလှုပ်ရှားခြင်းမရှိ။

ထိုတော့မှမြယာလည်း ထိုသူ၏အသွင်သဏ္ဍာန်ကိုကောင်းစွာအကဲခတ်ခွင့်ရ၏။ ထိုသူသည် သူ၏တွန့်လိမ်ကောက်ကွေးနေသော သပ္ပတ်အူသဖွယ် မွဲပြာပြာညိုညစ်ညစ်ဆံပင်များကို သားရေကြိုးဖြင့် အနောက်ဘက်တွင် စည်းနှောင်ထားသည့်အတွက် သူ၏သေးကျဉ်းသောနဖူးနှင့်မေးရိုး ထက်အဆမတန်သေးငယ်နေသော ဦးခေါင်းကို မြင်ရ၏။

ထို့ပြင် စတီး(လ်)ကဲ့သို့ပြောင်ဝင်းနေသောမျက်နှာ၊ တုတ်တိုသောမျက်ခုံးမွေး၊ ရိုးပြတ်စပါးများသဖွယ် ကျိုးတိုးကျဲတဲ မုတ်ဆိပ်မွေးနှုတ်ခမ်းမွေးတချို့နှင့်ဝက်ခြံများ အနည်းငယ်ပေါက်ရောက်နေလေ

သည်။ ထိုမှတ်ဆိတ်မွေးနှုတ်ခမ်းမွေးများကြားမှပင် ချွန်သည်ပင်မကဘဲ ထော်လန် နေသည်ဟုပြောမှပြည့်စုံသည့် နှုတ်ခမ်းအာပြဲပြဲကြီးတစ်စုံ ကိုပိုင်ဆိုင်ထားပြန်သည်။ သူ၏မျက်နှာတွင် အထူးခြားဆုံးက ကြီးမားသောမေးရိုးကြီးပင်။ အနည်းဆုံးတော့ထိုမေးရိုးကြီး ကလေး တစ်ဖက်စာလောက်တော့ရှိပေမည်။ ကိုယ်လုံးကိုယ်ထည်ကတော့ ပခုံးရိုး ကြီးကြီးနဲ့မို့ ထည်သည်ဟုပင်ဆိုရမည်။ သူတို့အတန်ကြာ ထိုင်နေသည်ထိ ထိုသူသည်မျက်လုံးလုံးဝမဖွင့်ဘဲ လူသေလိုပင်ငြိမ် သက်စွာထိုင်နေ၏။ အတန်ကြာမှ သက်ပြင်းကိုချပြီး. . .

"ဂနိုင်ရာဇာတောင်ပြန်လာပြီကိုး. . ."

အသံကြီးကလည်း ကပြောင်းပျက်နိုင်လှ၏။ ဒါကို ဖိုးသူတော် ကလည်း ကပိုကယိုအသံကြီးဖြင့်. . .

"ဂနိုင်ရာဇာမဟုတ်ပါဘူး၊ ဖိုးသူတော်ဦးရင့်ပါ"

ထိုသူက မျက်လုံးကိုလုံးဝမဖွင့်ဘဲ ခေါင်းဖြည်းညင်းစွာညိတ် ၏။

"ဦးရင့်ဆိုတော့ တစ်ယောက်တည်းပဲပေါ့"

"နှစ်ယောက်ပါခင်ဗျ. . နှစ်ယောက်ပါ အဖော်တစ်ယောက် ပါ'ပါခဲ့ပါသေးတယ်"

"ဟင်. . မင်းမိန်းမခိုးပြန်ပြီပေါ့. . ."

"မိန်းမမဟုတ်ပါဘူး ယောကျ်ားပါ"

"အလို. . မင်းကယောကျ်ားတောင်ယူလိုက်ပြီ"

ဖိုးသူတော် စိတ်ရှုပ်သွားသလို သူ၏ပြောင်နေသောခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီး. . .

"ဟာ. . ဘယ့်နှယ်ယောကျ်ားယူရမှာတုံး၊ မိတ်ဆွေဖြစ်လာ တာပါဗျ မိတ်ဆွေဖြစ်လာတာ. ."

ထိုသူခေါင်းကို တဆတ်ဆတ်ညိတ်သည်။ ပြီးမှ. . .

"ဩော်. . ဒါဆို မဟုတ်မှလွဲရော မင်းတို့ပန်းခြံထဲ လေညင်း

ခံအပန်းဖြေရင်းတွေ့လာကြတာပေါ့”

“ဟ. . . ဘယ်ကပန်းခြံထဲ လေညင်းခံ အပန်းဖြေရင်းတွေ့ရမှာလဲ. . .။ အချုပ်ခန်းထဲမှာ လေပုပ်လေသိုးတွေရှူရင်း တွေ့လာကြတာ. . .”

“သြော်. . ဒါဆို နှစ်ယောက်ပေါင်းပြီး မုဆိုးမအိမ် ထဘီတက်ခိုးရင်းခင်လာကြတာထင်တယ်. . .”

“ဘယ့်နှယ် မုဆိုးမအိမ်ထဘီတက်ခိုးရမှာလဲဗျ။ ကျုပ်က မသင်္ကာမှု၊ သူက မှောင်ရိပ်ခိုမှုနဲ့ ဖမ်းခံထိခဲ့တာ. . .။ ဒါကြောင့် အချုပ်ခန်းထဲမှာခင်လာတာ. . .”

ထိုသူခေါင်းညိတ်ပြန်သည်။ ပြီးမှ. . .

“ဒါဆို ရဲဘက်မှာ ကျောက်ထုခဲ့ရသေးတယ်ပေါ့၊ မဟုတ်ဘူးလား. . .”

ထိုသူစကားကြောင့် ဖိုးသူတော်လည်း ဒေါသတကြီးဖြင့်. .

“ဟေ့လူ ခင်ဗျားအဲဒီလောက်လွဲနေတာ၊ အချင်းချင်းတောင်တင်းလာပြီနော်. . ဟင်း. . ဘယ့်နှယ်ဗျာ၊ အလုံးပေါင်းတစ်သောင်းလောက်မှာ တစ်လုံးမှမတည့်ဘူး။ ဘာရဲဘက်မှလည်းကျောက်မထုခဲ့ရဘူး။ အချုပ်ထဲ တစ်ညအိပ်ပြီးထွက်လာကြတာ. . . တကတည်း”

ဖိုးသူတော် ဆောင့်ကြီးအောင့်ကြီးပြန်ထိုင်လိုက်သည်။ ထိုတော့မှ ထိုသူသည် မိန့်မိန့်ကြီးပြုံး၍ ခေါင်းညိတ်ကာ. . .

“အေး. . ဒီလောက်လွဲတဲ့လောကမှာ အဲဒီလောက်လွဲအောင် လေ့ကျင့်နိုင်တာ တော်ရုံတန်ရုံခွတ္တိပါရမီနဲ့ မရဘူးကွယ့်. . .”

ဟုဆို၍ မျက်လုံးဖွင့်ပြလိုက်ရာ. . .

“ဟင်”

“အလို”

“ကွပ်ပယ်. . ကွပ်ပယ်ကြီး. .”

ဟုတ်ပါသည် ထိုသူမျက်လုံးကိုကြည့်ပြီး မြယာအံ့အားသင့်

သွားသည်။ထိုသူ၏မျက်လုံးမှာ တကယ့်ကို တောင်တစ်လုံးမြောက် တစ်လုံးကြီး။ ပြီးတော့ အပေါ်ထောင့်တစ်လုံး အောက်ထောင့်တစ်လုံး အလိုင်းမင်းလွဲတာမှာ အတော်ကြီးကိုလွဲနေတာ။ မြယာအံ့အား သင့်နေတုန်းမှာပင် ဖိုးသူတော်က သူ့အားတံတောင်နှင့်တွက်၍. . .

"ဟော့ကောင် ဆရာကြီးကို ကွပ်ပယ်လို့မပြောရဘူး။ အပယ် ရတနာကွ အပယ်ရတနာ။ ပယ်တာတောင် ဟင်း. . . အပယ်ရတနာ ရိုးရိုးပယ်တာမဟုတ်ဘူး. . . ရတနာထိုက်တန်အောင်ပယ်တဲ့ အပယ် ရတနာ"

ဖိုးသူတော်၏ အားတက်သောစကားကြောင့် မြယာအံ့အား သင့်သွားသည်။

"အေး. . ဟုတ်တယ် အပယ်ရတနာ. . ."

သူတို့၏စကားကို ထိုအပယ်ရတနာကြီးက ဂရုမစိုက်ဘဲ မတ် တတ်ထရပ်လိုက်သည်။

"ဟင်"

ထိုသူထရပ်လိုက်မှ မြယာပိုပြီးအံ့အားသင့်သွားရ၏။ မ အံ့သြနိုင်ခံရိုးလား၊ ကြီးမားတုတ်ခိုင်သောမေးရိုးကြီးနဲ့ လုံးဝလိုက်ဖက် အောင် ရှုံးကျနေသောတင်ပါး၊ ထိုအောက်မှခွင်ကောက်နေသောခြေ နှစ်ဖက်၊ သူ့ပုံစံကိုကြည့်ရသည်မှာ ဆမူဆာနှစ်ခုကို ကပ်ထားသလိုမျိုး ကြီးဖြစ်နေ၏။

**မှတ်ချက်။ ။ နောင်လာနောက်သားများ အမှတ်မမှားရလေအောင် ထိုခေတ်ထိုအခါက 'သောကြာကောင်ကောင်'အား မှတ်တမ်းတင် ရိုက် ကူးထားသည့်ရှားရှားပါးပါးဓာတ်ပုံကို အထူးတလည် ပြန်လည် ဖော်ပြလိုက်သည်။ ထိုဓာတ် ပုံမှာ ထိုခေတ်က ဗိုလ်တထောင်ဘုရား အနီးတွင် ဖွင့်လှစ်ထားသော OPERA ဓာတ်ပုံတိုက်မှ ရိုက်ယူထား ခြင်းဖြစ်သည်။ ထိုဓာတ်ပုံ တိုက်ကို ကုလားကပြားညီအစ်ကို နှစ်ဦး ဖြစ်သော ဦးအူလဂျာမာမွတ်နှင့်ဦးဒူလဘာရာကွတ်တို့ပိုင်ဆိုင်ပါ**

သည်။ ထိုခေတ်က နာမည်အကျော်ဆုံးဓာတ်ပုံတိုက်ဖြစ်ပေ၏။



"အိမ်း. . မောင်ရင်တို့ကျွန်ုပ်ကိုကြည့်ပြီး အံ့သြကြီး အံ့သြနေလိမ့်မယ်။ အမှန်တော့ ဒါတွေကလောကနိယာမကြီးနဲ့ယှဉ်ရင် သိပ်ပြီးဆန်းကြယ်လှသေးတာတော့ မဟုတ်သေးပါဘူးကွယ်. . ."

ဆရာကြီးသောကြာကောင်ကောင်က ခွင်ကောက်ခွင်ကောက်နှင့် လမ်းလျှောက်လျက်မြွက်၏။ မြယာနှင့်ဖိုးသူတော်ကသာ သူတို့ ၏ဆရာကြီးဖြစ်သူကို ပါးစပ်အဟောင်းသားနဲ့ကြည့်နေသည်။

"လောကမှာ ဒီထက်ဆန်းကြယ်တာတွေ တွေ့ရလိမ့်မယ်. .။

ကဲ. . ဖိုးသူတော်နဲ့ပါလာတာ ဘယ်သူ. . ."

"မြယာပါ"

ဆရာကြီးသောကြာကောင်ကောင်က ခေါင်းညိတ်၏။

"မင်းလည်း ငါ့လူယုံတော် ဖိုးသူတော်ကြီးကတောင် ခေါ်ခဲ့တာဆိုတော့ ခေသူဟုတ်ပုံမရဘူး။ မင်းအရေးကြုံရင် စွန့်စားရဲရဲ့လား"

ဆရာကြီးသောကြာကောင်ကောင်ရဲ့အမေးကို မြယာရင်ကော့ကာ ခေါင်းကိုခပ်သွက်သွက်ညိတ်လိုက်ပြီး. . .

" တုံးဆိုတိုက် ကျားဆိုကိုက် မိုက်ပေ့ဆိုတဲ့အင်းခွေးကိုတောင် မေ့သွားအောင် ယှဉ်ကိုက်နိုင်သူပါ။ ဘာလို့မေးတာလဲ ဆရာကြီးသတ်စရာပုတ်စရာရှိလို့လား. . ."

မြယာအမေးကို သောကြာကောင်ကောင်က သူ၏အပယ်ရတနာမျက်လုံးကို ပျာကလယ်ပျာကလယ်လုပ်ပြီး. . .

"ငါကြောက်လို့မေးတာကွ. ."

"ဟင်"

မြယာမျက်လုံးများပြူးထွက်သွား၏။ နောက်မှ ကယောင်ကတမ်းနှင့် . .

"အင်း. . . ခင်ဗျားက ကြောက်တတ်တယ် ဟုတ်လား"

"ဖြည်းဖြည်းအော်ပါကွာ အသည်းတုန်လွန်းလို့"

"ဟာ. . ခင်ဗျားကြောက်တတ်တယ်ဆိုရင် သတ္တိရှိတဲ့ကျုပ်က ခင်ဗျားဆီမှာ တပည့်ခံရမှာလား. . ."

သောကြာကောင်ကောင် ပြုံးဖြီးဖြီးလုပ်လိုက်သည်။ ပြီးမှ

"ဒါလောကသဘာဝပဲကွ၊ သတ္တိရှိသူတွေက သတ္တိမရှိသူတွေရဲ့တပည့်ပဲ ဖြစ်ရမယ်။ သတ္တိရှိမှတော့ ဘယ်တပည့်မွေးပါ့မလဲ၊ အကုန်အကျတောင်များသေး ကိုယ့်ဘာသာကိုချမှာပေါ့။ အေး. . ငါလည်းဒီအတိုင်းပဲ၊ မင်း တို့သတ္တိရှိတဲ့သူတွေက သတ္တိမရှိတဲ့ ငါ့တပည့်လုပ်ကြ။ ဒါမှလူတွေက ဟိုမှာကြည့်စမ်း ဘာမဟုတ်တဲ့ အလကားအီးပေါကောင်

ကိုမှဆရာတင်ကြတယ်။ လူမိုက်တွေဆိုပြီး လူတွေက ကင်ပွန်းတပ်ကြလိမ့်မယ်။ အဲဒီတော့ မင်းတို့လိုမိုက်ပြီးသားကောင်တွေက ဘာမှမိုက်ပြစရာမလိုဘဲ ပိုပြီးမိုက်ရာကျမသွားဘူးလား. . .”

မြယာသောကြာကောင်ကောင်ကို ထိုင်ရှိခိုးပြီး. . .

“ကျွန်တော်နားလည်သွားပါပြီဆရာကြီး။ သတ္တိမရှိတဲ့ ဆရာကြီးလိုအီးပေါကြီးမျိုးကို ဆရာတင်ရလောက်အောင်မိုက်တဲ့ ကျွန်တော့်လိုကောင်မျိုး ကျွန်တော့်အမေတောင် ထပ်မွေးနိုင်တော့မယ် မထင်ပါဘူးခင်ဗျာ. . .”

သောကြာကောင်ကောင်ခေါင်းကို တဆတ်ဆတ်မိန့်မိန့်ကြီး ညိတ်လိုက်သည်။

“ဒါမှ ဆရာကောင်းတပည့်ကွ”

သောကြာကောင်ကောင်က မြယာပခုံးကိုပုတ်လိုက်ပြီး

“ကဲ. . မင်းလည်းအချုပ်ထဲကထွက်လာတာဆိုတော့ ထမင်းဆာနေမှာပဲ. . ဒီတော့ ထမင်းသွားစားကြရအောင်”

ဟုဆို၍ သူတို့သုံးဦး အောက်ထပ်ဆင်းလာကြသည်။ ကြီးကျယ်ခမ်းနားလှသော ထမင်းစားပွဲခုံကိုကြည့်၍ မြယာ အံ့အားသင့်သွားပြီး. .

“ဟုတ်လှချည်လား၊ ထမင်းစားပွဲမှာတင် ဘောလုံးပွဲကျင်းပလို့ရတယ်။ နို့. . မေးမလို့ မေးမလို့နဲ့ မမေးဖြစ်ဘူး။ ဒါဆရာကြီးရဲ့အိမ်လား. .”

သူ၏အမေးကို သောကြာကောင်ကောင် မျက်နှာရှုံ့မဲ့လိုက်ပြီး. .

“ဘယ့်နှယ် ငါ့အိမ်ရမှာလဲ”

သောကြာကောင်ကောင်စကားကြောင့် မြယာလန့်သွားပြီး

“ဟင်. . ဒါဆို ဒီအိမ်က. . .”

“ဘယ်သူ့အိမ်မှန်းမသိဘူးကွာ၊ ငါလည်းလူမရှိလို့တက်နေနေ

တာ. . အဟဲ. . ”

“ဟင်. . . ”

မြယာ ကျီးကြည့်ကြောင့်ကြည့်နဲ့ အိမ်ပတ်လည်ကိုဝေ့ကြည့်နေသည်။ ထိုစဉ်မှာပင် သူတို့ရှေ့သို့ ထမင်းစားရန် ပန်းကန်ပြားလာချပေးသည်။ ပန်းကန်က မှောက်ခုံလေး။ ထိုပေါ်ကမှ ထမင်းများလာတင်ပေးသည်။

“ဟင်. . ထမင်းပန်းကန်ကို မှောက်ခုံစားနေတယ်”

သောကြာကောင်ကောင်ကခေါင်းညိတ်သည်။ မြယာ အဖြေမပေါ်သလို ခေါင်းကုတ်စဉ်းစားနေသည်။ အတန်ကြာမှ. . .

“သြော်. . တလွဲကျင့်စဉ် ကျင့်နိုင်အောင် ထမင်းစားတာကို ပါ တလွဲစားတာပေါ့ ဟုတ်လား”

သူ့စကားကို ဖိုးသူတော်က အားရဝမ်းသာသံဖြင့်. . .

“မင်းမဆိုးဘူး စပြီးလွဲလာပြီ၊ တလွဲဖြစ်အောင်တလွဲစား တာမဟုတ်ဘူး. . ဆန်မရှိတော့လို့ပေ့. .  ဆန်မရှိတော့လို့။ သူများအိမ်ပေါ်တက်နေပြီး မရှိရှိတဲ့ ဆန်ချက်စားနေတာ ကုန်ပြီလေ။ ဒီမှောက်ထားတဲ့ပန်းကန် နောက်ဆုံးပဲ. . ပက်လက်စားရင်နည်းမှန်းသိပြီ စိတ်အားငယ်မှာစိုးလို့ ကိုယ့်ကိုယ်ကိုယ်လှည့်စားပြီး ပန်းကန်မှောက်ခုံနဲ့ ဟန်လုပ်စားနေတာ. . . ”

“အန်. . . ”

မြယာလည်းဘာမှမပြောနိုင်တော့။ သောကြာကောင်ကောင်ကသာ လက်ပေမှာစိုး၍ထင့် ပန်းကန်ပေါ်တင်ထားသောထမင်းတွေကို သူ့ပြုလန်နေသောပါးစပ်ကြီးနဲ့ ဟပ်စားရင်း. . .

“အေး. . ဆန်လည်းကုန်ပြီဆိုတော့ အလုပ်ကပြန်စရတော့မယ်. . . ”

“ဘာအလုပ်လဲဆရာကြီး. . ကျွန်တော်တို့လုပ်ပါရစေ”

သောကြာကောင်ကောင်စကားကို မြယာနဲ့ဖိုးသူတော်မှ အား

တက်သရောဝင်ပြော၏။ ဒါကိုသောကြာကောင်ကောင်က ခေါင်းကို ဖြည်းညင်းစွာခါလိုက်ပြီး. . .

"မင်းတို့ကိုယ်တိုင်လုပ်စရာမလိုပါဘူး။ လုပ်မယ့်သူကို မင်းတို့ကူညီရုံလောက်ပါ"

"ကျွန်တော်တို့ ဘာကူညီရမှာလဲဆရာကြီး"

သောကြာကောင်ကောင်က စကားကိုထပ်မဆက်သေးဘဲ ထမင်းကို ထပ်ဟပ်စားလိုက်သေး၏။ ပြီးနောက် ထမင်းကိုညက် အောင်ဝါးနေသေး၏။ နောက်မှ. .

"မင်းတို့နှစ်ယောက် ဘူတာရုံကစောင့်၊ ရထားထွက်ချိန်မှာ အနောက်တိုင်းဝတ်စုံ နက်ကတိုင်အပြာနဲ့လူတစ်ယောက်ရောက်လာလိမ့်မယ်။ သူ့နာမည်ကထန်းသီးတဲ့. . . ထန်းသီးဆီကမှသူပေးတဲ့ ပစ္စည်းတွေကို ယူခဲ့ကြရမယ်. . ."

"ပစ္စည်းတွေက"

"စိန်တွေ. ."

"ဗျာ. . ."

မြယာနှင့်ဖိုးသူတော် နှစ်ယောက်လုံးအံ့အားသင့်သွားကြသည်။

"စိန်. . စိန်. . အဲဒီစိန်တွေက"

သောကြာကောင်ကောင်ပြုံးလိုက်သည်။

"အဲဒီစိန်တွေက ငါတပည့်ထန်းသီး ဒလဟိုဇီ(ယခု-မဟာဗန္ဓုလ)လမ်းထဲက ကွန်နီမန်တေးစိန်တိုက်ကို ဓားပြတိုက်ပြီးယူလာမယ့်စိန်တွေပေါ့"

နှစ်ယောက်လုံးသဘောပေါက်သွားကြ၏။ တစ်ယောက်က ဓားပြတိုက်၊ နှစ်ယောက်ကပစ္စည်းဖြောင် ဒါပဲပေါ့။

"အဲ. . ဒါပေမယ့် မင်းတို့ မြန်မာပြည်မှာ မကောင်းမှုလုပ်တော့မယ်ဆိုရင် လူတစ်ယောက်ကိုတော့သတိထားရမယ်. . ."

"ဘယ်သူလဲဆရာကြီး"

သောကြာကောင်ကောင် ချက်ချင်းအဖြေမပေးသေးဘဲ ခေါင်းကိုမော့လိုက်သည်။ ပြီးမှ စိတ်လေးဟန်ဖြင့် သက်ပြင်းကိုချ ရင်း. . .

"သူက မြန်မာပြည်ရဲ့ နာမည်အကြီးဆုံးစုံထောက်ပေါ့ကွာ. . သူ့နာမည်က . . ."

. . . . . .

**"အိုင်အိုဒင်းကိုကိုကြီး"**

■ ■ ■

**ကျွန်ုပ်**သည်ကား ကျွန်ုပ်ပင်ဖြစ်သည့်အတွက် အထူး တလည် မိတ်ဆက်ပေးရန်လိုအံ့မထင်။ သို့သော် မေးရန်ကားရှိသည်။

ကျွန်ုပ်သည်မည်သို့လူမျိုးနည်း။

ကျွန်ုပ်သည်ကား ကျွန်ုပ်ကဲ့သို့လူမျိုးပင်။

မည်သည့်အလုပ်ကိုလုပ်သည်ဟုထင်သနည်း။

လွှတ်အကုန်ကြောက်သည့်အလွတ်စုံထောက်။

အလို ကျွန်ုပ်အသက်အရွယ်နှင့် ကျွန်ုပ်လုပ်နေသော စုံထောက်အလုပ်က လွန်စွာကဏ္ဍကောစ နိုင်လှပေမည်။ မည်သို့မှဖြစ်နိုင်အံ့မထင်။ ပါးရေတွန့်ရွဲ လုပ်နိုင်ခဲအရွယ်မှာ သွက်လက်ဖျတ်လတ်စွာဖြင့် တရားခံအားမည်သို့ဖမ်းနိုင်အံ့နည်း။

မထင်လေနှင့်အဆွေ၊ ကျွန်ုပ်တစ်သက်မှာ ကျွန်ုပ်ဖမ်းမရသောတရားခံမျိုး တစ်ဦးတစ်ယောက်မှ မရှိခဲ့ဘူး။ မည်သို့နည်း. . .

ဤသို့သာပေါ့အဆွေ. . .

တရားခံမှာ သူတို့အား အိုကြီးအိုမနှင့်ကျွန်ုပ်လိုက်ဖမ်းနေမှန်း သိလျှင် အားနာ၍သော်လည်းကောင်း၊ သနား၍သော်လည်းကောင်း မတော်တဆသော်လည်းကောင်း၊သို့တည်းမဟုတ် ကံကောင်း၍သော် လည်းကောင်း မကြာခဏဆိုသလို ကံစွပ်ကံစပ်နှင့် တရားခံများမိခဲ့ ဖူး၏။

ကျွန်ုပ်မှာ ငယ်စဉ်က ထိုကဲ့သို့ တရားခံများဖမ်းရန်ကို ဝါသ နာထုံခဲ့သူမဟုတ်ခဲ့သဖြင့် ထိုစုံထောက်အလုပ်ဖြင့် အသက်မွေးရန်မှာ အိပ်မက်သော်မှ မက်ခဲ့ဖူးသူမဟုတ်ပေ။ တွေကရာဇာတ်အဖွဲ့ထဲက ကားဆွဲမက လူရွှင်တော်မကျ၊ ဗျောက်အိုးဖောက်၊ တန်သောညကြေး ယူစသော သဘင်သည်အလုပ်လောက်သာ စိတ်ကူးယဉ်ခဲ့ဖူး၏။ သို့သော်ကံကြမ္မာက ဖန်လာပြန်တော့ အရှင်နှစ်ပါး ပါတော်မမူခင်က ပင် သူခိုးတစ်ယောက်ကျွန်ုပ်ရှေ့ လာမှောက်လဲ၍မတော်တဆ လည်မျိုတက်နင်းမိခြင်း၊ လူသတ်မှုတစ်ခု၌ သေသူကိုသာ ကြောက် လန့်ပြီး. .

"ဟဲ့ ပလုတ်တုတ်"

ဟုအော်မိရာမှ. . .

"ဒီလူသတ်တရားခံဟာ လမ်းထိပ်ကကွမ်းယာဆိုင်က စိန်ပ လုတ်တုတ်ဖြစ်မယ်"

အရပ်မှဝိုင်းပြော၍ စစ်ဆေးရာဒက်ထိ မှန်သွားခြင်းမှစ၍ ယခုကဲ့သို့မြန်မာပြည်တစ်လွှား ဟိုးဟိုးကျော်ဟော်ဟော်ကျိုးသော အိုင်အိုဒင်းကိုကိုကြီးဟူဘိသော ကျွန်ုပ်၏အမည်နာမ စန်းရှိန်ထခဲ့ခြင်း ဖြစ်သည်။

နာမည်ကလေးများရလာတော့လည်း တတ်သည့်ပညာမနေ သာဆိုသည့်အတိုင်း နာမည်ဂုဏ်သတင်း တသင်းသင်းတပျံ့ပျံ့များဖြစ် လာတော့ တွေကရာစာအုပ်လေးများဖတ်ပြီး အများအထင်ကြီးအောင်

ရှိုးရှမ်းညာစားခဲ့သည်မှာ ယခုတိုက်တစ်လုံးကားတစ်စီးနှင့် လူတကာ အထင်ကြီးရသည့် နိုင်ငံကျော်စုံထောက်ဘဝ အရှင်လတ်လတ်ရခဲ့ သည်မဟုတ်တုံလော. . .

ငယ်စဉ်ကတည်းက မည်သည့်အလုပ်ကိုမှ လက်ကြောတင်း အောင်လုပ်ခဲ့သူ မဟုတ်သော်ငြား ယခုတော့တွေကရာလူဖမ်းဟယ် ဆီးဟယ်နဲ့ အပတ်မလည်တော့၍ တပည့်ကျော်မောင်နှင်းကိုပင် ကိတ္တိမသားအဖြစ်ခေါ်ယူမွေးစားလက်ထပ်သင်ကြားပေးနေရလေပြီ။

မောင်နှင်းဆိုသည့် သူငယ်မှာ ကျွန်ုပ်လောက် ရုပ်ရည်ခန့် ငြားသိုက်မြိုက်တင့်တယ်ခြင်းမရှိသော်ငြား ယောကျ်ားကောင်းပီ သသောရုပ်လက္ခဏာ၊ သင့်တင့်လျှောက်ပတ်သော၊ အလုံးအဖန် ကျွန်ုပ်နှင့်မယှဉ်လျှင် မြင်သူငေးရလောက်သော ရုပ်ရည်မျိုးတို့ကို ပိုင် ဆိုင်ပါပေသည်။ သို့သော် သူ့တွင်ရှိသောချွင်းချက်က အကြောက် လွန်ခြင်းနှင့် ပျင်းရိခြင်းပင်ဖြစ်ပေသည်။ မည်သည့်အချိန်မဆို စီးက ရက်လေး တဖွာဖွာနဲ့ လွန်စွာကြီးမားသောစာအုပ်ကြီးများကို ရှေ့ချ ၍ငိုက်မျဉ်းနေတတ်ပါသည်။

သို့သော် ကျွန်ုပ်၏ လက်ရင်းတပည့်ဖြစ်သည့်နှင့်အညီ ဟိတ် ဟန်ကောင်းခြင်း ဟန်ဆောင်ပန်ဆောင်ပြောတတ်ခြင်း လူအထင်ကြီး လောက်သည့် ဖြီးလုံးဖြန်းလုံးများကို တရစပ်ပြောနိုင်ခြင်း၊ ဘာသာစ ကားအမျိုးမျိုးကို ဟုတ်သည်ရှိ မဟုတ်သည်ရှိ ရွတ်ရက်ဒွတ်ဒက်နှင့် ကမျောက်ကချောက် ပြောတတ်ခြင်းဖြင့် လူအလေးစားပင် ခံနေရပေ ပြီ. . .။

သို့သော် ပင်ကို ပျင်းရိတတ်သော အကျင့်ကြောင့် သူ့ကို အလုပ်လက်လွှဲ၍ မရနိုင်သေးဖြစ်နေ၏။

ယခုလည်းကြည့်လေ အရေးကြီးကိစ္စရှိ၍ အင်းစိန်စီအိုင်ဒီ မှာ ကျွန်ုပ်အားလာရောက်ပင့်သည်ကို ၎င်းကနေမကောင်း၍ မလိုက် နိုင်သေးဟု အကြောင်းပြကာ အိမ်မှာနေခဲ့၍ကျွန်ုပ်တစ်ယောက်တည်း

ကိုယ်ပိုင်အော်စတင်ကားလေးကိုမောင်းကာ တရွေ့ရွေ့ထွက်ခွါလာရသည်။

တရွေ့ရွေ့ဆိုသည့်အတိုင်း တကယ့်တရွေ့ရွေ့ပင်. . .။ ကျွန်ုပ်မှာ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မျက်စိကမှုံ၊ လက်ကတုန်နေပြီမို့ မမြင်မစမ်း ကန်းကန်း ကန်းကန်းနဲ့ ကားလေးကို ဖြည်းညင်းစွာမောင်းလာရသည်မှာ နံဘေးနားက လန်ချာများပင် ကျော်တက်သွားရသည်ထိပင်။

သို့သော်ကိစ္စမရှိ၊ အဓိကက လိုရာရောက်ရန်သာ. . .။

"အလို. . ."

မြို့ထဲတစ်နေရာဖြစ်သော ဒလဟိုဇီ (ယခု-မဟာဗန္ဓုလ) လမ်းရောက်တော့ ကျွန်ုပ် လွန်စွာအံ့အားသင့်သွားရ၏။ ထိုလမ်းအတွင်းရှိ ကွန်တနီမန်တေးစိန် တိုက်ရှေ့တွင် လူများဇာတ်ပွဲတစ်ပွဲ ခင်းကျင်းပြသနေသည့်အလား စည်ကားသိုက် မြိုက်နေလေသည်။

ထိုနေရာကလေးသည် မြို့လယ်ခေါင်ဖြစ်သော်လည်း ဆိုင်ကြီးဆိုင်ကောင်းများသာရှိသည့်အတွက် အမြဲတမ်းလူခြေကျဲပါးနေတတ်သည့် နေရာလေးဖြစ်သည်။ ယခုတော့ အလွှာစုံလူများ ထိုလမ်းထဲမှ ကွန်တနီမန်တေးစိန်တိုက်အား အံ့အားသင့်စွာ ငေးကြည့်နေကြသည်။ ထိုကဲ့သို့ ထူးထူးဆန်းဆန်းအဖြစ်ကိုမြင်တော့ အရပ်ပွဲ၊ ဇာတ်ပွဲ၊ နတ်ပွဲများကို လက်လွတ်မခံတတ်သောဝါသနာအရ ဘာပွဲလဲ. . ကျွန်ုပ်လည်း ဝင်စုံစမ်းကာမှ တော်ရာကျမည် ဟုတွေးမိပြီး ကားလေးကို လူရှင်းရာနေရာ၌ ထိုးရပ်လိုက်သည်။

ကျွန်ုပ်ကားရပ်သည်ကို မြင်သည်နှင့် လူတစ်ယောက် ကျွန်ုပ်ကားနားပြေးလာသည်။ ပြီးနောက်မောကြီးပန်းကြီးနှင့်. . .။

"ဆရာကြီး. . ကားအားလား"

သူ၏ထူးထူးဆန်းဆန်း စကားကြောင့် ကျွန်ုပ်လည်း အံ့အားသင့်သွား၏။ ထိုသူပုံကိုကြည့်တော့လည်း အနောက်တိုင်းဝတ်စုံနက်

ကတိုင်အပြာနှင့် ခပ်သန့်သန့်ပင်. . .။ ကျွန်ုပ်လည်း အမြင်ကတ်ကတ်နှင့်. . .။

"အားတယ်. . ဘာလုပ်ဖို့လဲ"

ကျွန်ုပ်၏စကားကြားသည်နှင့် အနီလူငယ်၏မျက်နှာမှာ မိုးကြိုးပစ်မတတ် ဝင်းလက်သွားပြီး. . .။

"ကျွန်ုပ်မှာ အရေးကြီးကိစ္စရှိလို့ပါဗျာ. . အဲဒါ ဘူတာရုံလိုက်ပို့ပေးပါ. . ."

အောင်မာ. . ကျွန်ုပ်လို နိုင်ငံကျော်စုံထောက်ကိုမှ ကားလာငှားရတယ်လို့။ ကျွန်ုပ်လည်း လွန်စွာမခံချင်ရှိလှသည်မို့. . .။

"နေပါဦး. . မောင်ရင်ကျုပ်ကားကိုငှားမယ်ဆိုတော့ ကားငှားခဘယ်လောက်ပေးနိုင်လို့လဲ. . . ပြောစမ်းပါ. . ပြောလိုက်စမ်းပါ. . . ရှင်းရှင်း. . ."

ကျွန်ုပ်၏ ခပ်မာမာစကားကို ငတိက ကပျာကယာနှင့်. . .

"အစိတ်ပေးပါ့မယ်"

"အန်. . ."

လူရွယ်ပြောလိုက်သောစကားကြောင့် ကျွန်ုပ်မျက်လုံးများ အပြင်သို့ ထွက်ကျမတတ် ပြူးကျယ်ဝိုင်းစက်သွားရ၏။ မပြူးမထွက် ခံနိုင်ရိုးလား၊ မိတ်ဆွေ ဤနေရာမှနေ၍ဘူတာရုံကို တစ်ပြသာသာ လောက်ရှိသည့်အပြင် လန်ချားသို့မဟုတ် တခြားမြင်းလှည်းနှင့်သွား လျှင်ပင် ဆယ်ပြားသို့မဟုတ် တစ်မတ်လောက်သာပေးရမည် မဟုတ်ပါ လား။ ယခု ကျွန်ုပ်ကားနှင့် မောင်းပို့ပါက အစိတ်တဲ့။ ငွေအစိတ်ကို မြင်ယောင်ရင်း. . ကျွန်ုပ်လည်း အလုပ်အားနေတုန်း အောက်ဆိုက် လေးဆွဲလိုသောစိတ်များ တဖွားဖွားပေါ်လာ၏။

"လုပ်ပါဗျာ. . ပို့ပေးပါ. . ."

အတွေးမဆုံးမီ ဖြတ်ပြောလိုက်သော လူရွယ်၏စကားကြောင့် ကျွန်ုပ်လည်းစိတ်ပြောင်းသွားပြီး. . .

"မင်းတကယ်ပေးမှာနော်"

"တ. . . တကယ်ပေးမှာပါဗျာ"

"အစိတ်နော်"

"မလျှော့စေရပါဘူး"

"ကဲ ဒါဆိုတက်. . . "

ကျွန်ုပ်၏အမိန့်သံနှင့်အတူ လူရွှယ်ကမန်းကတန်းဖြင့် ကားပေါ်တက်လိုက်သည်။ နောက် ကျွန်ုပ်ကား၏ဦးတည်ချက်က အင်းစိန်စီအိုင်ဒီရုံးသို့ မဟုတ်တော့. . . အောက်ဆိုက်ဆီသို့. . အဲလေ. . ဘူတာရုံသို့. . .။

■ ■ ■

**ဘူတာရုံ**သို့ ကျွန်ုပ်ကားထိုးရပ်လိုက်သည်နှင့် လူရွယ်ကား ပေါ်မှ ကမန်းကတန်းခုန်ချ အိတ်ထဲလက်နှိုက်လိုက်ပြီး. . .

"ရော့. . အဘ ဒီမှာငွေအစိတ်"

ကျွန်ုပ်လည်း အချောင်ရသည့်ငွေမို့ ရေပင်မရေတော့ဘဲ သူငယ်လေးစိတ်ပြောင်းပြီး ပြန်တောင်းမည်စိုးပြီး ကားတံခါကို လျင်မြန်စွာပိတ်လိုက်သည်။ ပြီးမှ. . .

"သွား. . . သွားပြီလူကလေးရေ့. . . "

ဟုဆိုပြီး ကားကိုအလောတကြီးမောင်းထွက်လိုက်သည်။ ထိုတော့မှ လူငယ်လည်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့်. . .

"ဟေ့. . ဟေ့လူကြီး. . ဟေ့လူကြီး"

ဟုအော်မြည်ရင်း ကျွန်ုပ်ကားနောက် တရစပ်ပြေးလိုက်လာတော့၏။ ထိုလူငယ်ပြေးလိုက်လာတာမြင်တော့ ကျွန်ုပ်လည်း မတန်တဆတောင်းထားသော ကားခငွေအစိတ် ပြန်တောင်းမည်ကို တွေးမိကာလန့်ပြီးကားကိုအရှိန်မြှင့်ကာ. . .

"မရပ်နိုင်ဘူး. . မင်းပေးတုန်းက ပေးပြီးတော့ အခုမှပြန်မတောင်းနဲ့. . . ပေးပြီးစလစ်နံပါတ်တစ်ပဲ ငါ့ကောင်. . . "

ကျွန်ုပ်၏အော်ဟစ်သံကို ငတိကလည်းမျက်လုံးပြူးမျက်ဆန်ပြူးနဲ့. . .

"ဟော့လူကြီး. . . ဟော့လူကြီး ရပ်ဦးဗျ. . ဒီမှာကျုပ်. . . ကျုပ်ပြောနေတာက. . . "

"ပြောစရာရှိရင်နောက်ကြုံမှပြော. . အခုမပြောနဲ့. . ကြားချင်ဘူး. . . ကြားချင်ဘူး"

ဟုဆို၍မြှင့်ပြီးသားအရှိန်ကို ထပ်မြှင့်လိုက်တယ်။ ကျွန်ုပ်ထပ်မြှင့်လိုက်သောအရှိန်နှင့်ထပ်တူ လူငယ်ကလည်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အရှိန်မြှင့်ရင်းအမီပြေးလိုက်ရင်း. . .

"ဟော့လူကြီး. . . ဒီ. . ဒီမှာ. . ခင်ဗျား. . ငွေ. . အစိတ်"

ဟုဆို၍ ဝူးဝူးဝါးဝါးနှင့် မပီမသပြော၏။ ကျွန်ုပ်လည်း ရပြီးသားငွေကိုတော့ ပြန်မပေးနိုင်။

"ဘာငွေအစိတ်လဲ. . ဘာငွေအစိတ်လဲ. . မောင်ရင်ကျေနပ်လို့ပေးထားပြီးမှ လာပြန်မတောင်းနဲ့. . . သွားမပေးနိုင်ဘူး. . ပေးနိုင်ဘူး. . ဒါပဲ"

ဟုကက်ကက်လန်ရန်တွေ့ကာ အင်းစိန်စီအိုင်ဒီရုံးသို့မောင်း၏။ လူငယ်ကလည်း ငွေဇောနဲ့ထင့် ကားတံခါးနားကနေ မီအောင် လိုက်ပြီး ဝူးဝူးဝါးဝါးနှင့် အော်ဟစ်ပြောဆို၏။ ကျွန်ုပ်လည်း အရှိန် ကိုမြှင့်၍ စီအိုင်ဒီရုံးသို့ မရောက်ရောက်အောင်မောင်း၏။ လူငယ်ကလည်းပြေးလိုက်နေတုန်း. . .။

ကဲ. . စီအိုင်ဒီရုံးထဲရောက်အောင် လိုက်ရဲလိုက်ပေါ့ကွာ. . . အထဲရောက်ရင်ကိုယ့်လူတွေချည်းပဲ. . မသကာခွင်ဆင်ပြီး ဆွဲစေ့လိုက်ရုံပေါ့။ ငတိက အတော်ဇွဲကြီးပါပေ၏။ အပြေးကို လုံးဝမလျှော့ဘဲ ကားနှင့်ကပ်လျက်ပါလာ၏။ အိုလံပစ်မာရသွန်ပြိုင်ပွဲဝင်လျှင်တောင်

ဗိုလ်ဆွဲနိုင်သော အာဂဇွဲပါပေ့. . .။

စီအိုင်ဒီရုံးသို့ရောက်သောအခါ ကားဘရိတ်ကိုဆောင့် နင်းချလိုက်၏။ ကျွဲခနဲမြည်သံနှင့်အတူ ဒုန်းခနဲမြည်သွားသော တစ်ခုခုတိုက်သံကို ကျယ်လောင်စွာကြားရ၏။ လူရွှယ်ကတော့မတွေ့ရတော့။

ကျွန်ုပ်လည်း မသင်္ကာ၍ ကားအောက်ဆင်းကြည့်လိုက်တော့

"ဟင်"

ကားဆောင့်ရပ်လိုက်သည့်အတွက် အရှိန်လွန်၍ ကားဘက်ကြည့်မှန်နှင့် ဆောင့်မိပြီး သတိလစ်နေသောလူရွှယ်၊ နဖူးမှာလည်း ဘုကြီးတစ်ဘု ထောင်ထွက်နေ၏။ ကျွန်ုပ်လည်းစိုးရိမ်၍ လူရွှယ်ကို ပြေးပွေ့လိုက်မှ. .

"အလို"

ကားတံခါးနှင့်ချိတ်နေသော လူရွှယ်၏ နက်ကတိုင်။

"ဟာ"

ထိုတော့မှ ကျွန်ုပ်အဖြေရှင်းသွားသည်။ ဤပုံအတိုင်းဆို လူရွှယ်မှာ ကျွန်ုပ်ဆီကငွေအစိတ်လို၍ ကားနောက်ပြေးလိုက်နေခြင်း မဟုတ်။ ကားတံခါးနှင့်သူ၏နက်က တိုင်ချိတ်ပါလာ၍ ပြေးလိုက်နေရခြင်းပင်ဖြစ်ပေလိမ့်မည်။

အလိုလိုနေရင်း နဖူးမှာ ချွေးဥကြီးများသီးထလာ၏။ မတော်တဆသေသွားလျှင်ကျွန်ုပ်လူသတ်မှုဖြစ်ပြီ။ လူရွှယ်ကိုကြည့်လိုက်တော့ လည်းအသည်းအသန် ပြေးလိုက်လာရ၍ထင့် အမောဆို့ပြီး ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေပြီ။

ကျွန်ုပ်လည်း လွန်စွာစိုးရိမ်ပြီး လူရွှယ်ကိုပွေ့ကာ စီအိုင်ဒီရုံးခန်းထဲ လှမ်းဝင်လိုက်၏။ သို့သော် ကျွန်ုပ်၏အရှေ့ကမှ ကွန်တနီမန်တေးစိန်တိုက်မှ စိန်တိုက်ပိုင်ရှင် မာမတ်အဒူလတန်မှ သုပ်ပြာသုပ်ပြာနှင့် ရုံးခန်းထဲပြေးဝင်သွားသည်ကို တွေ့ဖြစ်အောင် တွေ့လိုက်ရသေး၏။

■ ■ ■

**ကျွန်ုပ်**လည်း ရုံးခန်းရောက်သည်နှင့် ခြေဖဝါးမောင်မောင်ကြီး နှင့် သံပြာအောင်မြင့်တို့ထံမှ

"မကြာခင် တရားခံကို မိအောင်ဖမ်းပေးပါ့မယ်သခင်၊ သိပ်မကြာခင် တရားခံဟာကျုပ်တို့လက်ထဲ ကျွိခနဲမိနေရပါမယ် သခင်. . ."

စသောအသံများစွာ နားမဆန့်အောင်ကြားရ၏။ ကျွန်ုပ်ကား ကိုယ့်ဒုက္ခနှင့်ကိုယ် ဘာမှပြောချင်မလုပ်ချင်စိတ်မရှိတော့။ ကျွန်ုပ်အခန်းထဲလှမ်းဝင်လိုက်သည်နှင့် စုံထောက်မင်းကြီး ကလင့်ရစ်ချ်က ဒေါသတကြီးဖြင့်. . .

"ဘလယ်ဒီဖူး. . . ဘယ့်နှယ်လဲ အိုင်အိုဒင်းကိုကိုကြီး ရန်ကုန်မြို့မှာ နေ့ခင်းကြောင်တောင် ကွန်နီမန်တေးစိန်တိုက်ကို ဓားပြအတိုက်ခံရတယ်တဲ့ကြားလို့မှ ကောင်းကြသေးရဲ့လား. . .။ ဘယ်မှာလဲ တရားခံ မောင်မင်းတို့ဘယ်လိုစုံစမ်းကြမှာလဲ. . .။ အခုမောင်မင်းဘယ်က လူနာကို ပွေ့လာပြန်တာလဲ. . ."

သူ၏စကားကြောင့် ကျွန်ုပ်ကိုယ့်အပူနှင့်ကိုယ်မို့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေမိတယ်။ လက်ထဲပွေ့ထားသော လူရွယ်ကလည်း သေမလိုရှင်မလိုဖြစ်နေပြီ။ ထိုအချိန်မှာပင် ကွန်တနီမန်တေးစိန် တိုက်ပိုင်ရှင်ကုလားကြီးမာမတ်အဒူလတန်မှ ကျွန်ုပ်ဘက်လှည့် ကြည့် ကာ. . .

'ဟာ . . . .'

သူ၏မျက်လုံးများ အပြင်ရောက်မတတ် ပြူးကျယ်ဝိုင်းစက် သွား၏။ ပြီးနောက် အလန့်တကြားအော်သံဖြင့်. . .

"ဒီလူပဲ. . . ဒီလူပဲ. . . ကျုပ်တို့စိန်တိုက်ကို ဓားပြတိုက်သွား တာ၊ အိုင်အိုဒင်းကိုကိုကြီး ပွေ့ထားတဲ့လူပဲ. . ."

"ဟင်. . ."

"ဟ"

"အလို"

ထိုသူ၏စကားကြောင့် အားလုံးအံ့အားသင့်သွားကြသည်။ ထိုတော့မှ ကျွန်ုပ်လက်ထဲပွေ့ထားသော လူရွယ်ကို ထောက်ခနဲပစ်ချ ကာ စုံထောက်မင်းကြီးထံ တည်ငြိမ်သောခြေလှမ်းမျိုးနှင့် လှမ်းသွား ပြီး သူ၏နဖူးကို ကျွန်ုပ်လက်ညှိုးပိန်နှင့် ခပ်ဆတ်ဆတ်ထိုးကာ. . .

"နောက်ဆို စကားဆင်ခြင်ပြောပါ။ ဒီမြန်မာပြည်မှာ အိုင်အို ဒင်းကိုကိုကြီးလက်က လွတ်တဲ့တရားခံမရှိဘူး. . . အဲဒါဟောဒီခေါင်း ထဲမှာ မှတ်ထား. . ."

ဟုဆို၍ ကျွန်ုပ်လက်သေးသေးနှင့် သူနဖူးပြောင်ပြောင်ကို သုံးချက် ညှစ်ထိုးလိုက်၏။ ထိုအခြင်းအရာမြင်တော့ စိန်တိုက်ပိုင် ရှင်မှ. . .

"တော်ပါပေတယ် အိုင်အိုဒင်းကိုကိုကြီး. . တရားခံကို စက္ကန့် ပိုင်းအတွင်း မိအောင်ဖမ်းနိုင်တဲ့ အိုင်အိုဒင်းကိုကိုကြီး. . . ကျွန်တော် လွန်စွာလေးစားသွားပါပြီ. . ."

ကွန်တနီမန်တေး စိန်တိုက်ပိုင်ရှင်မှ ဝမ်းသာအားရ ကျွန်ုပ်ကို ကွန်ကရက်ကျူလေးရှင်းလုပ်သည်။ ကျွန်ုပ်မှာ ကံစွပ်ကံစပ်နှင့် မိလာသည့် တရားခံဖြစ်သော်ငြား လူရှေ့သူရှေ့မှာ အခွင့်သာတုန်း ဤသို့ မြွက်ကြားလိုက်လေသည်။

"အိမ်. . မောင်ရင်တို့လည်းမှတ်ထားကြ။ စိန်တိုက်ပိုင်ရှင်ဖြစ်ဖြစ်၊ အင်္ဂလိပ်မင်းကြီးပဲဖြစ်ဖြစ် မြန်မာပြည်မှာ ပြစ်မှုကျူးလွန်ခဲ့ရင် အိုင်အိုဒင်းကိုကိုကြီးကတော့ အမှန်တရားဘက်ရပ်တည်ပြီး၊ ဥပဒေ အတိုင်းဆောင်ရွက်ဖမ်းဆီးရမှာပဲ. . ."

အားလုံးပါးစပ်အဟောင်းသားဖြစ်သွားကြ၏။ ဤကဲ့သို့ အင်္ဂလိပ်မင်းကြီး၊ သူဌေးကို လူရှေ့ဖမ်းဟောက်ရဲသူမှာ မည်သူရှိခဲ့ဖူး၍ နည်း။ ဤကဲ့သို့ ဝါသဘာရင့်သူမှသာ. . .။

အမှန်တော့ ထိုစိန်တိုက်ကို ဓားပြဝင်တိုက်ခဲ့သော တရားခံထန်းသီးမှာ ကွန်တနီမန်တေးစိန်တိုက်ကို ဓားပြဝင်တိုက်ပြီး လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေစဉ်လူများနှင့် ရောနှောကိုယ်ယောင်ဖျောက်နေပြီး အာရုံပျောက်လောက်မှ အခွင့်ကောင်းယူ၍ ကျွန်ုပ်၏ကားကိုငှားပြီး ဘူတာရုံမှ မန္တလေးရထားစီးပြီး နေ့ချင်းညချင်း ကိုယ်ယောင်ဖျောက်ရန် ကြံစည်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ကံဆိုးစွာပင်ကျွန်ုပ်၏ကားကိုငွေအစိတ်ပေးငှားစီးမိပြီး ဘူတာရုံထဲဝင်မည်အပြု သူ၏နက်ကတိုင်မှာ ကျွန်ုပ်ကားတံခါးနှင့်ညှပ်မိပြီး ကျွန်ုပ်ကားမောင်းရာနောက် ဒရွတ်တိုက်ပြန်ပါလာခြင်းဖြစ်၏။ ကျွန်ုပ်မှာလည်း သူပေးခဲ့သော အောက်ဆိုက်ငွေအစိတ်ကို ပြန်ပေးရမည်စိုး၍ ကြောက်ကန်ကန်ပြီး စီအိုင်ဒီရုံးဝင်းထဲအရောက်မောင်းရာမှယခုကဲ့သို့တရားခံကို စက္ကန့်ပိုင်းအတွင်း လက်ပူးလက်ကြပ်မိခဲ့ခြင်းပင်ဖြစ်ပေတော့သည်။

သို့သော် မည်သို့ပင်ဖြစ်စေ၊ နောက်နေ့ ခရော်နီကယ်သတင်းစာ၌တွင်မူ ဒလဟိုဇီလမ်းရှိ ကွန်နီမန်တေးစိန်တိုက်အား တစ်ကိုယ်တော်ဓားပြဝင်တိုက်ခဲ့သော ဓားပြထန်းသီးအား စက္ကန့်ပိုင်းအတွင်း

ကျွန်ုပ်အိုင်အိုဒင်းကိုကိုကြီးမှ လက်ရဖမ်းဆီးမိခဲ့ကြောင်းကို ကျွန်ုပ်၏ ခန့်ညားသန့်ပြန့်သော ရုပ်သွင်နှင့်အတူ အကျယ်တဝင့် ဖော်ပြခဲ့ကြောင်း ကို ထိုခေတ်ကသိမှီခဲ့သူများ လေးစားအားကျဖွယ် ဖတ်ရှုခဲ့ကြရပေတော့သတည်း။

■ ■ ■

"**တောက်**. . . အဲဒါကြောင့်ပြောတာ မြန်မာပြည်မှာပြစ်မှု ကျူးလွန်တော့မယ်ဆိုရင် အိုင်အိုဒင်းကိုကိုကြီးကို သတိထားပါလို့. . အခုဘယ်လိုလုပ်ကြမလဲ. . ကျုပ်တပည့်ထန်းသီး စိန်တိုက်ကို ခေါ်ပြ တိုက်ပြီး စက္ကန့်ပိုင်းအတွင်း ဟိုလူကြီးမိသွားပြီ. . ."

သောကြာကောင်ကောင် သူ၏သေးငယ်သော တင်ပါးဆုံကို ရှုံ့၍ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေ၏။ သူ့ရှေ့မှာတော့ တပည့်ကျော် ဖိုးသူတော် ဦးရင့်နှင့် မြယာတို့မလှုပ်မယှက်ထိုင်နေ၏။

"ဒီလိုသာဖြစ်နေရင် ကျုပ်တို့ရည်ရွယ်ချက်တွေ ဘယ်လို အောင်မြင်တော့မလဲ. . ."

"ရည်ရွယ်ချက်က ဘာလဲဆရာကြီး. . ."

ဘာမှမသိသော မြယာမှဝင်မေး၏။ သောကြာကောင် ကောင်မှ သူ၏ကြီးမားကျယ်ပြန့်သော မေးရိုးကို လက်နှစ်ဖက်နှင့်အုပ် ကိုင်ပြီး. . .

"သြော်. . . ငါ့ရည်ရွယ်ချက်ကို မင်းမှမသိသေးဘဲကိုး. . ."

မြယာငြိမ်သက်စွာ နားထောင်လိုက်သည်။

"ငါမှတ်မိတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အဖိုးတန်ပတ္တမြားငမောက်ကြီးကို နိုင်ငံခြားကနေ မြန်မာပြည်ကိုပြန်လည်ပို့ဆောင်ဖို့ပဲ"

"အို. . ."

"အလို. . ."

သောကြာကောင်ကောင်ရဲ့ စကားကြီးစကားကျယ်ကြောင့် နှစ်ယောက်လုံးအံ့အားသင့်သွားကြ၏။

"အဲဒီပတ္တမြားငမောက်ကြီးက. . ."

ဖိုးသူတော်ဦးရင့်မှ မပီမသဖြင့်မေးလိုက်၏။ ဒါကိုသောကြာကောင်ကောင်က သူ၏အပယ်ရတနာမျက်ဝန်းကို မှေးစင်းလိုက်ပြီး. .

"အေးအေးဟုတ်တယ်၊ အဲဒီပြည်တန် ပတ္တမြားက အင်္ဂလန်နိုင်ငံရေနံသူဌေးကြီး မစ္စတာကောလင်းမွန်ဒီဆိုတဲ့ လူဆီမှာရှိနေတယ်။ အဲဒီလူဆီကနေ မြန်မာပြည်အတွက် တို့ရဲ့သယံဇာတကို ပြန်လည်ရယူရမယ်. . ."

ဟုတ်သည်ရှိ မဟုတ်သည်ရှိ နှစ်ယောက်လုံးသောကြာကောင်ကောင်၏ ဗဟုသုတနှင့် ရည်ရွယ်ချက်ကို လေးစားသွားကြသည်။

"ဒီ. . ဒီကိစ္စကို ကျုပ်ကိုတာဝန်ပေးပါ ဆရာကြီး. . ."

မြယာမှ စိတ်အားထက်သန်စွာတောင်းဆို၏။ သောကြာကောင်ကောင်မှ ဝေ့တယ်ဆိုရုံလေး ဝေ့ကြည့်ပြီး၊ ဝေ့ကြည့်ရုံထက်လည်းပိုကြည့်လို့မရ ။ မျက်ဆန်နှစ်ခုက ထောင့်ကိုကပ် နေပြီကိုး. . .

"ဒီအတိုင်းသွားလို့တော့မဖြစ်ဘူး မင်းအနုပညာနဲ့ပတ်သက်ပြီးဘာတတ်လဲ. . ."

"ဘာမှမတတ်ပါဘူး ဆရာကြီး"

သောကြောကောင်ကောင်မှ ခေါင်းကိုဖြည်းညင်းစွာခါလိုက်ပြီး. . .

"ဘာမှမတတ်ဘဲနဲ့တော့ မဖြစ်ဘူး။ ဒါကြောင့် ဒီနေ့ကစပြီး အနုပညာနဲ့ပတ်သက်ပြီး တစ်ခုခုကိုသင်မှဖြစ်မယ်။ အဲဒီပညာတတ်ပြီဆိုရင်တော့ ကိုယ့်လမ်းစရိတ်ကိုယ်ရှာပြီး အင်္ဂလန်ကိုသွားပေတော့ကိုယ့်လူ. . ."

"အင်. . ."

သောကြောကောင်ကောင်၏စကားကြောင့် မြယာအတော်ကလေးကသိကအောက်ဖြစ်သွား၏။ ဘယ့်နှယ် သူ့ကိုစ္စလည်းဆောင်ရွက်ပေးရမယ် သွားတော့လည်းကိုယ့်စရိတ်နဲ့ကိုယ်သွားရမတဲ့။ မြယာတွေးနေတုန်းမှာ နဘေးနားဆောင့်ကြောင့်ထိုင်နေသော ဖိုးသူတော်မှ. . .

"လမ်းစရိတ်အတွက်တော့ မပူပါနဲ့ဆရာကြီး ကျွန်တော်တာဝန်ယူစီစဉ်ပေးလိုက်ပါ့မယ်"

ဖိုးသူတော်စကားကြောင့် သောကြောကောင်ကောင်မှာမျက်မှောင်ကြုတ်၍. . .

"မင်းကဘယ်လို စီစဉ်ပေးလိုက်မှာလဲ. . ."

"ဒါကလွယ်ပါတယ် ဦးသာဝခြံက ငှက်ပျောပင်တွေတွေ့ထားပါတယ်။ အဲဒီငှက်ပျောပင်တွေ ခိုးခုတ်ပေးပြီး ငှက်ပျောတုံးဖက်ရေကူးနည်းသင်ပေးလိုက်ပါ့မယ်. . ."

ဖိုးသူတော်ပြောလိုက်မှ သူ့ဘဝပိုဆိုးသွား၏။ ကြည့်ဦး ငှက်ပျောပင်ဖက်ပြီး အင်္ဂလန်ကို တစ်ယောက်တည်း ရေကူးသွားရမတဲ့။

"အဲဒီအတွက်မပူပါနဲ့။ ကျုပ်မှာလည်းလမ်းစရိတ်ရှိပါတယ်"

သူ့စကားကြောင့် ဟိုနှစ်ယောက်လုံးအံ့အားသင့်သွားကြတယ်. . .။

"ဟုတ်လား. . ."

"ဟုတ်လှချည်လား ဘယ်ကရထားတာတုံး"

သူတို့၏အမေးကို မြယာမှ တစ်လုံးချင်းပြန်ဖြေလိုက်၏။
"ဖိလိုဆိုဖီ မောင်ပါစီဆီက. . . "
"ဟင်. . ."
"ဟေ. . ."
ဖီလိုဆိုဖီမောင်ပါစီ အသံကြားတာနှင့် နှစ်ယောက်လုံးမျက်လုံးပြူးသွားကြ၏။
"ဖိလိုဆိုဖီမောင်ပါစီက ထောင်ကျနေတယ်မဟုတ်လား"
ဖိုးသူတော်ဦးရင့်၏ အလန့်တကြားအမေးကို မြယာခေါင်းညိတ်လိုက်ပြီး. . .
"ဟုတ်တယ်. . . တရုတ်မကြီး ဒေါ်နုကိုသတ်တဲ့ အမှုနဲ့ထောင်ကျနေတာ. . ."
"သူကဘာလို့ ဒေါ်နုကိုသတ်ရတာတုံး"
ဖိုးသူတော်၏ ဖြတ်အမေးကိုမြယာမှ. . .
"ဟောဒါလိုချင်လို့ဗျ"
ဟုဆိုပြီး အိတ်ထဲမှ တစ်စုံတစ်ခုထုတ်လိုက်၍ ကြမ်းပြင်ပေါ်သို့ဒေါက်ခနဲချပြလိုက်၏။
"ဟင်. . ."
"အလို. . ."
မြယာပြသည့်အရာကိုကြည့်ပြီး နှစ်ယောက်လုံးအံ့အားသင့်သွားသည်။ ကြမ်းပြင်ပေါ်မှာ သူတို့တွေ့နေရတာက ရွှေရောင်ဝင်းပြောင်နေသော သွားတုအံကပ်တစ်ခု. . .။
"တရုတ်မကြီးဒေါ်နုက သူငွေတိုးချစားလို့ရတဲ့ ငွေတွေအားလုံးကို ရွှေသွားလုပ်ပြီး သွားအံကပ်ထဲစိုက်ထားတာဗျ. . .။ ဒါကိုကျုပ်ဆရာဖိလိုဆိုဖီမောင်ပါစီတောင်းတာ အလွယ်တကူမပေးဘဲ ပြန်လုံးလို့ ကျုပ်ဆရာက လည်ပင်းညှစ်ပြီးအံကပ်အဖြုတ်မှာ သွေးတက်ပြီးဆုံးသွားတာပဲ။ နောက်ဆုံးတော့ ကျုပ်ဆရာ ဖိလိုဆိုဖီမောင်ပါစီဟာ

အမှုကိုသူတစ်ယောက်တည်းဝန်ခံပြီး ထောင်ထဲမှာကျန်ခဲ့လို့ ကျုပ်လွတ်လာတာ။ နောက်ပြီးဟောဒီအံကပ်ကိုလည်း ကျုပ်ဆီပေးပြီး မြန်မာပြည်တစ်လွှားမှာ ကျော်ကြားတဲ့သူ့ဆရာအရင်း သောကြာကောင်ကောင်ဆီအရောက်သွားပြီး ပညာဆည်းပူးပါဆိုလို့ ကျုပ်ရောက်လာတာပါ. . . ”

“သြော်. . . ”

“သြော်. . မင်းက အကြံအစည်နဲ့ရောက်လာတာကိုး. . . ”

သောကြာကောင်ကောင်နှင့် ဖိုးသူတော်တို့ ထိုတော့မှသဘောပေါက်သွားကြ၏။

“အေးလေ. . မင်းကငါ့ရဲ့တပည့်ရင်း ဖီလိုဆိုဖီမောင်ပါစီရဲ့တပည့်ဆိုတော့ ပညာတော့ခေပုံမရဘူး။ အဲ. . ဒါပေမယ့် ဒီလောက်နဲ့ကတော့ ပညာရည်ပြည့်စုံဦးမယ်မထင်ဘူး. . . အဲဒီတော့”

သောကြာကောင်ကောင် စကားကိုမဆက်သေးဘဲ ဖိုးသူတော်ကိုငေ့ကြည့်၏။

“ဖိုးသူတော်”

“အမိန့်ရှိပါ ဆရာကြီး. . . ”

“သူ့ကို အနုပညာနဲ့ပတ်သက်ပြီး ကုံလုံကြွယ်ဝအောင် တတ်မြောက်နိုင်ဖို့ အရက်သမားကြီး မန္တယ်ဂိုဒေါင်ဆီပို့ပေးလိုက်. . . ”

“အမိန့်အတိုင်းပါဆရာကြီး. . . ”

■ ■ ■

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး ခြောက်လခန့်ကြာသော ကာလတွင် ထူးဆန်းသော သတင်းတစ်ခုပေါ်ပေါက်လာခဲ့သည်။

အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီး၏ တော်ဝင်ညှော်ခံပွဲ တစ်ခုတွင် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်သော အင်္ဂလိပ်သူဌေးကြီးတစ်ဦး အသတ်ခံရသည်ဟုတည်း။

အသတ်ခံရသော သူဌေးကြီး၏နာမမှာ ကောလင်းမွန်ဒီ ဟု တွင်ပြီး မည်သည့်ဒဏ်ရာဒဏ်ချက်မှမပေါ်ဘဲ ညှော်ခံပွဲအတွင်း၌ထူးထူး ခြားခြား တစ်ဦးတည်းကွက်ပြီး အဆိပ်သင့်သေဆုံးခဲ့ခြင်းဖြစ်၏။ ကျန် ညှော်ခံပွဲလာ ပရိသတ်များမှာ ဘုရင်မကြီးညှော်ခံသော အစားအသောက် များအပါအဝင် အဖျော်ယမကာများအား အတူစားသုံးခဲ့သော်ငြား မည်သူတစ်ဦးတစ်ယောက်မှ အဆိပ်သင့်ခဲ့သည်ဟူ၍ မတွေ့ရ။ ထို့ကြောင့် ၎င်းသေဆုံးမှုကို တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်ခဲ့ သည်ဟု ယူဆကြောင်း ဖော်ပြခဲ့ပါသည်။

အင်္ဂလန်တွင် အင်္ဂလိပ်သူဌေးတစ်ယောက် အသတ်ခံရသည်နှင့် မြန်မာပြည်မှ စုံထောက်ကျော်ဖြစ်သော ကျွန်ုပ်အိုင်အိုဒင်းကိုကိုကြီးနှင့် ပတ်သက်နေပါသည်။

အသို့နည်း။

ဆိုအံ့ . . .။

သေဆုံးခဲ့သူသည် တော်ဝင်မျိုးနွယ်စုမှဖြစ်သည့်အပြင် လူပေါင်းထောင်ချီကျော်စုဝေးနေသည့် ကြားထဲမှာမှ လက်ယဉ်စွာလုပ်ကြံခဲ့သည့်အတွက် တရားခံကို သူတို့နိုင်ငံမှ လွန်စွာနာမည်ကြီးသော စုံထောက်ကျော်များက တရားခံကိုမည်သို့မှ ခြေရာခံ၍မရနိုင်အောင်ရှိနေလတ်၍ ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ အကျော်ဒေးယျအလွတ် စုံထောက်ကြီးကျွန်ုပ်အိုင်အိုဒင်းကိုကိုကြီးအား အင်္ဂလန်သို့တိုင် လာရောက်၍ တရား ခံအား လာရောက်ဖမ်းဆီးပေးပါရန် အသနားခံ ဒူးဖက်တောင်းပန်လာသည့်အတွက် ထိုအမှုကို မပတ်သက်ချင်ပါဘဲ ပတ်သက်ခဲ့ရလေတော့သည်။

ကျွန်ုပ်သည်ကား ပညာ၊ သဘာ၊ ဝါ ကြီးရင့်သူဖြစ်သော်ငြားတစ်ယောက်တည်းလှုပ်ရှားရာတွင် အသက်အရွယ်ထောက်နေသည်ဖြစ်သည်ကတစ်ကြောင်း၊ သွက်လက်ဖျတ်လတ်နိုင်တော့မည်မဟုတ်၍ကတစ်ကြောင်း၊ နောင်တစ်ချိန်တွင် ကျွန်ုပ်မည်သို့မည်ပုံလှုပ်ရှားဆောင်ရွက်မည်ကို ပြသလိုသည်ကတစ်ကြောင်း၊ ထို့အကြောင်းကြောင်းတို့ကြောင့် ကျွန်ုပ်၏လက်ရင်းတပည့်ကျော် မောင်နှင်းကိုပါ အင်္ဂလန်ခရီးစဉ်သို့ လိုက်ပါဆောင်ရွက်ခွင့် ပြုလိုက်ရပေသည်။

"အိုင်အိုဒင်းကိုကိုကြီး ဒီကိစ္စဟာလွန်စွာအရေးကြီးလှပါတယ် ဒီကိစ္စအောင်မြင်ရင် ကျွန်ုပ်များစွာဆုချပါမယ်။ ဒါကြောင့် အောင်မြင်အောင်ဆောင်ရွက်စေလိုလှပါတယ် . . ."

အင်္ဂလိပ် အင်စပက်တော် မစ္စတာကလင့်ရစ်ချ်စကားကြောင့်

ကျွန်ုပ်ပြုံးလိုက်မိ၏။

"မောင်ရင်တို့ဆီက ဆုငွေလိုလို့ ဒီအမှုကိုလိုက်တာမဟုတ်ပါဘူး။ ကျွန်ုပ်တို့ မြန်မာလူမျိုးတွေရဲ့ စွမ်းရည်ကို မောင်ရင်တို့အင်္ဂလိပ်လူမျိုးတွေ သိစေချင်လို့ ဒီအမှုကိုလိုက်တာပါ. . . စိတ်ဓာတ်နဲ့ ထိုးထွင်းဉာဏ်ရည်ကိုတော့ မောင်ရင်တို့ ကျွန်ုပ်ကို ဘယ်လိုမှမမီနိုင်ဘူးဆိုတာပြချင်လို့ပဲ။ အေးလေ. . ဒါတွေကိုပြောနေလို့ကတော့ ကျွဲကိုစမူဆာနဲ့မြူဆွယ်နေသလို၊ ကုလားအုတ်ကို တစ်ထောင့်တစ်ညပုံပြင်ပြောပြနေသလို၊ မုန်ယိုနေတဲ့ဆင်မကို တီကောင်ပြနေသလိုပဲ ဖြစ်မှာပေါ့. . ."

အင်္ဂလိပ် အင်စပက်တော်မှ ကျွန်ုပ်ကို မျက်လုံးအဝိုင်းသား နဲ့ ထူးဆန်းစွာငေးကြည့်နေ၏။ ကျွန်ုပ်လည်း သက်ပြင်းကိုသက်ကြီးချဖိချပြီး. . .

"ကဲ. . ကျွန်ုပ်တို့ အင်္ဂလန်သွားဖို့သာ မောင်ရင်ပြင်ဆင်ပေးပေတော့. . .။ တရားခံအတွက်ကတော့ စိတ်သာချ. . ."

မမိစေရဘူးဟု ကိုယ့်စိတ်ထဲ အသံမြည်လာသလို၊ သို့သော်သိကြတဲ့အတိုင်းကိုယ်ကတော့လုပ်ရိုးလုပ်စဉ် တရားခံအတွက်ကတော့ဘုရားတရားအာရုံပြု၍ကံကိုသာပုံချထားလိုက်လေတော့သတည်း။

■ ■ ■

**အင်္ဂလိပ်**စစ်သုံးလေယာဉ်ပေါ်တွင် မြန်မာပြည်မှ မဟာအကျော်ကြားဆုံးစုံထောက်ကြီး ဂျွန်ပ်အိုင်အိုဒင်းကိုကိုကြီးနှင့် တပည့်ကျော်မောင်နှင်းတို့ ခန့်ခန့်ကြီးလိုက်ပါ စီးနင်းခဲ့ရချေတော့၏။ ဂျွန်ပ်က လွန်စွာခံ့ညားထည်ဝါသော မြန်မာတိုက်ပုံနှင့်ပိုးတွဲတောင် ရှည်ပုဆိုးကို ဝတ်ဆင်ထားသော် လည်း မောင်နှင်းကတော့ အနောက်တိုင်းဝတ်စုံကို သန့်ပြန့်စွာ ဝတ်ဆင်လိုက်ပါလာလေ၏။

"အဘ"

တပည့်ကျော်၏ တိုးတိုးဖွဖွခေါ်သံကြောင့် ဝေ့ကြည့်မိ၏။

"ဟို. . . ဟိုရောက်ရင် တရားခံကို ဘယ်လိုစုံစမ်းမှာလဲဟင်"

သူ၏ကတုန်ကရင်အမေးကို ဂျွန်ပ်လည်းဟန်ပင်မဆောင်နိုင်ဘဲ သက်ပြင်းချ၍. . .

"ဒါတော့ဘယ်သိပါမလဲကွ. . . ဒီလိုပဲ မီးစင်ကြည့်ကရပေမပေါ့"

မောင်နှင်းမျက်နှာမည်းကျသွား၏။ ပြီးမှကတုန်ကရင်အသံနှင့် . .

"အင်္ဂလန်က အကျယ်ကြီးပဲလို့ ပြောတယ်နော်. . . အဘ"

ကျွန်ုပ်ဘာမှ ပြန်မပြောမိ။ အင်္ဂလန် မည်မျှကျယ်ကြောင်း ကျွန်ုပ်သိ၏။ အင်္ဂလန်နိုင်ငံမှာ လူတစ်ယောက်ရှာရန်မှာ အပ်တစ်ချောင်းရှာရတာထက် ခက်ပေဦးမည်။

"တရားခံသာမမိလို့ကတော့ ကျွန်တော်တို့ နာမည်လည်းပျက် ဘဝလည်းပျက်ပြီထင်တယ် အဘရယ်. . . အဟင့်. . ."

တပည့်ကလေး၏ ငိုသံစကားကြောင့် ကျွန်ုပ်လည်း စိတ်ညစ်နေရသည့်အချိန် သပွတ်အူကြီးမြင်ရသလို ပို၍နောက်ကျိရှုပ်ထွေးသွားရကာ။

"တယ်လေ. . မင်းပါးစပ်ပုပ်ကြီးပိတ်ထားစမ်း. . . အကုသိုလ်အကြောင်းတွေလာမပြောနဲ့. . . ဘုရားတရားသာ အာရုံပြု. . အသက်မှန်မှန်ရှူပြီ ဗုဒ္ဓံသရဏံဂစ္ဆာမိသာရွတ်နေ. . ."

ဟုခပ်ငေါက်ငေါက်ဆိုလိုက်သည်နှင့် ချက်ဆိုနားခွက်ကမီးတောက်သော ကျွန်ုပ်တပည့်လေး မောင်နှင်းမှာ လေယာဉ်ထိုင်ခုံပေါ် သူ၏ခန္ဓာကိုယ်ကို လျှော့ချလိုက်ပြီး. . .

"သေပါပြီအမေရဲ့. . . သားအတွက်ခွက်တစ်လုံးသာရှာထားပေးပါတော့ အမေရဲ့. . . ဟီး. . ."

ဟူသောငိုသံများ ကျွန်ုပ်၏ ဗုဒ္ဓံသရ ဏံဂစ္ဆာမိနှင့်အတူ ထွက်လာလေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု. . .

အဲလေ. . ဟုတ်ပေါင်. . .။

■ ■ ■

**ကျွန်ုပ်တို့**လေယာဉ်ပေါ်မှ ဆင်းသည်နှင့် မြန်မာပြည်လူစွမ်းကောင်း အိုင်အိုဒင်းကိုကိုကြီးအား ကြိုဆိုပါ၏ဟူသော စာတန်းများနှင့် ကြိုဆိုနေသူ အမြောက်အမြား တစ်ခဲနက်တွေ့နေရသည်။ ထိုသို့မြင်တော့ နဂိုကတည်းက အမြောက်ကြိုက်တဲ့ ကျွန်ုပ်နှင့် တပည့်ကျော်မောင်နှင်းလေးတို့မှာ သွေးနားထင်တက်ဆောင့်မတတ် ဖြစ်နေရလေပြီ။

ကြိုဆိုရေးအဖွဲ့ရဲ့ အကြီးအကဲက ကျွန်ုပ်၏ခံ့ညားသောရုပ်သွင်မြင်သည်နှင့် ကြွေပြင်မဆောင်နိုင်ဘဲ အပြေးကလေးလှမ်းလာပြီး

"ကြွန်ကရက်ကျူလေးရှင်းပါ အိုင်အိုဒင်းကိုကိုကြီး. . . အင်္ဂလန်နိုင်ငံထိ လာရောက်ထောက်လှမ်းပေးတဲ့အတွက် အလွန်တရာမှဝမ်းသာဂုဏ်ယူမိပါတယ်။ တရားခံဖမ်းမိဖို့အတွက်သေချာပြီလို့ ကျွန်ုပ်တို့မှတ်ထားလိုက်မယ် ကျွန်တော်တို့ဘက်ကဘာအကူအညီပေးရမယ်ဆိုတာသာပြောပါ. . ."

ဟုဆိုကာ ကျွန်ုပ်၏ပါးပိန်နှစ်ဖက်ကို ဖက်နမ်းမတတ်လော ကွတ်ပြု၏။ ထိုသူများ၏ဖြစ်နေပုံကိုကြည့်ပြီး ကျွန်ုပ်မှာလည်းနဂိုဘဝင် ရူးမို့ခါးကိုမတ်၊ လက်ကိုယှက်ပြီး လွန်စွာပီသသောအင်္ဂလိပ်စကားဖြင့်

"ဘာမှမလိုပါဘူး. . မောင်ရင်တို့အင်္ဂလိပ်သတင်းစာမှာ သာကျွန်ုပ်အိုင်အိုဒင်းကိုကိုကြီး အင်္ဂလန်ကို တရားခံဖမ်းဖို့ ရောက် လာပြီဆိုတာ လူသိရှင်ကြားကြော်ငြာပေးပါ. . ."

ကျွန်ုပ်၏တည်ကြည်ခံ့ညားသော စကားကြားသည်နှင့် အနီ ပုဂ္ဂိုလ်များ မျက်လုံးပြူးသွားပြီး. . .

"ဟင်. . . စုံထောက်က တရားခံကိုဖမ်းတာ လူမသိသူမသိ တိတ်တိတ်ကလေး စုံစမ်းပြီးဖမ်းရမှာ မဟုတ်ဘူးလား. . ."

သူတို့၏စကားကြောင့် ကျွန်ုပ်မိန့်မိန့်ကြီးပြုံးလိုက်သည်. . .။

"ဒါကအဆင့်အတန်းနိမ့်တဲ့သူခိုးကြမ်းပိုးနည်းပါ။ မောင်ရင် တို့ နည်းစနစ်နဲ့မတူဘူးလေ။ မောင်ရင်တို့ အဲဒီလိုလုပ်နေလို့ တရားခံ ကိုမမိတာ။ ကြော်ငြာရမယ်ဆိုတာ ကျွန်ုပ်တီထွင်ထားတဲ့ နည်းစနစ်အ သစ်။ အဲဒီလိုကြော်ငြာလိုက်မှ တရားခံကကြောက်ပြီး ကျွန်ုပ်ရှေ့ မှောက်ဒူးထောက်လာစေရမယ်။ မယုံရင်ကြည့်နေ. . မောင်ရင်တို့စ ကားနဲ့ပြောရင်. . . ဖိန့်. . ဖိန့်ပေါ့. . ."

အားလုံးအူကြောင်ကြောင်နဲ့ ခေါင်းညိတ်ကြသည်. . .။

"စွမ်းပေစွ. . . ဖိန့်ဖိန့်. ."

■ ■ ■

**နောက်**တစ်နေ့၌ အနီးနိုင်ငံထုတ် သတင်းစာကြီး ဆယ့်နှစ်စောင်မှာ မြန်မာပြည်မှ နိုင်ငံကျော်အလွတ်စုံထောက်ကြီး အိုင်အိုဒင်းကိုကိုကြီးမှ အသတ်ခံရသူ ရေနံသူဌေးကြီး ကောလင်းမွန်ဒီ၏ အမှုကို လိုက်လံစုံစမ်းရန် ရောက်ရှိလာပြီဖြစ်ကြောင်းနှင့်၊ မကြာခင် လူသတ်တရားခံအား ကြက်ကလေးငှက်ကလေးသဖွယ် ဖမ်းဆီးရမိတော့မည်ဖြစ်ကြောင်းကို ကျွန်ုပ်၏တည်ကြည်သော ပြုံးဖြီးဖြီးမျက်နှာနှင့် သတင်းစာ ခေါင်းကြီးပိုင်းတွင် ဖော်ပြလာပါသည်။

ထိုအချိန်ထိ ကျွန်ုပ်မှာ ကျွန်ုပ်ဖမ်းဆီးရမည့် တရားခံကို မသိသေးသည့်အပြင် မည်သို့မည်ပုံ စုံစမ်းရမည်ကိုပင် မကြံစည်တတ်သေးပေ။ ဤမျှလောက် ကြီးကျယ်သော တိုင်းပြည်ကြီးတွင် ယောင်တောင်ပေါင်တောင်နှင့် မည်သို့ရှာမည်နည်းအသင်တရားခံ။ ဒီကြားထဲ ငတိသားလဒတွေကလာပြီ။

"ဘယ့်နှယ်လဲ စုံထောက်ကျော်ကြီး တရားခံကို ဘယ်နေ့ဖမ်းမှာလဲဗျ. . ."

လုပ်ပါဦးစုံထောက်ကြီးရဲ့၊ ခင်ဗျားကြီး တရားခံကို ကြက်ကလေးငှက်လေးလို လွယ်လွယ်လေးဖမ်းပေးမယ်ဆို ဒီနေ့လားမနက်ဖြန်လားနှင့် လာလာရိကြသေး၏. . . ထိုအထဲတွင် FBI မှုစုံထောက်ကျော် (001) ဆိုသူကအဆိုးဆုံး. . .။

"လုပ်ပါဦးအဘရဲ့ ကြံစမ်းပါဦး ကျွန်ုပ်တို့ဘဝ အမြီးပေါက်ဖို့ပဲကျန်တော့တယ်ထင်တယ်။ တရားခံက ဘယ်လိုလူမှန်းမသိဘဲ ဘယ်လိုလုပ်ဖမ်းမှာလဲ. . ဟင်. . ခွက်သာဆွဲပြီးရပ်ကွက်ထဲလိုက်လည်ချင်တော့တယ်. . အဟင့်. . ဒီနည်းနဲ့ပဲ ငွေရှာတာတောင် ကောင်းဦးမယ်။ ဒီတလွဲနည်းနဲ့မှ ငွေရှာမိလေခြင်း. . . ဆရာပေါင်းများတာ ဆရာပေါင်းများတာ။ ဝိဓူရအမတ်ကြီးည်း ဒီလိုပဲ၊ ကေရဗျမင်းကြီးနဲ့ပေါင်းပြီးခံခဲ့ရတာ. . . အခုသားအလှည့်. . . အမေ့ရဲ့သားအလှည့်ဟင်း. . . ဟင်း. . ဟင်း. . ."

ကြာတော့ ကျွန်ုပ်ခမျာလည်း အသည်းမမာနိုင်တော့။ အစကတည်းက ငိုချင်ရဲ့လက်တို့ ဖြစ်နေပြီမဟုတ်လား။ ထို့ကြောင့်. . .

■ ■ ■

"ကိုင်း. . . ဒါဖြင့်လည်း လူသတ်မှုဖြစ်တဲ့ ညှော်ခံပွဲအတိုင်း ညှော်ခံပွဲကျင်းပမယ်။ အဲဒီညှော်ခံပွဲမှာ အရင်တက်ခဲ့တဲ့လူ အကုန်ပြန်ပါ ပေ့စေ၊ အဲဒီကျမှပဲ ကျွန်ုပ်တရားခံကွိခနဲဖမ်းလိုက်မယ်။ အဲဒါကို အမြန်ဆုံးသာ စီစဉ်ပေးပါတော့. . ."

ကျွန်ုပ်၏စကားကို အင်္ဂလိပ်အာဏာပိုင်များက. . .

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ကျန်တဲ့လူတွေအားလုံး ပြန်တက်လို့ရပေမယ့် ဘုရင်မကြီးကတော့ ပြန်တက်မှာ မဟုတ်ဘူး. . ."

"ဟုတ်တယ်. . . ဘုရင်မကြီးကတော့ ညှော်ခံပွဲကို ပြန်တက်မှာမဟုတ်ဘူး. . ."

ကျွန်ုပ်မှာ သက်ပြင်းချရန်သာ တတ်နိုင်တော့သည်။ ဘုရင်မကြီးကိုယ်တိုင် ညှော်ခံပွဲမတက်နိုင်ဘူးဆိုတော့ မည်သို့လုပ်မည်နည်း။ ကျွန်ုပ်အကြံအစည်အရညှော်ခံပွဲ ထပ်မံကျင်းပပါက တရားခံက ညှော်ခံပွဲသို့ ထပ်လာရဲတော့မည်မဟုတ်။ ထိုမှသာ ညှော်ခံပွဲမလာသူကို တရား

ခံအဖြစ်ဖမ်းမည်ဟု ကြံစည်ထားသည်။ အခု ဘုရင်မကြီးက ဧည့်ခံပွဲ မတက်နိုင်ဘူးဆိုတော့ အနှီဘုရင်မကြီးက တရားခံလား. . .၊ မည်သို့မှ မဖြစ်နိုင်. . ထို့ကြောင့်သာ. . .။

"အိမ်း. . သူမတက်နိုင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်ုပ်လို အမြော်အမြင်ကြီးရင့်သူကို သူတွေ့ခွင့်မကြုံလို့ပဲဆိုရမှာပေါ့။ ဒါပေမယ့် ကျန်တဲ့လူတွေတော့ စုံပေ့စေ. . ."

"ကျန်တဲ့ လူကြီးလူကောင်းတွေကလည်း ဘုရင်မကြီးဧည့်ခံပွဲမို့လာကြတာပေါ့ဗျ။ ဘုရင်မကြီးက ဧည့်ခံပွဲမတက်ရင် သူတို့ကလည်း အချိန်ကုန်ခံပြီး ဘယ်လာချင်ပါ့မလဲ. . ."

ထိုသူ၏စကားကြောင့် ကျွန်ုပ်လည်း မည်သို့မျှမကြံတတ်အောင်ရှိနေချေပြီ။ သို့သော် မတတ်သာသည့်အဆုံးတော့ ညစ်လုံးလုံး၍. . .

"ကိုင်း. . . ကျန်တဲ့လူတွေကို ဘုရင်မကြီးကိုယ်တိုင် ဒီဧည့်ခံပွဲကိုတက်မှာလို့ ကြေညာလိုက်ပေရော့. . ."

ကျွန်ုပ်၏စကားကြောင့် ကျန်သူအားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ နောက်မှ. . .

"ဟာ. . . ဘုရင်မကြီးက ဘယ်လာမှာလဲ. . ."

သူတို့၏ပွက်ပွက်ဆူစကားများကို ကျွန်ုပ်ကလက်ကာ၍တားလိုက်သည်။ ပြီးနောက် မိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

"စိတ်ချ. . ဘုရင်မကြီး ဒီဧည့်ခံပွဲကို. . . ကျွန်ုပ်ရဲ့လက်မောင်းပိန်ကိုဆွဲပြီး. . . ရောက်ကိုရောက်လာမှာပါ. . ."

"ဟင်. . ."

"အလို. . ."

ကျွန်ုပ်၏စကားကြောင့် အားလုံးမျက်လုံးဝိုင်းသွားကြသည်။ ကျွန်ုပ်ကသာ မချိပြုံးနှင့် စပ်ဖြီးဖြီး. . .

အားလုံးကျွန်ုပ်အပြုံးကိုကြည့်ပြီး သက်ပြင်းချကြသည်။ ပြီး

နောက်. . .

"အေးလေ. . ဟုတ်ရင်ဟုတ်ပေါ့. . . ဘုရင်မကြီးဒီညေ့ခံပွဲ မရောက်လို့ကတော့ စုံထောက်သောဘာသောနားမလည်ဘူး လိမ်လည်မှုနဲ့ဖမ်းချုပ်ရမှာပဲ. . ."

ဟုဆို၍ အားလုံးပြန်ထွက်သွားကြ၏. . .။

ပြန်ထွက်သွားတော့ တပည့်ကျော်မောင်နှင်းက ကတုန်ကရင်နှင့်. . .

"အဘ. . ဘုရင်မကြီးကိစ္စက ဘယ်လိုလုပ်မှာတုံး။ ဟိုက ပြောသွားတယ်၊ ဘုရင်မကြီးညေ့ခံပွဲ လာမတက်ရင် လိမ်လည်မှုနဲ့ဖမ်းချုပ်မှာ. . . တဲ့. ."

ကျွန်ုပ် ကျဉ်းမြောင်းထောင်တက်နေသော မျက်လုံးကိုမှေးစင်းလိုက်ပြီး. . .

မပူပါနဲ့တပည့်ရာ၊ ဘုရင်မကြီး အခုတင်အခန်းထဲ ရောက်နေပါပြီ. . ."

ကျွန်ုပ်၏စကားကြောင့် မောင်နှင်းလန့်ဖျပ်ကာ အခန်းထဲ ကပျာကယာဝေ့ကြည့်ရင်း. . .

"ဘယ်မှာလဲ. . . ဘယ်မှာလဲ. . . အဘ ဘုရင်မကြီးဘယ်မှာလဲ. . ."

"ဘုရင်မကြီးက မင်းပဲပေါ့ ချစ်တပည့်ရာ. . ."

"ဗျာ. . ."

ကျွန်ုပ်၏ တည်ကြည်သောစကားကြောင့် မောင်နှင်းကြောင်သွား၏. . . အတန်ကြာမှ. . .

"ကျွန်တော်. . . ကျွန်တော် ဘုရင်မကြီး ဟုတ်လား. . အဘ ကြည့်လည်းလုပ်ပါဦး. . ကျွန်. . ကျွန်တော်ကယောကျ်ားကြီးလေ. . . အဘတပည့်မောင်နှင်း. . . မောင်နှင်းလေ. . ."

သူ့ကယောင်ကတမ်းစကားကို ကျွန်ုပ်က မျက်နှာတည်လိုက်

ပြီး. . . ။

“အေး အခုတော့မောင်နှင်းပဲ. . . ဒါပေမယ့် ငါ့အတတ် ပညာနဲ့ ရုပ်ဖျက်ပေးလိုက်ရင် ဘုရင်မကြီးဖြစ်သွားပြီပေါ့. . . ”

“ဗျာ. . . ”

ကျွန်ုပ်စကားကြောင့် မောင်နှင်းကြောင်ပြီး ပါးစပ်ဟနေ၏။ ကျွန်ုပ်ကသာဆက်ပြီး. . .

“အေး. . . အဲဒီကျရင်သာ ဘုရင်မကြီး ဆတ်စလူးမထနဲ့”

ဒါကလည်း မှာဖြစ်အောင်မှာရသေးသည်။ ကိုယ့်တပည့်အကြောင်းကိုယ်သိသည်။ ဒီကောင်ကနည်းနည်းနန့်သည်။ ဆရာကောင်း တပည့်ပီသသော ယောကျ်ားဆတ်ဆလူး. . . ။

■ ■ ■

**ဧည့်ခံပွဲ** ထဲကျွန်ုပ်တို့ရောက်တော့ ရောက်ရှိနေသော ပရိသတ်များအားလုံး. . .။

"ဟင်. . ."

"ဟယ်. . ."

"အို. . ."

"အလို. . ." ဟူသော အာမေဋိတ်သံများ ဆူညံသွား၏။ မအံ့သြဘဲနေနိုင်ရိုးလား. . . ကြည့်လေ ဖြစ်နေပုံက. . .။

ကျွန်ုပ်၏လက်မောင်းပိန်ကို ကန္ဒဲ့ကလျတွဲမှီထားသော သူတို့ရဲ့ဘုရင်မကြီး။ အောင်မာ ကောင်မလေးတွေဘက်တောင် ဖလိုင်းကစ်လှမ်းလုပ်လိုက်သေး၏။ အားလုံးက ဆတ်စလူးထနေသော ဘုရင်မကြီးကိုကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေကြသည်။ ကျွန်ုပ်ကသာ အံကြိတ်သံဖြင့်. . .

"ဟော့ကောင်မောင်နှင်း ဆတ်စလူးမထနဲ့ လူတွေရိပ်မိကုန်လိမ့်မယ်. . ."

"ပိုင်ပါတယ်. . အဘရာ. . ဒီတစ်ကြောကိုတော့ မောင်နှင်း ပိုင်ပါတယ်. . . "

ဟုဆို၍ ခုန်ဆွခုန်ဆွလုပ်နေသည်။ ဟုတ်ပေသည်၊ ပရိသတ်များ ပါးစပ်အဟောင်းသားနှင့်ကြည့်နေကြသည်။ သူတို့ကြည့်နေသူမှာ ဘုရင်မကြီးအစစ်မဟုတ်ဘဲ ဘုရင်မကြီးနဲ့ ချွတ်စွပ်တူအောင် ရုပ်ဖျက်ထားသော ကျွန်ုပ်၏တစ်ဦး တည်းသောတပည့်ကျော်မောင်နှင်းမှန်းမရိပ်မိကြပါ. . .။

"ဟော့ကောင် တရားခံကဖမ်းရဦးမှာနော်. . . သိပ်နန့်မနေနဲ့"

ကျွန်ုပ်၏စကားကို ဆရာကောင်းတပည့်မို့ အကြောမာလှစွာ။

"တရားခံက အဘပဲဖမ်းလိုက်တော့အဘ။ ကျွန်တော်တော့ အခွင့်အရေးရတုန်း ဝင်ကဲလိုက်ဦးမယ်. . ရဟူး. . . "

ဆိုပြီး ကောင်မလေးတစ်သိုက်စုဝေးရာသို့ ဝတ်ထားသောစကပ်ကိုမ၍ ကွတကွတနှင့် ဒုန်းစိုင်းသွားတော့၏။ ကောင်မလေးတွေနားရောက်သည်နှင့် တွေ့ကရာကောင်မလေးကို မြန်မာအာပွားရှုလူးနည်းနှင့် ရှုးခနဲ ရှုးခနဲ ရှုလူးတော့၏။

ယခုလည်း မောင်နှင်းမှာ ဘိုမလှလှကားကားကြီးများကြားထဲ၌သူ့နှာခေါင်းတုံးတုံးကြီးဖြင့် မြန်မာအာပွားရှုလူးနည်းအတိုင်း ရှုလူးကာ အပျော်ကြီး ပျော်နေလေ တော့၏။ ကျွန်ုပ်မှာသာ ထင်ထားသည်ထက်များပြားလှသော ဝတ်ကောင်းစားလှများကိုကြည့်ကာ တရားခံကို မည်သို့မည်ပုံ ဖမ်းရမှန်းမသိဖြစ်နေရလေတော့၏။ ကြည့်လေ ညှော့ခံပွဲတက်ရောက်သူချည်း တစ်ထောင်ကျော်လောက်ရှိသည့်အပြင်၊ ညှော့ခံပွဲကိုကြိုဆို သူများ၊ စားပွဲထိုးများ တေးဂီတသမားများနှင့် ရှုပ်ယှက်ခတ်နေ၏။

ထို့အပြင် သူတို့၏ညှော့ခံပွဲမှာ မြန်မာညှော့ခံပွဲများလို စားပွဲ၊ ကုလားထိုင်နှင့် ကျင်းပခြင်းမျိုးမဟုတ်ဘဲ အားလုံးမတ်တတ်ရပ်လျက်ရှိနေကြသည့်ပြင်၊ ညှော့ခံသူများ၊ စားပွဲထိုးများက လူတွေကြားထဲ ဗန်း

များနှင့် စားသောက်စရာများထည့်ကာ လှည့်ပတ်သွားလာနေခြင်းဖြစ်၏။ ဧည့်ခံသူများ၊ စားပွဲထိုးများ ကိုယ့်ရှေ့ရောက်လာလျှင် ကိုယ်ကြိုက်တာ ကိုယ်ယူရသောစံနစ်ဖြစ်သည်။

တရားခံကို မည်သို့ခြေရာခံရမည်နည်း။ လူကြီးလူကောင်းတွေချည်းဆိုတော့ တစ်ယောက်ကိုတစ်ယောက် လက်တို့မေး၍မဖြစ်နိုင်. . .။

"ဘယ့်နှယ်လဲ စုံထောက်ကြီး. . . တရားခံကို ခြေရာခံလို့ရပြီလား. . ."

ကျွန်ုပ်၏အတွေးမဆုံးမီ နဘေးကလာကပ်မေးသော အင်္ဂလိပ်အရာရှိစကားကြောင့် ကျွန်ုပ်မှာ ပို၍စိတ်ညစ်ညူးရပြန်၏။ ထို့ကြောင့် ကျွန်ုပ်ရှေ့ဖြတ်သွားသော စားပွဲထိုးဆီမှ အရက်ခွက်တစ်ခွက်ယူကာ ဂွပ်ခနဲ မော့ချလိုက်၏။ နဂိုအားနည်း၍လားမသိ အနည်းငယ်ရီတီတီဖြစ်သွား၏။

"ခင်ဗျားတရားခံ မိမမိတော့မသိဘူး. . . ဘုရင်မကြီးက တော့ပျော်လို့ရွှင်လို့. . . ဟဲဟဲ. . ဟိုမှာကြည့်ပါလား. . ."

ဟုဆို၍ ဘုရင်မကြီးအဖြစ် သရုပ်ဆောင်ထားသော မောင်နှင်းကို လက်ညှိုးထိုးပြ၏။ သူညွှန်ပြချိန်ဝယ် မောင်နှင်းကလည်း သူ့နှာခေါင်းတုံးတုံးကြီးနှင့် ကောင်မလေးတစ်ယောက်ကို ပယ်ပယ်နယ်နယ်အာပွားရှလူးနေချိန်မို့ ကျွန်ုပ်လည်း လွန်စွာဒေါသထွက်သွားကာ အနိုင်တိထံပြေးသွားပြီး သူ၏တင်ပါးဆုံဖျားကို. . .

"အင့်ဟာ. . . အင့်ဟာ. . ."

ဆို၍ဖုန်းခနဲ ဖုန်းခနဲ နှစ်ဆင့်ကန်ထည့်လိုက်ရတော့၏။

ထိုအဖြစ်အပျက်လည်းမြင်ရော ဧည့်ခံပွဲလာ ပရိသတ်များ. .

"ဟင်. . ."

"အို. . ."

"အလို. . ."

ဟူသော အာမေဋိတ်သံများနှင့်အတူ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ ကျွန်ုပ်လည်း လွန်စွာဒေါသထွက်ရချိမ့်တကား။ ဘုရင်မကြီးကို လက်ညှိုးငေါက်ငေါက်ထိုး၍. . .

"နင်. . . နင်အတော်နန့်နေတယ် ဟုတ်လား. . ."

ကျွန်ုပ်၏ဒေါသတကြီးစကားကို ဘုရင်မကြီးအဖြစ်သရုပ်ဆောင်ထားသော မောင်နှင်းကလည်း သူ့ခါးတုတ်တုတ်ပေါ် လက်တင်၍. . .

"နန့်တယ်လေ နန့်တယ်. . . နန့်ခွင့်ရလို့ နန့်တယ်. . ဘာဖြစ်လဲ. . ."

သူ့စကားကြားတော့ ကျွန်ုပ်လည်း ဒေါသအထွတ်အထိပ်ရောက်သွားရကာ. . .

"အောင်မာ. . နင်ကများ ငါ့ကို. . . ကဲဟာ ကဲဟာ. . ."

"ဖုန်း. . . ဖုန်း. . ."

ဟိုဆို၍ သူ၏မြီးညှောင့်ရိုးကို ကျွန်ုပ်၏ခြေမျက်စိနှင့် နှစ်ချက်ဆင့်တင်ပေးလိုက်၏။ ကျွန်ုပ်နှင့်မောင်နှင်း၏အဖြစ်ကိုကြည့်ရင်း ဧည့်ခံပွဲလာပရိသတ်များအားလုံး ကြက်သေသေနေကြသည်။

ကျွန်ုပ်၏ဒေါသတကြီးအပြုအမူကိုလည်းတွေ့ရော နဘေးနားကသက်တော်စောင့်များအပြေးအလွှား ကျွန်ုပ်တို့အနားရောက်လာ၏။ ဒါကိုအကင်းပါးသော မောင်နှင်းကလက်ကာပြလိုက်ပြီး လွန်စွာပီသသော အင်္ဂလိပ်မိးကျိုးမောင်းပျက်စကားဖြင့်. . .

"နေကြပါ. . . နေကြပါ. . . ဘုရင်မကြီးရဲ့စကပ်ကြားတောက်တဲ့တွယ်နေလို့ သူဝင်ရှင်းပေးတာပါ၊ သူ့ကိုဘာမှ အပြစ်မပေးကြပါနဲ့. . ."

ဟုဆို၍တားလိုက်၏။ နောက်အခွင့်အရေးရတုန်းမို့လားမသိ၊ ရင်ကိုကော့၍. . .

"သို့ပေမင့် အနှီစုံထောက်ကို ဘုရင်မကြီးနားမကပ်နိုင်

အောင် ခပ်လှမ်းလှမ်းချောင်တစ်ချောင်မှာ နေရာချထားပေးလိုက်ပါ သူကြိုက်တဲ့ အစားအသောက်တွေပါ စီစဉ်ပေးလိုက်ပါ. . .”

ဟုဆိုရင်း ထီမထင်တဲ့ဟန်နဲ့ ဘိုမတစ်ယောက်ဘက်လှည့်၍ ရှုလွတ်ခနဲ အာပွားရှုလူးလိုက်၏။ မြိန်ဘိတောင်း၊ အောင်သံမြည်ဘိ တောင်း။ ကျွန်ုပ်လည်းလွန်စွာဒေါသထွက်ရတကား။ သူ၏နားအုံကို ခပ်ဆတ် ဆတ်နှစ်ချက်ဆင့်တွယ်ရန် လက်အဆန့် ဘုရင်မသက်တော် စောင့်များကကျွန်ုပ်အား လျှင်မီအောင်လှမ်းဆွဲရင်း လေးယောက် ခန့်ဝိုင်းချုပ်ကာ ဘုရင်မကြီးနဲ့ဝေးရာသို့ ဒရွတ်တိုက်ဆွဲခေါ် သွားကြ လေတော့၏။

နောက်လွန်စွာချောင်ကျသော စားပွဲတစ်ခုရဲ့ ထိုင်ခုံတစ်လုံး ပေါ်ပစ်တင်လိုက်ပြီး အားလုံးပြန်လှည့်ထွက်သွားကြ၏။

ကျွန်ုပ်မှာ တရားခံဖမ်းမမိနိုင်သည်ကတစ်ကြောင်း တပည့် ကျော်မောင်နှင်းကမြင်းပုံကို အမြင်ကတ်လှသည်က တစ်ကြောင်း ကြောင့် ခေါင်းအခြောက်ကြီးခြောက်မည်သို့လုပ်ရမှန်းမသိဖြစ်လာ၏။ ထို့ကြောင့် စိတ်ညစ်ညျုးသူ တို့ဖြစ်နေကျ ထုံးစံနိသယအတိုင်း လာသ မျှ စားပွဲထိုးများထံမှ အရက်ကို တစ်ခွက်ပြီးတစ်ခွက် ယူ၍သာမော့နေ မိ၏။

ပင်ကိုအားနည်းနေသူမို့ နှစ်ခွက်သုံးခွက်သောက်ပြီးသည် နှင့် လူကအတော်ကို မူးနေပြီ။ ယမကာကမူးနေပေမယ့် တစ်ရပ်တစ်ကျေး မှ တလေးတစားဖိတ်ခေါ်ပြီး တရားခံမဖမ်းနိုင်ရင် ကွဲမည့်အရှက်အ တွက် ရှိန်းတိန်းဖိန်းတိန်းဖြစ်နေသည်ကမပျောက်။ ထို့ကြောင့် ထိုအ ရှက်အတွက် အခွက်ပိုသာသောက်သုံးကာနေတော့သည်။

စဉ်းစားကြည့်လေ သူတစ်ပါးနိုင်ငံလာပြီး သတင်းစာမှာ ပိုင် ပိုင်ကြီးကြော်ငြာပြီး တရားခံကိုမိအောင်ဖမ်းမယ်ဆို သောစုံထောက် ဘယ်ဘဝတုံးကပေါ်ဖူးခဲ့၍နည်း။ အခုတော့ ကိုယ်ဘာသာကိုယ် ဆတ်ဆော့ပါးစပ်ချောင်ပြီး ကြော်ငြာခိုင်းပြီး အပီအပြင် ဖမ်းပြမယ်

ဆိုပြီး ကြုံးဝါးခဲ့ပြီးမှ ဘယ်ဟာတရားခံမှန်းမသိတဲ့ဘဝ မည်သို့လုပ်ရမည်နည်း။

"တောက်. . ."

အေးလေ. . . ကိုယ့်ကိုယ်ကအငြိမ်မနေနိုင် ဆတ်စလူးထ ပြီး ဘယ်ကဲ့သို့ ဘယ်ချမ်းသာကြော်ငြာပြီးကာမှ အရှက်ဖြန်းဖြန်းခွမ်းခန်ကွဲရမည့်ဘဝ. . .။

တွေးလေ တွေးလေ အရှက်သည်းလေ၊ အရှက်သည်းလေ ပိုသောက် မိလေနှင့် ခေါင်းတောင်ကောင်းကောင်းမထောင်နိုင်တော့၊ တရားခံမပြောနဲ့ လူတွေပင်ဝေဝေဝါးဝါးသာမြင်ရတော့လောက် အောင်မူးနေပြီ။ သည်ကြားထဲ မူးနေပါတယ် ဆိုမှ ဖျော်ဖြေရေးအဖွဲ့မှ တယော သမားတစ်ယောက်က သူ၏ပြောင်မြောက်လှသော တယောသံနှင့် လာချော့သိပ်နေသေး၏။

တဖြည်းဖြည်း မျက်လုံးများစင်းကျလာ၏။ သတိရှိစွာခေါင်းကိုပြန်မတ်လိုက်သည်။ ပြီးနောက် တရားခံတွေလို့တွေ့ငြား ပတ်ဝန်းကျင်ကို ဝေ့ရှာလိုက်သည်။ တရားခံဆိုတာ ချိုနဲ့မဟုတ်တာ အတော်ဆိုးတယ်။ တရားခံမဆိုထားနှင့် လူလုံးသော်မှမကွဲတော့။ 'အီ အီအီအီ' တယောနွဲ့သံကြားတော့ တဖြည်းဖြည်းမျက်လုံးပြန်စင်း၍ ပြန်ငိုက်လာ၏။ ရလို့ရငြား ခါးကိုပြန်မတ်ကြည့်သည်။ ခဏသာ။ လူကသာမတ်နေသော်လည်း မျက်လုံးကဖွင့်မရ။ တယောသံကအီနေ၏။ ခေါင်းက တဖြည်းဖြည်း အရှေ့ကျလာသည်။

ထိုစဉ်. . .

လည်ပင်းနေရာမှာ အေးခနဲအထိအတွေ့. . .။ ရုတ်ခြည်းနှာဝသို့တိုးဝင်လာသော အရက်ပြန်နံ့. . .။ ကျွန်ုပ်သတိရှိစွာ ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်သည်။ နဘေးနားမည်သူမှမရှိ။ ကျွန်ုပ်နှင့်တယောဆရာနှစ်ယောက်တည်း။ တယောဆရာကတော့ သူ့မြူးဇစ်ပေါ် သူစျာန်ဝင်စားနေသည်။ အကြောင်းမဲ့ ကျွန်ုပ်ကိုအရက်ပြန်နှင့်မပွတ်

လောက်။

ဒါဆို ကျွန်ုပ်လည်ပင်းကို အရက်ပြန်နှင့်ပွတ်တာ မည်သူ နည်း။ နဘေးနားလှည့်ကြည့်တော့လည်း ဖြတ်သွားဖြတ်လာစားပွဲထိုးမိန်းကလေးများသာ။ ကျွန်ုပ်ထိုင်နေသည့် မနီးမဝေးတွင်တော့ လက်ထဲကစက္ကူလုံးလေးတွေနှင့် တွေ့ကရာလူကို လိုက်ပေါက်နေ သော ကလေးငယ်တစ်ယောက်။ ကျွန်ုပ်ကြည့်နေတာမြင်တော့ ကျွန်ုပ်အားလှည့်ပြောင်ပြသည်။ ကလေးငယ်၏အပြုအမူကြောင့် ကျွန်ုပ်ပြုံးလိုက်မိသည်။ ကျွန်ုပ်အား အရက်ပြန်နှင့်ပွတ်သူကား ဤကလေးသာဖြစ်နိုင်၏။ လူကြီးများကတော့ အားအားယားယား မည်သူမှလိုက်ပွတ်မည်မဟုတ်။ ကျွန်ုပ်လည်း စိတ်အေးချမ်းသာစွာ အရက်နောက်တစ်ခွက်ကိုယူ၍ ဂွပ်ခနဲမော့ချလိုက်သည်။

"ဟား. . ."

ယမကာက ရင်ဝမှာပူဆင်း၍ ဝမ်းဗိုက်အတွင်းမွှေ့နေ၏။ ပြီးနောက် အတွင်းမှ အပူရှိန်များသယ်ဆောင်လာပြီး နားထင်ပေါ်သို့ပြန်တက်လာ၏။ ရုတ်ခြည်းပင် ခုနကအမူးရှိန်ထက် မလျှော့သောမူးခြင်းမျိုး ခေါင်းထဲတွင်ပြန်ခံစားလာရ၏။ နောက်နဘေးမှ တယောသံတအီအီနှင့်ဆိုတော့ မျက်လုံးများ သူ့အလိုလိုပြန်လည်မှေးစင်းလာ၏။ ဦးခေါင်းကလည်း ရှေ့တိုးနောက်ငင်နှင့်မို့ ဘယ်ဘက်ကို ဦးစိုက်ကျသွားမည်ကို ကိုယ်တိုင်ပင်မသိတော့။

ထိုစဉ်. . .

လည်ပင်းကိုလာထိသော အေးခနဲအထိအတွေ့. . .။ ရုတ်ခြည်းသင်းပျံ့လာသော အရက်ပြန်နံ့။ ကျွန်ုပ်မျက်လုံးဖွင့်မကြည့်တော့။ ခုနက ကလေးလေးစက္ကူလုံးနှင့် ထပ်ပေါက်နေပြီသိ၍ အသာငြိမ်နေလိုက်သည်။ သို့သော် ထိုသို့မဟုတ်. . .။ ထပ်ဆင့်၍ ကျွန်ုပ်၏လည်ကုတ်ပေါ်လာစင်သောရေစက်တချို့။ ကျွန်ုပ်လည်း ထူးထူးဆန်း ဆန်းအဖြစ်အပျက်မို့ မျက်လုံးဖွင့်ကြည့်ရန် ငိုက်နေသောခန္ဓာကိုယ်ကို

မတ်လိုက်ရာ. . .။

"ဒုတ်"

"ဟာ"

ကျွန်ုပ်၏စားပွဲပေါ်တွင် လာစိုက်နေသော အပ်တစ်ချောင်း။ ကျွန်ုပ်ခေါင်းမတ်လိုက်သည်မှာ တမင်သိ၍ရှောင်တိမ်းလိုက်သလို ဖြစ်သွားပြီး၊ ခုနက ကျွန်ုပ်ခေါင်းငိုက်ကျနေသော နေရာတည့်တည့်တွင် လာစိုက်နေသော အပ်တစ်ချောင်း။ အပ်၏အနောက်မှာမူ သေချာတပ်ဆင်ထားသောတယောဘိုးတံ။

ကျွန်ုပ်ကြည့်လိုက်တော့ ခုနက ကျွန်ုပ်နံဘေးတွင် တယောနှင့်ထိုင်အီနေသော တယောသမားလေး။ စားပွဲတွင်စိုက်နေသော ဆေးထိုးအပ်နှင့် ဘိုးတံကို အသည်းအသန်ပြန်ဆွဲနုတ်နေ၏။

"လူသတ်သမား. . ."

ကျွန်ုပ်၏ခေါင်းထဲတွင် ဝင်းခနဲလက်ခနဲဖြစ်သွားသည်။

ကျွန်ုပ်လည်းရရှိသော အခွင့်အရေးကို လက်လွတ်မခံဘဲ ထိုသူငယ်စားပွဲပေါ်ကအပ်ကို ပြန်ဆွဲမနုတ်နိုင်မီ ဝုန်းခနဲထလုံးလိုက်သည်။ ထို့နောက် ကျွန်ုပ်ကိုယုံကြည်ကြသောလူများက. . .။

"ဟာ. . . ဟိုမှာ. . . ဟိုအဘိုးကြီး မူးပြီးသောင်းကျန်းနေ ပြီ. . . ဝင်ထိန်းကြဦး. . ."

ဆိုပြီး ကျွန်ုပ်ဆီပြေးလာကြပြီး အတင်းလာဝင်လုံးကြ၏။ ကျွန်ုပ်လည်း သူတို့လက်က အတင်းရုန်းကန်ပြီး . . .

"အဲဒီကောင်ကိုဖမ်း. . . အဲဒီကောင်ကိုဖမ်း. . ."

ဟု သံကုန်ခြစ်အော်လိုက်မိသည်။ ဒါကိုတောင် အလိုက်မသိသော ငတိများက. . .

"ဟာ. . . ဘာလို့ဖမ်းရမှာလဲ. . . ခင်ဗျားကြီးကသာအသက်ကြီးကြီးနဲ့ အနိုင်ကျင့်သေးတယ်၊ ပြီးတော့ သူ့ကိုလည်းပြန်ဖမ်းခိုင်းသေးတယ်။ ဒါတော့ မတရားဘူး. . ."

ဟုဆို၍ ကျွန်ုပ်ကိုသာ အတင်းဝိုင်းချုပ်ထားကြ၏။ ကျွန်ုပ်လည်း မိပြီးသားငါးရံ့ကို ပြန်မလွှတ်စေချင်သောဆန္ဒဖြင့် . . .

"ဘာအနိုင်ကျင့်ရမှာလဲကွ . . . အဲဒါတရားခံ . . . လူသတ်တရားခံ . . ."

"ဟာ . . ."

"ဟင် . . ."

"အလို . . ."

ကျွန်ုပ်၏အော်သံကြောင့် အားလုံးအံ့အားသင့်သွားကြသည်။ အားလုံးကြောင်ငေးနေစဉ် အခွင့်ကောင်းယူ၍ လူသတ်သမားက လှည့်အပြေး . . .။

"ဒုတ် . . ."

"အင့် . . ."

အသံကနှစ်သံ၊ တစ်သံက တစ်စုံတစ်ခုနှင့်တိုက်မိသောအသံ၊ နောက်တစ်သံက မခံမရပ်နိုင်၍ ရင်ခေါင်းထဲမှ ထွက်ကျလာသောအသံ . . .။

တိုက်မိသူက ဘုရင်မကြီးဝတ်စုံနှင့် မောင်နှင်း၊ လဲကျသွား သူက လူသတ်တရားခံ . . .။

"ဟေ့ကောင် . . . အဲဒီကောင်ကို ဖမ်းထားလိုက် . . ."

ကျွန်ုပ်၏အော်သံ၊ မောင်နှင်းက . . .

" Yes အဘ "

ဟုဆို၍ သူ၏စကပ်ကိုလှန်တင်လိုက်ရာ . . .။

"ဟာ . . . ဘာကောင်ကြီး . . ."

"ဟင် . . . ဘာကြီးလဲဟ . . ."

"အလို . . . ဘယ်လိုပါလိမ့် . . ."

'ဟား . . . ပြောင်လက်နေတာပဲ . . ."

ဟူသော အာမေဋိတ်သံများ ဆူညံသွား၏။ မိတ်ဆွေ တ

ခြားမတွေးပါနှင့်။ အားလုံးမောင်နှင်းစကပ်ကြားတွင် ဝှက်ယူလာသော လက်ထိတ်ကို မြင်သွားကြ၍ဖြစ်သည်။ ထိုလက်ထိတ်နှင့်ပင် မောင်နှင်းက တရားခံ၏ လက်တစ်ဖက်ခြေတစ်ဖက်ကို ဂွပ်ခနဲခတ်ချလိုက်၏။

ထိုတော့မှ အားလုံးက တရားခံတယောသမားလေးကို တအံ့တသြဝိုင်းကြည့်ကြသည်။

"ကိုင်း. . . တယောသမားလေး. . . မင်းရေနံသူဌေးကြီးကောလင်းမွန်ဒီကို သတ်ရတဲ့အကြောင်းအရင်းကို ပြောပြလိုက်. . ."

ကျွန်ုပ်၏စကားကို တယောသမားလေးကပြုံး၍. . .

"တော်ပါပေတယ် အိုင်အိုဒင်းကိုကိုကြီး. . . မစ္စတာ ကောလင်းမွန်ဒီကို သတ်ခဲ့တာ ကျုပ်ပါပဲ. . ."

"ဟာ. . ."

"ဟင်. . ."

"အလို. . ."

"သူသတ်တာတဲ့. . ."

အာမေဋိတ်သံများ။ ကျွန်ုပ်လည်း ပြောသမျှဒက်ထိမှန်သွားသောကြောင့် ရင်ကိုကော့ထားလိုက်၏။ လူငယ်ကသာဆက်၍. . .

"မစ္စတာကောလင်းမွန်ဒီကိုလည်း ကျုပ်ဒီလိုပဲ တယောဘိုးတံထဲ အဆိပ်ဆေးထိုးအပ်ထည့်ပြီး လူလစ်ချိန်မှာ ထိုးသတ်ခဲ့တာပါ။ အခုလည်း ဒီစုံထောက်အဘိုးကြီးကို ကျုပ်တို့အမှုမစုံစမ်းနိုင်အောင် ကျုပ်ထပ်ပြီး လုပ်ကြံတာပါ. . ."

သူ့စကားကို ကျွန်ုပ်မိန့်မိန့်ကြီးပြုံးပြီး. . .

"ဒါပေမယ်. . မအောင်မြင်ဘူးမဟုတ်လား. ."

ကျွန်ုပ်စကားကို လူငယ်က မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

"ဘယ်အောင်မြင်မှာလဲဗျာ. . . ခင်ဗျားကြီးက မူးပြီးယိုင်နေတော့ ကျုပ်ကအပ်နဲ့ ဘယ်လိုထိုးရမှာလဲ. . .။ အရှေ့ဘက်ပဲ မှောက်လဲတော့မလို၊ အနောက်ဘက်ပဲလန်လဲတော့မလိုနဲ့ ကျုပ်အပ်က

ဘယ်လိုမှချိန်လို့မရဘူး။ တယောထိုးချင်ယောင်ဆောင်ရတာ လက်အံ့ပါသေတယ်. . .”

“ဒါနဲ့ ကျုပ်လည်ပင်းကို အရက်ပြန်ဆွတ်တာ”

“ကျုပ်ဆွတ်တာပဲ. . .”

“ဘာဖြစ်လို့ အရက်ပြန်ဆွတ်တာလဲဟင်”

ကျွန်ုပ်၏ဇဝေဇဝါအမေးကို လူရွယ်က. . .

“ခင်ဗျားကြီးကိုထိုးပြီးရင် ကျုပ်အပ်မသန့်မှစိုးလို့ဗျ၊ အပ်မသန့်တော့မှာစိုးလို့. . . ဒါကြောင့် အပ်သန့်အောင် ခင်ဗျားလည်ပင်းကို အရက်ပြန်ဆွတ်တာ။ တကတည်း. . . အရက်ပြန်ဆွတ်ပြီး အပ်ထဲလေမခိုအောင် အရည်နည်းနည်းညှစ်ချရုံရှိသေးတယ်၊ ပက်လက်ကလန်သွားရော. . .”

သူ့အဖြေစကားကြောင့် နဘေးနားကလူများ ဝိုင်းရယ်ကြသည်။ ဟုတ်ပေလိမ့်မည်။ ဒါကြောင့် ကျွန်ုပ်လည်ပင်းမှာ အရက်ပြန်နံ့ရ၍ ရေလာစဉ်တာဖြစ်ပေလိမ့်မည်။

“ဒါနဲ့ မင်းကဘာဖြစ်လို့ ဒီလူကိုမှရွေးသတ်ရတာလဲ. . .”

သူ့ဆီက မြန်မာ့သယံဇာတဖြစ်တဲ့ ပြည်တန်ပတ္တမြားငမောက်ကိုလိုချင်လို့. . .”

“ဟင်. . .”

“ဟာ. . .”

“အလို. . .”

ပတ္တမြားငမောက်တဲ့. . .။

အာမေဋိတ်သံများ ဆူညံသွားပြန်၏။ ကျွန်ုပ်ကသာ သိလိုစိတ်ဖြင့်. . .

“ဒါ. . . ဒါဖြင့် မင်းက. . . မြန်မာလူမျိုးပဲပေါ့. . .”

ကျွန်ုပ်၏အမေးကို လူငယ်ကဖြည်းညင်းစွာခေါင်းညိတ်လိုက်ပြီး လွန်စွာပီသသော မြန်မာစကားဖြင့်. . .

"ဟုတ်တယ်. . . ကျုပ်မြန်မာလူမျိုးပဲ. . နာမည်က ဖီလိုဆို ဖာမောင်မြယာ. . ."

"ဟာ. . ."

ထိုတော့မှ ကျွန်ုပ်လည်း ဤသူငယ်ကိုကောင်းစွာမှတ်မိတော့၏။ ဤသူငယ်မှာ ကျွန်ုပ်တစ်ခါက အင်းစိန်ထောင်ထဲ ဖမ်းထည့်ခဲ့ဖူးသူပေပဲ. . .။ သူ၏ဆရာ ဖီလိုဆိုဖီမောင်ပါစီကတော့ ယခုအချိန်ထိ အင်းစိန်ထောင်ထဲမှာ. . .

"ဒါဆို ဒီကိစ္စကိုဆောင်ရွက်ဖို့ မင်းကိုခိုင်းလိုက်သူက. . ."

ကျွန်ုပ်၏အမေးကို လူရွယ်မှ တစ်လုံးချင်းပြန်ဖြေပေးလိုက်သည်မှာ. . .။

"သောကြာကောင်ကောင်. . ."

ကျွန်ုပ်လည်း ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့်သာ သူငယ်ကိုငေးကြည့်နေမိတော့၏။ အတန်ငယ်ကြာမှာ သတိရပြီး

"ဒါဆို သောကြာကောင်ကောင်ကရော. . ."

"သူ. . ပတ္တမြားငမောက်ကိုယူပြီး မြန်မာပြည်ပြန်သွားပြီ။ ကျုပ်ကသာ မြန်မာပြည်ကိုပြန်ရောက်ရင် ခင်ဗျားကြီးမစုံစမ်းနိုင်အောင် အပျောက်ဖျောက်ဖို့ ကျန်ခဲ့တာ. . ."

ကျွန်ုပ်မှာ မည်သို့မည်ပုံပြောရမှန်းပင်မသိတော့။ တရားခံမိသော်ငြားလည်း အမှုကမပြီးသေး။ သောကြာကောင်ကောင်နောက် ဆက်လိုက်ရပေဦးမည်။

"ကဲ. . တရားခံမိပြီဆိုတော့ အဘတို့ကိုပြန်ပို့ဖို့ စီစဉ်ရဦးမယ် ဒီတရားခံကိုတော့ ဥပဒေအရ ကျွန်တော်တို့ပဲ ဆက်လက်ဆောင်ရွက်သွားပါမယ်။ နောက်တရားခံလာဖမ်းတဲ့ အဘတို့ကိုလည်း ဥပဒေအရ စီရင်စရာရှိသေးတယ်. . ."

အင်္ဂလိပ်အာဏာပိုင်၏စကားကြောင့် ကျွန်ုပ်လန့်သွားရ၏။

"ကျုပ်တို့ကို ဘယ်လိုဥပဒေအရ စီရင်ရမှာလဲ. . ."

အင်္ဂလိပ်အာဏာပိုင်ကသက်ပြင်းချသည်၊ ပြီးမှ ခပ်ဖွဖွပြုံးပြီး

"ကျုပ်တို့ဘုရင်မကြီးကို လူကြားထဲ ဖင်နှစ်ချက်ပိတ်ကန်လို့"

"အန်. . ."

ကျွန်ုပ်အလန့်တကြားလှည့်ကြည့်လိုက်တော့ ဘုရင်မဝတ်စုံနှင့်မောင်နှင်း. . . မျက်လုံးလေးပေကလပ်ပေကလပ်နှင့်. . .။ အခုချိန်ကျမှ ဘုရင်မကြီးမဟုတ်ပါဘူးလို့ မပြောရဲ။ သူတို့သိသွားရင် လိမ်လည်မှုနဲ့ တရားအစွဲခံနေရဦးမယ်. .။

ထို့ကြောင့်. . .။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး တစ်နှစ်ခန့်အကြာ. . .

မိတ်ဆွေ အာဖရိကတောကြီးထဲကို ဖြတ်သွားနေသော လူနှစ်ယောက်ကိုမြင်ဖူးပါသလား။ တစ်ယောက်က အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော အဘိုးအိုတစ်ဦးဖြစ်ပြီး တစ်ယောက်မှာ ငယ်ရွယ်သန်မာသေးသော အရွယ်တော်လူရွယ်တစ်ဦးပင်ဖြစ်၏။ သူတို့နှစ်ယောက်သည်တောကြီးမျက်မည်းထဲ မြွေမကြောက်ကင်းမကြောက်၊ ကျားခြင်္သေ့မကြောက် တလျှောက်ထဲလျှောက်နေသည့်အပြင် အဘိုးကြီး၏ပါးစပ်မှလည်း. . .

"ငါပြောတယ် ဟိုရောက်ရင် ဆတ်ဆလူးမထနဲ့ ငြိမ်ငြိမ်နေ တရားခံလည်းမိအောင်ဖမ်းပေးရဦးမယ်. . .။ အလုပ်ကိုအာရုံစိုက်၊ ကိုင်း. . . မင်းဆတ်စလူးထတော့ ငါကဖင်ပိတ်ကန်မိပြီ၊ အခုဖင်ပိတ်ကန်မိလို့တဲ့ အပြန်အတွက်ဘာမှ စီစဉ်မပေးလို့ အင်္ဂလန်ကနေ မြန်မာပြည်ထိလမ်းလျှောက်ပြန်ရပြီ. .။ ကိုင်း. . အခုဘယ့်နှယ်လုပ်မှာတုံး ငါ့ခေါင်းတောင် မြန်မာပြည်မှာမြေချဖို့ မိပါ့မလားမသိဘူး. . ."

စသည်ဖြင့် ဆူညံနေလေ၏။

ထိုနှစ်ယောက်ကိုရောသိကြလားမိတ်ဆွေ အသေချာကြည့် ပါ။ မှတ်မိလျှင် စုတ်ပြတ်ပေရေနေသော အင်္ကျီအဝတ်အစားများနှင့်

ပေရေညစ်တူးနေသော ချေးညော်များကိုဖယ်၍မိတ်ဆွေတို့နှုတ်မှ၊ ထိုအမည်နှစ်ခုကို ရွတ်ကြည့်လိုက်ပါ။ သူတို့လှည့်ကြည့်ပါလိမ့်မည်. . .။

လေးစားစွာကြိုးစားလျက်

အကြည်တော်

